www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၄၀၆၀၄၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၄၂၃၀၄၁၁ |
| မျက်နှာဖုံးဒီဇိုင်း | - Lလင်း |
| ထုတ်ဝေသူ | - ဒေါ်ခင်မာရီ(ပန်းဝေဝေ စာပေ) အမှတ်(၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဒေါ်နီနီခိုင် (၀၇၁၃၅) သီရိမေရောင်စုံပုံနှိပ်တိုက် အမှတ်(၁၉)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - Thirimay Binding |
| ကွန်ပျူတာစာစီ | - (Asia Glory) |
| ပုံနှိပ်ခြင်း | - ၂၀၁၁ ခုနှစ်၊ မေလ (ပထမအကြိမ်) |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၅၀ ကျပ် |

၈၉၅.၈၃

မှုပိုင်နှင်းဆီ

ဘဝသောင်ယံကမ်းစပ်လှိုင်းထန်/မှုပိုင်နှင်းဆီ–ရန်ကုန်

ပန်းဝေဝေ စာပေ၊ ၂၀၁၁

၂၁၂ စာ၊ အလျား ၁၂.၇ စင်တီ၊ အမြင့် ၁၇.၈ စင်တီ

(၁) ဘဝသောင်ယံကမ်းစပ်လှိုင်းထန်


www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

Please may I go out

ဘာမှန်းမသိပေမယ့်

ငယ်ငယ်တုန်းက

အပြင်ထွက်ချင်တဲ့အခါ

တွင်တွင် သုံးခဲ့ဖူးတယ်. . .

အခု. .

အိုင်းရစ် အပြင်ထွက်ချင်နေတယ်. . .

ဘယ်သူကမှ ခွင့်မပြုကြဘူး. . .

ဆောင်းညပြာသို့စာလေ

www.burmeseclassic.com

www.burmeseclassic.com

ညရဲ့မီးရောင်တွေက မှိန်ပျပျ မဟုတ်ဘူး. . ထိန်ပြီး လင်းနေတာ တစ်မြို့လုံးပဲ။

အချိန်နဲ့ကြည့်ရင် ည တစ်နာရီပေါ့. . . တစ်ခု ဝမ်းနည်းစရာကောင်းတာက ဒီမြို့ဟာ အိုင်းရစ် သွားချင်တဲ့မြို့မဟုတ်ဘူး။ ဒီနိုင်ငံဟာလည်း အိုင်းရစ် ပျော်မွေ့တဲ့နိုင်ငံ မဟုတ်ပါဘူး. . .

အိုင်းရစ် နေခဲ့ဖူးတဲ့. . ပင်လယ်ကမ်းစပ်က ရဲတိုက်ကြီးကို လွမ်းနေတုန်းပါ ဒယ်ဒီရယ်. . .

ဒါပေမယ့် အိုင်းရစ်ဟာ ဒီနေရာ၊ ဒီအရပ်တွေကို ဘယ်တော့မှ ပြန်လာနိုင်မှာ မဟုတ်တော့ဘူး။

သကြန်မှာပွင့်တဲ့ ပိတောက်ပန်းလေးတွေကို အိုင်းရစ် ချစ်တယ်။ ပင်လယ်ကမ်းစပ်မှာ စွန်လွှတ်ရတဲ့ အရသာကိုလည်း. . . အိုင်းရစ် မြတ်နိုးတယ်။

ဆောင်းညပြာသီစာပေ



ဒီထက်ပိုပြီး တမ်းတမိတာက ကြီးမေရဲ့လက်ရာ မြန်မာထမင်းဟင်းတွေပေါ့. . .

အိုင်းရစ်ဟာ 'Amarin Hotel'ရှေ့မှာ စည်ကားနေတဲ့ မြင်ကွင်းတွေ၊ လှုပ်ရှားနေတဲ့ ပုံရိပ်တွေကိုကြည့်ပြီး ရင်ထဲတွင် ဆို့လာသည်။

အဲဒီလူတွေထဲမှာ မြန်မာမိသားစုတွေ ပါမှာပဲ. . ဆိုသည့် အတွေးက သူ့ကို ကြီးမားစွာ နှိပ်စက်နေသည်။

အိုင်းရစ်ဘဝက ရော်ရွက်ဝါလေးတစ်ရွက်လိုပဲ. . လေနှင်ရာ လွင့်ပါရင်း. . .

နည်းနည်းလေးဖြစ်ဖြစ် စိတ်ရဲ့ထွက်ပေါက်အဖြစ် ရောက်တဲ့နေရာမှာ လွတ်လွတ်လပ်လပ်သွားလာလှုပ်ရှားနေတဲ့ ပုံရိပ်တွေကို ငေးကြည့်ရင်း ဘဝရဲ့ဒဏ်ရာဒဏ်ချက်တွေကို ခဏလောက်မေ့ကြည့်မိသည်။

အိုင်းရစ်ဘဝရဲ့ကံကြမ္မာက ထူးဆန်းတယ်။ သိပ်ကို ထူးဆန်းပါတယ်။ မွေးကတည်းက စိတ်ကူးယဉ်ဆန်တဲ့ဖြစ်ရပ်ဆန်းတွေနဲ့ စတင်ခဲ့လို့ အများအမြင်မှာ ထူးခြားဆန်းကြယ်တဲ့ ကောင်မလေးတစ်ယောက်အဖြစ် သတ်မှတ်ခြင်းကို ခံခဲ့ရသူပါ။

ဆောင်းညပြာသီစာပေ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လူတွေ. . လူတွေရဲ့ မျက်လုံးစိမ်းစိမ်းတွေနဲ့ စပ်စပ်စုစုကြည့်တတ်တဲ့ အကြည့်တွေကို ငယ်ငယ်လေးကတည်းက အိုင်းရစ် မုန်းခဲ့တာပါ။

အိုင်းရစ်တိမ်ပြာ ဆိုတဲ့ သူမဟာလည်း လူတွေထဲက လူတစ်ယောက်ပဲ မဟုတ်လား. . ခါးသီးစရာကောင်းအောင် ဘာများမှားနေလို့လဲ. . .

အဲဒီတုန်းကတော့ ငယ်ရွယ်တဲ့ ကလေးစိတ်နဲ့ အရွဲ့တိုက်ချင်ခဲ့တာပေါ့. .

တစ်ခုခုမှားယွင်းနေတာ တိတိပပသိရရင်တော့ အမှန်ပြင်ဖို့ မခဲယဉ်းဘူးလို့ အိုင်းရစ် ထင်ခဲ့သည်။

ဒါပေမယ့်. . ခုချိန်ထိတော့ အိုင်းရစ် ဘာတစ်ခုမှ အမှားမလုပ်ခဲ့ပါဘူး။ ဒါကြောင့် ဘာမှားနေလဲဆိုတာကိုလည်း မသိနိုင်တော့ဘူး. .

အိုင်းရစ် သိတာတစ်ခုက နွေးထွေးမှုတွေ ပျောက်ဆုံးနေသည်။ မိသားစု၊ ပတ်ဝန်းကျင်၊ အားလုံး. . အားလုံးရဲ့နွေးထွေးမှုမေတ္တာတရားကို မခံစားခဲ့ရတာ နှစ်နဲ့တွက်ရင် ဆယ့်ငါးနှစ်တောင်စွန်းလာပြီပဲ. . .

ဆောင်းညပြာသိစာလေ



ကိုယ့်လူမျိုးမဟုတ်တဲ့ သူစိမ်းတွေအလယ်မှာ ဝမ်းနည်းတဲ့စိတ်တွေနဲ့ တမြေ့မြေ့လောင်ကျွမ်းနေတဲ့ မီးက ဘယ်သူ့ရှို့လိုက်တာလဲ. . .

ကိုယ်တိုင်ရှို့တဲ့မီး မဟုတ်ရပါဘဲ မေ့ပစ်ဖို့ ခက်လောက်အောင် ဘာလို့များ ပူလောင်စေရတာလဲ. . .

အိမ်ကိုလွမ်းတဲ့ ရက်စက်တဲ့ အလွမ်းရယ်. . ခါးစည်းခံနေရတဲ့ ဒုက္ခတွေရယ်. . နွမ်းလျနေတဲ့ စိတ်တွေရယ်. . အိုင်းရစ် တစ်ကိုယ်လုံး အားအင်တွေ မဲ့နေသည်။

သူများတွေ ပျော်ကြတဲ့ ဟိုဒေး၊ ဒီဒေး၊ ဘာဒေး၊ ညာဒေးအားလုံးကို ဘေးထွက်ပြီး ကြည့်နေရတဲ့ အိုင်းရစ်ဘဝ. .

ဒီဘဝကြီးမှာ အိုင်းရစ်က လူတွေရဲ့ပရိသတ်တစ်ယောက်လား. . ပြောင်းလဲခြင်းမဲ့နေတဲ့ ရေသေတစ်ခုလို အိုင်းရစ်ဘဝကြီးအနည်ကျသွားမှာ သေမလောက်ကြောက်သည်။

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com

## "Isetam ကုန်တိုက်ရှေ့၊ ဘန်ကောက်မြို့"

ဒီနေ့ ဘာနေ့ပါလိမ့်။

နေ့တွေ တစ်နေ့ပြီးတစ်နေ့ ကုန်လွန်လာပေမယ့် အိုင်းရစ်မှာ ပြက္ခဒိန်မှမရှိတာ. . သတ်မှတ်ထားတဲ့ စည်းဘောင်တွေ၊ပုံသေနည်းတွေ. . မဖြစ်မနေလုပ်ရမည့်အလုပ်တွေ အားလုံးကို စိတ်ကုန်သည်။

အိုင်းရစ်ဘဝမှာ လျစ်လျူရှုခဲ့တဲ့ အရာတွေ များလှပြီ. . ဒီနေ့ Isetamရှေ့မှာ လူပိုစည်နေသလိုပဲ။

စင်ပေါ်မှာ ယိုးဒယားအဆိုတော်က ရှာကီရာရဲ့ ကမ္ဘာကျော် ဝါကာဝါကာကို ခပ်ကြွမ်းကြွမ်းလေး ကပြီး ဆိုနေသည်။

အိုင်းရစ်လည်း ထွေနေပြီ. . စိတ်က ကြွလာသည်။ တီးလုံးတွေကလည်း မြူးမှမြူး. . .

ပေါင်တစ်ဝက်အထိသာရှိသော ဂါဝန်အဖြူလေးကို အနီ





ရောင် ခါးပတ်ပြားကြီးကြီး ပတ်ပြီး နှစ်လက်မလောက် မြင့်သည့် ဒေါက်ဖိနပ်လှလှလေးနှင့် အရမ်းလန်းနေသော အိုင်းရစ်တိမ်ပြာ. .

ခါးလယ်လောက် ရှည်မည့် ဆံနွယ်ခွေခွေကလေးတွေက ပုံသွင်းထားသဖြင့် ကြွပြီးလှနေသည်။ အိမ်မိုပုံစံ မျက်လုံးမှာခြယ်ထားပြီး မျက်တောင်ကော့ကော့ကြီးများဖြင့် လှချင်တိုင်း လှနေသော အိုင်းရစ်. . .

အိုင်းရစ် ထိုင်ရာမှ ထလာသည်။

ယောကျ်ားမှန်ရင် အိုင်းရစ်ကို မကြည့်ဘဲ မနေနိုင်ကြ။

တစ်လှမ်း. . နှစ်လှမ်း. .

စတိုင်ကျသောခြေလှမ်းများနှင့်အတူ အိုင်းရစ်ရဲ့လှသော. . ဆွဲဆောင်မှုရှိသော. . ကိုယ်လုံးလေးက စည်းချက်ကျစွာ ယိမ်းနွဲ့လာသည်။

အဲဒီနောက်. . အဲဒီနောက်မှာတော့ ယိုးဒယားမလေးများနည်းတူ ရှာကီရာသီချင်းဖြင့် အိုင်းရစ်တို့ ကပြီး အပီကြပါတော့သည်။ က,တာချင်းအတူတူ စနစ်တကျ သင်ယူခဲ့ဖူးသော အိုင်းရစ်က သူများတွေထက် ပိုပြီးသာပါသည်။

အားလုံးထဲမှာ အလှဆုံး အထင်ပေါ်ဆုံး ဖြစ်နေသော. . အိုင်းရစ်ထံ မျက်လုံးပေါင်းများစွာ ကျရောက်နေသည်။ ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ ဂရုမစိုက်တတ်တာ အိုင်းရစ်ရဲ့အကျင့်လို ဖြစ်နေပြီမို့ သူမ ခံစားချက်တစ်ခုကိုသာ ပထမထားပြီး ကနေသည်။

ထိုစဉ်ခဏ သူမတစ်ကိုယ်လုံး လေထဲမှာ လွင့်မျောနေသလို လွတ်လပ်သွားသည်။ ဒါဆို နေ့တစ်နေ့ရဲ့ ကျန်တဲ့အချိန်တွေမှာရော. . သွားစမ်းပါ. . တွေးကို မတွေးချင်တာ. .

ဖျတ်ခနဲဝင်လာတဲ့အတွေးမှန်သမျှကို ခေါင်းထဲက ထုတ်ပစ်ပြီး စိတ်ကို ပေါ့ပေါ့လေးပဲ ထားလိုက်သည်။

ဒီအချိန်မှာတော့ သူမ OK နေသည်။ ညရောက်ရင်ရော အိပ်လို့ပျော်ပါ့မလား. . နှစ်နှစ်ခြိုက်ခြိုက်အိပ်ပစ်လိုက်ချင်သည်။ သို့သော်. . .

ခမ်းနားသည် အဖြူလွလွဂါဝန်ကလေးနှင့် ရှာကီရာထက် ပိုလှပြီး ပိုကတတ်သော ကောင်မလေးကို သဘောကျစွာ၊ စိတ်ဝင်တစား စောင့်ကြည့်နေသည်။ သူနှင့်အတူသောက်နေသော ယိုးဒယားလူမျိုး ပတ်ထွိုင်က မြန်မာလိုမေးလာသည်။

'ခမ်း. . မင်း သူ့ကိုစိတ်ဝင်စားနေပြီ မဟုတ်လား'

ခမ်းနားက လွန့်လွန့်ကလေး ပြုံးရင်း ဒီညချမ်းလေးမှာ Angle လေးတစ်ပါးနှင့် တွေ့ရသည့်အတွက် သူ့ခံစားချက်တွေကို ပတ်ထွိုင်ဆီမှာ ဝန်ခံလိုက်သည်။



BURMESE CLASSIC .com



ကျော့ကျော့နပ်နပ်ကြီးကို ဝန်ခံလိုက်သည်။

'မင်း သိပ်တော်တယ် ပတ်ထွိုင်. . မင်းဆီမှာ will power တွေ ရနေပြီထင်တယ်. . နောက်တစ်ခု မင်းဂုဏ်ယူရမှာက မင်းတို့ယိုးဒယားမလေးကို ငါစိတ်ဝင်စားတာ ဒါ ပထမဆုံးဖြစ်လို့ပဲ'

'ဒါဆို ခင်ဗျား ဒီမှာထိုင်ပြီး ဘာလုပ်နေတာလဲ. . သွားလေ. . သွားကပြီး သူနဲ့ရင်းနှီးအောင်လုပ်ပေါ့'

ခမ်းက White Angle လေးဆီက မျက်လုံးမခွာဘဲ. .

'ဒါတွေက child play တွေပါ. . သူ့ကို ငါအလှကြည့်နေချင်သေးတယ်. . ခုချိန်မှာ ငါ့စိတ်တွေ အရမ်းကိုအေးချမ်းနေတယ်'

တကယ်ပါ။ အဖြူရောင်နတ်သမီးလေးက သူ့ကို အံ့ဩလောက်အောင် ဆွဲဆောင်နေသည်။

လိုအပ်ချက်တစ်ခုအနေနဲ့မဟုတ်ဘူး၊ မြတ်နိုးတဲ့စိတ် တစ်ခုတည်းနဲ့ နင့်နင့်နဲနဲဖြစ်နေတာ ကောင်မလေးက သိမှာမဟုတ်ပါ။

သူ ဘာဆက်လုပ်ရမလဲ. . ဒီအတိုင်းပဲ အလှထိုင်ကြည့်နေရမလား. . တစ်ခုခုကို လှုပ်ရှားရမှာလား. .

ကောင်မလေးက ဘယ်အချိန်ထိ. . သူ့မျက်စိအောက်မှာ ရှိနေမှာလဲ. . စင်ပေါ်မှာ နောက်အဆိုတော်တစ်ယောက် ပြောင်းသွားသလို သီချင်းကလည်း အေးအေးငြိမ့်ငြိမ့်လေး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခမ်းရဲ့ကောင်မလေးက Isetam ရှေ့က ခုံတန်းလေးပေါ်မှာ ပြန်ထိုင်နေသည်။

ကြည့်ရင်း ကြည့်ရင်းနဲ့ ဒီကောင်မလေးဟာ ထူးဆန်းနေတယ်လို့ ထင်လာသည်။

အခုကျတော့လည်း ခုနက ကဲထားတာ သူ မဟုတ်သလို အေးအေးလေး. . . တစ်နေရာကို ငေးနေတဲ့ အဆွေးမျက်လုံးတွေ ဖြစ်သွားပြန်သည်။

မင်းကို ဘယ်လိုနားလည်ရမလဲ ကောင်မလေးရယ်၊ မင်းပုံစံလေးက ထူးဆန်းတယ်၊ မြင်နေကျ မိန်းကလေးတွေနဲ့ လုံးဝမတူဘူး. . .

ခမ်းနား ဆိုတဲ့ကောင်က မြန်မာပြည်မှာ ဘယ်မိန်းမကိုမှ စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး. . အခု မင်းကိုတွေ့တော့မှ ဘာဖြစ်သွားတာလဲ. . ကိုယ့်ဟာကိုယ်တောင် သေချာမသိတော့ဘူး။

အိုင်းရစ်သည် ဒီဇင်ဘာရဲ့ညလေပြည်လေးကို တရှိုက်မက်မက် ခံစားနေမိသည်။ ခဏနေရင် သူမ ပြန်ရတော့မည်။ ဘယ်ကို ပြန်ရမှာလဲ. . ဒီနေရာမှာ သူမအိမ်မှ မရှိတာ. .

Biyoke အနီးရှိ Tower တစ်ခုတွင် သူမ ငှားနေသည်။ သီးသီးသန့်သန့်တစ်ယောက်တည်း နေရပေမယ့် Hotel ရှိအခန်း





တစ်ခုနှင့် ဘာမှမခြားပါ။ ကိုယ့်နေရာ၊ ကိုယ့်ဒေသ မဟုတ်ပေမယ့် အဆင့်အတန်းတစ်ခု သတ်မှတ်ကြေးဆို အိုင်းရစ်ဘဝနေထိုင်ရေးသည် စုတ်ပြတ်သတ်မနေသေးဘူးလို့ အဖြေထုတ်၍ရသေးသည်။

အိုင်းရစ်သည် ဘီယာဘူးကိုဖောက်ပြီး သောက်ပြန်သည်။ ဒီတစ်ခါ မျက်နှာပျက်သွားသူက ခမ်းနား ပင်။ မြန်မာမျက်စိနှင့် ကြည့်လျှင် မိန်းကလေးတစ်ယောက် ဘီယာ သောက်၊ စီးကရက်သောက်နေတာ အမြင်ရိုင်းလှသည်။ နောက်ပြီး သောက်နေတဲ့သူကလည်း ငယ်ရွယ်နုနယ်သော သူ့ရဲ့နတ်သမီးလေး. . .

ခမ်း နေထိုင်ကြီးပြင်းလာသောပတ်ဝန်းကျင်သည် မြန်မာပြည်တွင် အင်မတန်မှ ကျော်ကြားသော၊ အောင်မြင်သော စီးပွားရေးလုပ်ငန်းစုများကို ပိုင်ဆိုင်သည့် ထိတ်ထိတ်ကြဲအသိုင်းအဝိုင်း။ ပညာတွေ အပြိုင်အဆိုင်သင်ပြီး မိဘများက တော်ရုံ လူတန်းစားလောက်ကို မျက်လုံးထဲ မမြင်တတ်ကြချေ။

ဒီနေ့ ဒီအချိန်မှာ ခမ်း ကောင်မလေးတစ်ယောက်ကိုစိတ်ဝင်စားနေပြီ။ ဘယ်ကမှန်း မသိသလို ဘယ်လိုအဆင့်အတန်းရှိမှန်းလည်း သူ မသိပါ။

ဒါပေမယ့် ဘယ်လိုလုပ်ရမလဲ. . သူ့နှလုံးသားက ခေါင်းလောင်းတီးနေပြီပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်လည်ပတ်နေတဲ့ နှလုံးသားက စက်ရပ်ပြီး သတိပေးနေမှတော့ ခမ်း ဘာမှမတတ်နိုင်တော့ပါ။

ခမ်းက ကောင်မလေးကို အလွန်တရာမှမြတ်နိုးစွဲလမ်းနေသော မျက်ဝန်းညိုညိုများဖြင့် မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်။

ပတ်ထွိုင်က ခမ်းနှင့်အပေါင်းအသင်းဖြစ်တာ သုံးနှစ်ခန့်ရှိပြီ။ စီးပွားရေးအရ ဆက်သွယ်ဖြစ်ရင်း တစ်ယောက်အကြောင်း တစ်ယောက် ထဲထဲဝင်ဝင်သိကာ ပိုပြီးရင်းနှီးလာခဲ့သည်။ ဘော်ဒါလို သူငယ်ချင်းလို ပေါင်းကြတာမို့ ခမ်းရဲ့စိတ်ခါတ်ကို သူသိပြီးသားပင်။

မိန်းမကိစ္စကင်းရှင်းသည်။ ဖြောင့်မတ်တည်ကြည်သည်။ စမတ်ကျသည်။ မင်းသားတွေလို ဆွဲဆောင်မှုရှိသည်။ body၊ အရပ် အမောင်း၊ မျက်နှာ. . ဘာဆို ဘာမှ အပြစ်ပြောစရာမရှိသည့်အထဲ သူတို့နိုင်ငံမှာ အတော်ပင်ဂုဏ်သရေရှိစွာနေထိုင်နိုင်သူ ဖြစ်သည်။

ခမ်းနဲ့အတူ ပတ်ထွိုင် မြန်မာပြည်ကို လိုက်လည်ဖူးသည်။ ခမ်းရဲ့နေအိမ်ကိုကြည့်ပြီး ပတ်ထွိုင် ဖျားသွားသည်။

ခြံဝင်းအကျယ်ကြီးထဲမှာ ရေတံခွန်လေးများ၊ လှပသော ပန်းရောင်စုံလေးများ၊ အနားယူအပန်းဖြေနိုင်သည့် စားပွဲနှင့် ထိုင်ခုံ





လေးများ. . . ထိုထက်ပိုဆန်းတာက ခြံဝမှ အိမ် မရောက်မီအထိ လမ်းနံဘေးတောက်လျှောက် စီတန်းပြီး စိုက်ထားသော ထင်းရှူးပဒေသာပင်များပင် ဖြစ်သည်။

ခမ်းရဲ့အိမ်က ရေကူးကန်ကို ပတ်ဝိုင်းပြီး ချစ်စရာကောင်းအောင် တည်ဆောက်ထားလေသည်။

ခမ်းတို့အိမ်မှာ အလုပ်သမားချည်း ဆယ်ယောက်လောက်ရှိမည်။ ပတ်ထွိုင်အပေါ် ဧည့်ဝတ်ကျေလိုက်တာလည်း မပြောပါနှင့်တော့. . .

ခမ်းရဲ့ရာဇဝင်ကိုသိနေတော့ ဒီနေ့ ခမ်းတစ်ယောက် ထူးခြားနေတာကို သူအံ့ဩနေမိသည်။

ခုမှ စတွေ့ဖူးတဲ့ ကောင်မလေးကို အဲသလောက်တောင် သဲကြီးမဲကြီးဖြစ်နေဖို့ လိုလို့လား. . .

လှုပ်လှုပ်ရှားရှား ဖြစ်သွားသော ပုံရိပ်တစ်ခုကြောင့် ပတ်ထွိုင်က ခမ်းကို လက်တို့လိုက်သည်။

'ကောင်မလေး ပြန်တော့မယ်'

'လိုက်ကြတာပေါ့'

ပတ်ထွိုင်ဆီမှ 'Oh My God' ဟု အော်သံအကျယ်ကြီး ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခမ်းရဲ့လုပ်ရပ်တွေကို သူအရမ်းအံ့သြနေသလို နားမလည်နိုင်အောင် ဖြစ်မိသည်။

နိုင်ငံတကာကို ဖြန့်ချိနေသည့် Brand တစ်ခုရဲ့ ပိုင်ရှင်၊ အထင်ကရကုမ္ပဏီကြီးတစ်ခု၏ MDတစ်ယောက်က ဒီလိုကလေးကလားအပြုအမူမျိုးကို လုပ်ပါ့မလား။ သူသာ လိုချင်ရင် ချက်ချင်း အနားရောက်လာမည့်သူတွေ ရှိပါသည်။

ခမ်းတစ်ယောက် ကောင်မလေးအနောက်သို့ လိုက်သွားပြီဖြစ်သည်။ ပတ်ထွိုင်လည်း ခေါင်းတရမ်းရမ်းဖြင့် ခမ်းနောက်သို့ လိုက်ရပြန်သည်။

ခမ်း တစ်ခုသတိထားမိသည်။ ကောင်မလေးက လူတွေကိုတွေ့ရင် ငေးငေးပြီးကြည့်တတ်သည်။ လူလူချင်း ဘာလို့များ သတိလက်လွတ်ငေးနေရတာလဲ ကလေးရယ်. .

ပြီးတော့ သူသဘောကျတာလေးတွေ တွေ့ရင် ဟန်ဆောင်ခြင်းမရှိ ပီတိကလေးလေးတစ်ယောက်လို ဝမ်းသာအားရရှိနေတတ်ပြန်သည်။

အဲဒီလိုလွတ်လွတ်လပ်လပ် သူ့သဘာဝအတိုင်းရှိနေတဲ့ ပုံရိပ်လေးကို ခမ်းနှစ်သက်သည်။ခုခေတ်မိန်းကလေးအတော်များများက ဟန်ဆောင်မှုတွေများပြီး ပင်ကိုစရိုက်တွေ ပျောက်ဆုံးနေသည်။

ဆောင်းညပြာ သိစာပေ



'ခမ်း. . သူက အိမ်ပြန်ဦးမှာလား၊ ဘယ်အထိ သွားနေသလဲ မသိဘူး'

ခမ်းက ပတ်ထွိုင်ကို ပါးစပ်ပေါ် လက်ညှိုးတစ်ချောင်းတင်ပြီး တိုးတိုးပြောဖို့ အချက်ပြလိုက်သည်။

ကောင်မလေးက လမ်းသွယ်တစ်ခုထဲသို့ ကွေ့ဝင်သွား၏။ အသီးအနှံရောင်းသော လှည်းကလေးတွေတော့ သူမ ခဏရပ်လိုက်သည်။ သစ်သီးရောင်းနေတဲ့ ကောင်လေးက သူမနှင့်မတိမ်းမယိမ်းလောက် ရှိမည်။ အဲဒီကောင်လေးက သူမကို သရက်သီးတစ်ထုပ်လှမ်းပေးလိုက်တာ တွေ့သည်။ သူမက ပိုက်ဆံထုတ်ပေးတာလည်း မတွေ့ရပါ။

ဘယ်လိုကောင်မလေးလဲ. . လူချစ်လူခင်ပေါတာလား. . ခမ်း နားမလည်ပါ။

ကပ္ပလီတစ်အုပ်စု လမ်းထဲမှာ ဆူညံပွက်လောရိုက်နေသည်။ ကောင့်မလေးကိုတွေ့တော့ သူတို့ ဝိုင်းပြီးနှုတ်ဆက်ကြသည်။ အချိုရည်တစ်ဘူးကို ဖောက်ပြီးပေးလိုက်တာ တွေ့ရသည်။

ကောင်မလေးက ယူပြီး 'Thank you'ဟု ပြန်ပြောတာကြားလိုက်ရသည်။ ခမ်းက ပတ်ထွိုင်ကိုကြည့်သည်။ ပတ်ထွိုင်က ပခုံးတွန့်ပြလိုက်သည်။

ဆောင်းညပြာ သိစာပေ

www.burmeseclassic.com

www.burmeseclassic.com



နားလည်ရခက်တဲ့ ကောင်မလေးပဲ. .

သိပ်မကြာပါ။ ကောင်မလေးက Towerတစ်ခုထဲသို့ ဝင်သွားသည်။ ခမ်းရင်ထဲမှာ ဟာသွားသည်။ သူကြည့်နေတဲ့ ပုံရိပ်ကလေး ကွယ်ပျောက်သွားပြီပဲ. . မင်းကို နောက်ထပ် တွေ့ချင်သေးတယ် ကလေးရယ်. .

'သူ ဒီမှာနေတာ၊ ခမ်း. . မင်း ခဏစောင့်၊ ငါသွားစုံစမ်းပေးမယ်'

အားကိုးရတဲ့ သူငယ်ချင်းပါပဲ. . သူ့ရင်ထဲကို ပတ်ထွိုင်က ကောင်းစွာ မြင်တတ်လေသည်။

ပတ်ထွိုင်က Tower မှ အစောင့်နှင့် သူတို့ ယိုးဒယားလို ပြောပြီး ပြန်လာသည်။

'ခမ်း. . ကောင်မလေးက ဒီမှာ နှစ်ချုပ်နဲ့ငှားနေတာ သုံးနှစ်ရှိပြီတဲ့'

'သူ ဘာအလုပ်လုပ်လဲ၊ နာမည်ကရော'

'အဲဒါတော့ သူတို့လည်း မသိဘူးတဲ့'

ခမ်းစိတ်တွေ နောက်ကျိသွားသည်။

သူသိချင်တာ အလုံးစုံ မသိလိုက်ရသဖြင့် မကျေမနပ်ဖြစ်နေမိသည်။





'သွားမယ် ပတ်ထွိုင်၊ မနက်ဖြန်မနက်စောစော ဒီနေရာကို ထပ်လာမယ်'

သေချာပြီလားဟု ပတ်ထွိုင်ရဲ့အမေးကို သူက 'Dead Sure'ဟု ပြန်ဖြေလေသည်။

ထိုညက ခမ်းအတွက် အမှတ်တရအရှိဆုံးညတစ်ည ဖြစ်သည်။

✦



www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ဘာရဲ့အအေးဒဏ်ကို အန်တုပြီး ကောင်မလေးထွက်လာမည့်အချိန်ကို လာစောင့်နေမိသည်။ သူ့လက်ထဲမှာ အင်မတန်မှ သေသပ်လှပသော ပန်းစည်းကြီးတစ်စည်း။

လူတစ်ယောက်ကို နောက်ယောင်ခံလိုက်ကြည့်ရတာ ရင်ဖိုဖို့ကောင်းပေမယ့် ဒီနေ့တော့ ကောင်မလေးနှင့်ပွင့်ပွင့်လင်းလင်း ခင်မင်ခွင့်ရချင်သည်။

ခမ်းနား ဆိုတဲ့သူက စိတ်မြန်တဲ့အထဲတွင်ပါသည်။ ကောင်မလေး ထွက်လာတာနှင့် ပန်းစည်းပေးပြီး မိတ်ဆက်မည်။ တစ်ခုခု လိုက်မေးဖို့ ခေါ်မည်။ အဲဒီအတွက် ဒီနေ့လုပ်ရမည့် အလုပ်အားလုံးကို သူရွှေ့ထားခဲ့ရသည်။

ခမ်းက စိတ်ရှည်စွာဖြင့် စောင့်နေမိသည်။ ကောင်မလေးက တော်တော်နှင့်ထွက်မလာပါ။

ဒီ Tower မှာ ထွက်စရာ နောက်တစ်ပေါက်လည်း မရှိ





ပါ။ ကောင်မလေးထွက်ဖို့ ဒီအပေါက်တစ်ပေါက်ပဲ ရှိတာ. . ဘာလို့များ ထွက်မလာရသေးတာလဲ. . တစ်ခုခုများ ဖြစ်နေလို့လား. . . နေလို့ရော ကောင်းရဲ့လား ကလေးရယ်. .

မနက်ကတည်းကစောင့်လာခဲ့တာ နေ့ခင်းတောင် ရောက်ပြီ. . ကောင်မလေး အရိပ်အယောင်တောင် မတွေ့ရသေး. .

ပတ်ထွိုင်ဆိုတဲ့ကောင်က ခုမှရောက်လာသည်။ ပတ်ထွိုင်ကိုတွေ့တွေ့ချင်း ခမ်းက

'ကောင်မလေး ခုထိ ထွက်မလာသေးဘူး. . သူတစ်ခုခုဖြစ်နေပြီထင်တယ်၊ ပတ်ထွိုင် အစောင့်တွေကို သွားမေးကြည့်ပါဦး'

'ညက များသွားလို့ အိပ်ပျော်နေတာ ဖြစ်မှာပါ၊ တစ်ခုခု သွားစားပြီးမှ ထပ်စောင့်ကြတာပေါ့'

ခမ်းက ငြင်းသည်။

'သွားစားနေတုန်း သူထွက်သွားရင် ဘယ်လိုလုပ်မလဲ'

'ဟိုရှေ့ကဆိုင်ဆို ဒီနေရာကို မြင်နေရတာပဲ၊ သိပ်အဖြစ်သည်းမနေနဲ့'

ပတ်ထွိုင်က မြန်မာလို ကောင်းကောင်းပြောတတ်သည်။ လိုအပ်လျှင် သူတို့ကုမ္ပဏီအတွက် translator လည်း လုပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ပြောလည်း ခံရမှာပဲ၊ သူ့ကို မတွေ့ရမချင်း ငါ ဘာမှ စားလို့ရမှာ မဟုတ်ဘူး'

'ဒါဆို ငါတို့ သူ့အခန်းကိုတက်ကြည့်ကြမလား'

ပတ်ထွိုင်က သူ့နည်းသူ့ဟန်ဖြင့် အစောင့်ဆီချဉ်းကပ်ကာ အကူအညီတောင်းတော့ အခန်းနံပါတ်သိလိုက်ရသည်။

ဓာတ်လှေကားဖြင့် ၁၈ ထပ်ကို တက်ပြီး ကောင်မလေး အခန်းရှေ့ရောက်တော့ သူရင်တွေ ခုန်လာသည်။ ဒီအခန်းထဲမှာ ကောင်မလေး အိပ်နေမှာလား. . ဘယ်လောက်ပဲ အအိပ်မက်သူ ဖြစ်ပါစေ၊ ဒီလိုမွန်းလွဲနေစောင်းအထိတော့ အိပ်နိုင်မည်မထင်ပါ။

ပတ်ထွိုင်က တံခါးကိုခေါက်ကြည့်သည်။ ဘာမှမထူးခြား။ နောက်တစ်ခါ ထပ်ခေါက်ပြန်သည်။ ဘာတုံ့ပြန်မှုမှမလာ။ ပတ်ထွိုင်က ယိုးဒယားလို အထဲမှာလူရှိသလားဟု ထပ်မေးသည်။ ဘာဆို ဘာမှမကြားရ. . နည်းနည်းတော့ ထူးဆန်းနေသည်။

ခမ်း စိတ်တွေ ပူလာသည်။ သူ့ရဲ့မသိစိတ်ထဲမှာ တစ်ခုခုကို သိနေသလိုမျိုး ခံစားရသည်။

'ပတ်ထွိုင် ဒီအခန်းသော့ကို ရအောင်တောင်းကွာ၊ ငါတို့ ဖွင့်ကြည့်မှဖြစ်မယ်. . ကောင်မလေး အထဲမှာ တစ်ခုခု ဖြစ်နေပြီလား မသိဘူး'

ဆောင်းညပြာသိစာပေ



ပတ်ထွိုင် သွားအကြောင်းကြားပြီး သိပ်မကြာပါ။ အစောင့်တွေ လိုက်လာပြီး တံခါးဖွင့်ကြည့်ကြသည်။

ကောင်မလေးက ကုတင်နံဘေးမှာ ပုံရက်ကလေး လဲကျနေသည်။

ခမ်း မျက်လုံးတွေ ပြာသွားသည်။

တစ်ကြိမ်တစ်ခါမှဒီလို သောက မရောက်ဖူးခဲ့။ ကောင်မလေးကို အရမ်းစိုးရိမ်သွားသည်။

ခမ်းက အစောင့်တွေ တားမြစ်နေသည့်ကြားမှ ကောင်မလေးကို ပြေးပွေ့လိုက်သည်။ သူ စမ်းကြည့်လိုက်တော့ နှလုံးခုန်နေသေးသည်။

'ပတ်ထွိုင်. . ဆေးရုံပို့မယ်၊ မြန်မြန်လုပ်. . ကောင်မလေး သတိလစ်နေတာ'

'မင်းနဲ့ ဘာတော်သလဲ'

အစောင့်တွေက မေးသည်။

'ဒါ ကျွန်တော့်ညီမပါ'

မတတ်နိုင်။ ဒီလိုပဲ ဖြေရတော့မည်။

ဒီလိုအချိန်မှာ သူစိမ်းတစ်ယောက်ဆိုလည်း မြန်မာစိတ်ဓာတ်ဖြင့် သူကယ်မိမည်ပင်. .

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုဟာက ကိုယ်စိတ်ဝင်စားနေတဲ့ ကောင်မလေး ဆိုတော့ ပိုပြီး မကယ်သင့်ဘူးလား. .

သူ့လက်ထဲမှာ ငြိမ်ငြိမ်သက်သက်ကလေး ပါလာသော ကောင်မလေးကို နာကျင်ကြေကွဲစွာ စိုက်ကြည့်မိသည်။ တက်ကြည့်မိတာ မှန်သွားပါသည်။ သူသာ တက်မကြည့်မိလျှင် ကောင်မလေး တစ်ယောက်တည်း လူမသိ သူမသိ ဘယ်အချိန်ထိ သတိလစ်နေမည်လဲ မသိ။

✦



Pressure တွေ အရမ်းကျပြီး သတိလစ်နေတာတဲ့. . ဖြူစင်ဖွေးနုနေသော မျက်နှာလေးကို ခမ်း တဝကြီး ကြည့်နေမိသည်။ ကြည့်လေ ပိုချစ်မိလေဖြစ်နေပေမယ့် မတတ်နိုင်။ အကြည့်မှမလွှဲနိုင်ဘဲလေ. .

ကောင်မလေးဆီမှ ညည်းသံတိုးတိုးလေး ထွက်လာသည်။ သို့သော် မပီသ။

'ဒယ်. . . ဒီ. .'

သူ့အဖေကို တ,နေတာတော့ သူသိလိုက်သည်။ သူမလက်ကလေးကို ကိုင်ပြီး အားပေးလိုက်ချင်သည်။ အခွင့်အရေးယူတတ်တဲ့ ယောက်ျားထဲမှာ သူ မပါချင်ပါ။

ဒီအတိုင်းလေးပဲ ကရုဏာသက်စွာ ကြည့်နေမိသည်။သိပ်မကြာပါ. . သူမ မျက်လုံးလေးတွေ ပွင့်လာသည်။ ပြီးတော့ နိုးလို့လားမသိ၊ ပြန်ပြီး မှိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ထွိုင်က ယိုးဒယားလို

'မင်း သတိရပြီလား မိန်းကလေး၊ မင်း အခန်းထဲမှာ သတိလစ်နေလို့ ဒီအစ်ကိုက ဆေးရုံတင်ပေးထားတာ'

'ခေါ့ဖ်ခွန်း (ကျေးဇူးတင်ပါတယ်)'

ဟု သူမက ယိုးဒယားလို ပြန်ပြောသည်။ ခမ်းက ခပ်ပြုံးပြုံးကလေး စိုက်ကြည့်ရင်း မြန်မာလိုပြန်ပြောလိုက်သည်။

'ရပါတယ်. . မင်း နေကောင်းရင် ကျေနပ်ပါပြီ'

ပတ်ထွိုင်က သူတို့နှစ်ယောက်ကြားမှာ ဘာသာပြန် လုပ်ပေးနေရသည်။

တစ်ယောက်က ယိုးဒယားမ. . . တစ်ယောက်က မြန်မာယောက်ျား. . ကြားထဲက ဘာသာပြန်သူက ပြုံးစိစိဖြင့် သဘောတွေကျနေသည်။ခမ်းက ကောင်မလေးအပေါ် အတော်လေး တိမ်းညွတ်နေတာကိုး. .

အိုင်းရစ်ရဲ့မျက်လုံးလေးတစ်စုံက ခမ်းအပေါ် ကျေးဇူးတင်ကြောင်း စကားဖြင့်ပြောတာထက် ပိုစွာ ဖော်ပြနေသည်။

သူက မြန်မာပြည်က လာတာလား၊ဒီမှာနေထိုင်တဲ့ မြန်မာတစ်ယောက်လား. . သူမ မသိပေမယ့် မြန်မာလို ပီပီသသပြောနေသည့် သူ့ကိုတွေ့တော့ ရင်ထဲမှာ နင့်သွားသည်။

*ဆောင်းညပြာသိစာပေ*



ဒီမှာနေစဉ်တစ်လျှောက် အိုင်းရစ်သည် မြန်မာလို သိပ်ပြီးပြောလေ့မရှိပေ။ ယိုးဒယားလိုသာ ပြောပြီး အနေကြာလာတော့ သူမကို ယိုးဒယားမလေးလို့ပဲ ထင်ကြလေသည်။

ပတ်ထွိုင်က ခမ်းသိချင်နေမည့် မေးခွန်းများကို ခမ်းကိုယ်စား မေးပေးလေသည်။

'ဝါဒီခဝ် ချူးအလိုင်ခ (နာမည်ဘယ်လိုခေါ်လဲ ညီမ)'

'အိုင်းရစ်'

'အိုး. . သိပ်လှတဲ့ နာမည်ပဲ'

ခမ်းက တအံ့တဩဖြင့် ဝင်ပြီးပြောသောအခါ အိုင်းရစ်မျက်နှာလေး ညှိုးသွားသည်။

ကျေးဇူးပြုပြီး ကျွန်မရှေ့မှာ မြန်မာလို မပြောပါနဲ့လားရှင်၊ မြန်မာတွေကို မုန်းလို့မဟုတ်ဘူး၊ မြန်မာပြည်ကို လွမ်းလို့ပါ. . နေ့စဉ်ရက်ဆက် လွမ်းနေရလို့ပါ. . ကျွန်မကို ရှင်တို့ ကိုယ်ချင်းစာပေးကြပါ။ ကျွန်မ ခံစားချက်တွေကို နားလည်ပေးကြပါ။

အိပ်ပျက်ညတွေ များလို့ တစ်ယောက်တည်း မှုးမေ့လဲကျနေတာပဲ ကြည့်ပါတော့။

ဘာပဲဖြစ်ဖြစ်. . ကျွန်မကိုကယ်တင်ခဲ့တဲ့အတွက် ရှင့်ကိုကျေးဇူးတင်ပါတယ်။ ကျွန်မ မသေချင်သေးဘူး။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး မျက်နှာကို အရိပ်လိုကြည့်နေသော ခမ်းက ချက်ချင်း သိလိုက်သည်။

'ပတ်ထွိုင်. . သူ့ကို မေးကြည့်ပါဦး. . နေလို့ ကောင်းရဲ့ လားလို့၊ မျက်နှာလေး နွမ်းသွားလို့'

'ခမ်း. . မင်း သိပ်အကဲပိုတယ်နော်'

အိုင်းရစ်ရှေ့မှာ သူတို့ပြောဆိုနေတာတွေကို မသိသလိုနေရပေမယ့် သူ့နာမည် ခမ်း ဆိုတာလောက်တော့ သိလိုက်ပါသည်။ အိုင်းရစ်က ပတ်ထွိုင်ကို ယိုးဒယားလိုပြောပြီး မေးသည်။

'သူ့နာမည် ဘယ်လိုခေါ်သလဲ'

ပတ်ထွိုင်က တကယ့်ဇရုတ်. . ခမ်းဘက်ကို စပ်ဖြီးဖြီးရုပ်ကြီးဖြင့် လှည့်ကြည့်ပြီး

'ခင်ဗျားနာမည် ကောင်မလေး မေးနေပြီ. . ပြောပြလိုက်ရမလား၊ နည်းနည်း ဈေးကိုင်ဦးမလား'

အိုင်းရစ်မှာ ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်. . . တော်တော်ရယ်စရာကောင်းသည့် လူတွေ. .

'မင်းက ကောင်မလေးကိုရှေ့မှာထားပြီး နော်က်နေပြန်ပြီ'

'ဒါဆို ပြောလိုက်မယ်နော်'

ပတ်ထွိုင်က ကောင်မလေးဘက်သို့လှည့်ပြီး





'သူ့နာမည်က ခမ်းနား. . လို့ ခေါ်တယ်'

အိုင်းရစ် ဆိုတဲ့ ကောင်မလေးက သူ့ကို မျက်လုံးကလေး ထောင့်ကပ်ပြီး ပြုံးပြကာ အသိအမှတ်ပြုကြောင်း ပြလိုက်သည်။

ဆံနွယ်လေးတွေ ကပိုကရိုဖြင့် သဘာဝအတိုင်း လှနေသော ကောင်မလေးကို မြတ်နိုးလွန်းစွာ အကြည့်မလွှဲနိုင်အောင် ရှိရပြန်သည်။

ထိုစဉ် အိုင်းရစ်ကို ကုသပေးမည့် တာ၀န်ကျဆရာ၀န်ကလေး ၀င်လာသည့်အတွက် သူတို့စကားစ ပြတ်သွားကြသည်။

ဆရာ၀န်က ပတ်ထွိုင်ကို ပြောနေသည်။ ဘာတွေပြောသလဲဆိုတာ သူ မသိသည့်အတွက် နောက်မှ ပတ်ထွိုင်က ပြန်ပြောပြသည်။

'သူ အရမ်းအားနည်းနေလို့ အိမ်မှာပြန်အနားယူမယ်ဆိုရင် အနားမှာ ပြုစုပေးဖို့ အချိန်ပြည့်လူတစ်ယောက်စောင့်ပေးရမယ်တဲ့. . ခမ်း. . ဘယ်လိုလုပ်မလဲ. . သူက တစ်ယောက်တည်းနေတာ'

ခမ်းက စိတ်ပူပြီး ဘာမှမစဉ်းစားတော့ဘဲ

'ငါနေတဲ့ ကွန်ဒိုကို ခေါ်သွားမယ်ကွာ'

ပတ်ထွိုင်က



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပါ့မလား ခမ်း၊ မင်းက တစ်ယောက်တည်းနေတဲ့ဥစ္စာ'

'မင်း ငါ့ကို မယုံဘူးလား ပတ်ထွိုင်၊ ငါ ဘယ်လိုလူစားဆိုတာ မင်းအသိဆုံးပဲ၊ နေပါဦး. . သူ့ဆန္ဒကို အရင်မေးကြည့်ပါဦး'

ပတ်ထွိုင်က ယိုးဒယားလိုမေးတော့ ကောင်မလေးက

'အိုင်းရစ် တစ်ယောက်တည်း နေတတ်ပါတယ်'

ဟု တိုးတိတ်စွာ ပြန်ဖြေလေသည်။ ခမ်းသီတော့

'ဟာ. . မဖြစ်ဘူး၊ ဒါတော့ ဘယ်နည်းနဲ့မှမဖြစ်ဘူးကွ. . သူ ဒီနေ့လိုမျိုး ထပ်ဖြစ်သွားရင် ငါ. . ငါ. . သွားပြီ'

အိုင်းရစ်သည် ပီပီသသကြီးကြားလိုက်ရသော သူ့စကားသံကြောင့် အကြီးအကျယ်တုန်လှုပ်သွားသည်။သူ. . သူက အိုင်းရစ်ကို ဘယ်အချိန်ကတည်းက လိုက်ကြည့်နေတာလဲ. .

ဒီလောက်အချိန်တိုတိုလေးအတွင်းမှာ အိုင်းရစ်ကို ဘာကြောင့် သူ့ရင်ထဲထည့်လိုက်တာလဲ. .

သူ့ပုံစံက အိုင်းရစ်ကို စိတ်မချစွာ အစိုးရိမ်လွန်နေသည်။ ပတ်ထွိုင်က အိုင်းရစ်ကို ရှင်းပြသည်။

'မင်း. . နေကောင်းတဲ့အထိ သူက စောင့်ရှောက်ပေးမှာပါ. . ကျေးဇူးပြုပြီး မငြင်းလိုက်ပါနဲ့၊ ကိုယ် အာမခံပါတယ်. . သူ လူကောင်းတစ်ယောက်ပါ အိုင်းရစ်'





နေမကောင်းဖြစ်နေလို့ အားငယ်နေတဲ့အချိန်မှာ သူ့ရဲ့နွေးနွေးထွေးထွေးဆက်ဆံမှုကို အသိအမှတ်ပြုဝမ်းသာပါသည်။

အိုင်းရစ်ဟာ ကိုယ့်ဘဝ ကိုယ်ကျောင်းပြီး ယောကျာ်းတွေကို လျစ်လျူရှုခဲ့တာ ကြာပြီပဲ. . .

ကောင်းကောင်း ဆိုးဆိုး အားလုံးကို ယောကျာ်း. . ဆိုတဲ့ ခေါင်းစဉ်အောက်မှာထားပြီး ဝေးဝေးနေခဲ့သည်။ သူ့ကိုကျတော့ စတွေ့ကတည်းက ထူးဆန်းစွာ ခင်တွယ်သွားမိတာ အိုင်းရစ် ကိုယ်တိုင် အံ့ဩမိသည်။

အချိန်တိုင်း နှောင်ဖွဲ့နေတဲ့ သူ့အကြည့်တွေကို တောင့်ခံနိုင်စွမ်းမရှိတာ ဝန်ခံပါသည်။

ခမ်းနား. . တဲ့။ ရှင်ဘယ်လိုအသိုင်းအဝိုင်းက ဆင်းသက်လာတယ်ဆိုတာ သေချာမသိပေမယ့် ရှင့်ရုပ်ရည်ဟာ ရှင့်နာမည်နဲ့ အရမ်းကို လိုက်ဖက်ပါတယ်။ လူလူချင်း ကူညီတတ်တဲ့ မြန်မာပီသတဲ့ ရှင့်စိတ်ဓာတ်ကိုလည်း ကျွန်မ လေးစားမိတယ် ကိုခမ်း. .

'ခဏလေးပါ၊ တကယ့်ကို ခဏလေးပါဗျာ၊ သူနေကောင်းတဲ့အထိ စောင့်ရှောက်ပေးပါရစေ. . ပတ်ထွိုင် မင်း ထပ်ပြောပေးပါဦး'

သူ့လေသံနှင့် အမူအရာက သနားစရာပင် ကောင်းသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိုင်းရစ်ကို သူစိုးရိမ်လွန်နေတာ၊ စိတ်လှုပ်ရှားမှုလွန်ကဲနေတာ အတိုင်းသား တွေ့မြင် ကြားသိနေရသည်။

အိုင်းရစ် မနေနိုင်တော့. . သူ့ဆန္ဒကိုလိုက်လျောပေးဖို့ ဆုံးဖြတ်လိုက်မိသည်။

'နေကောင်းတဲ့အထိပဲ နေပါ့မယ်'

ပတ်ထွိုင်က ဘာသာပြန်ပေးတော့ ခမ်းမှာ ကလေးတစ်ယောက်လို ပျော်ရွှင်မှုကို မထိန်းချုပ်နိုင်ရှာ။ ပတ်ထွိုင်က

'ခမ်း. . မင်း ကွန်ဒိုမှာ ငါမရှိဘဲ မင်းတို့နှစ်ယောက် ဘယ်လိုပြောဆိုဆက်ဆံကြမလဲ'

ခမ်းက ဘောင်းဘီအိတ်ထဲမှ ယိုးဒယားစကားပြောစာအုပ်ကို ထုတ်ပြလိုက်သည်။

'တွေ့လား. . ငါ သူ့ကို တွေ့ကတည်းက ဆောင်ထားပြီးသား၊ နောက်ပြီး International language နဲ့ ပြောလည်း သူနားလည်မှာပါ၊ သူ့ ဒီလောက် မအပါဘူးကွာ'

ခမ်းလုပ်ပြသော လက်ဟန်ခြေဟန်များကိုကြည့်ပြီး ပတ်ထွိုင်က တဟားဟားအော်ရယ်တော့သည်။

ဩော်. . ဘယ်လိုပတ်သက်မှုမျိုးပါလိမ့်. . . တခြား မိန်းကလေးတွေကျတော့ သူတို့ကို စိတ်ဝင်စားတဲ့ ယောကျ်ားလေးတွေ





ဆီက အမူအရာနဲ့စပြီး သတိထားမိကြမှာပါ။ အိုင်းရစ်မှာတော့. . သူ့စကားတွေကြားပြီး ကျောတောင် စိမ့်နေပြီ။ ဒါနဲ့များ သူနဲ့တစ်မိုးအောက်မှာ အတူလိုက်နေဖို့ ဘာဖြစ်လို့ ဆုံးဖြတ်မိတာလဲ မသိတော့ပါဘူး။

ဘာပဲပြောပြော သူဟာ အိုင်းရစ်ရဲ့အသက်သခင်ကျေးဇူးရှင်ပါ. . တဒင်္ဂလေးတွေလိုက်ရုံနဲ့ သူ့ကို ယုံကြည်သွားမိသည်။ သူဟာ အိုင်းရစ်ကို စိတ်ငြိုငြင်အောင် လုပ်မယ့် လူစားမျိုး မဟုတ်လောက်ပါဘူးလေ. .

'ခမ်း. . သူ့အဝတ်အစားတွေ ပြန်ယူရမှာပေါ့'

'No..no...အကုန် အသစ်ဝယ်ပေးမယ်. . ဒါတွေ ငါ့ါတာဝန်ထားလိုက်ကွာ'

ဆေးရုံက ဆင်းလို့ရပြီဆိုတော့ ခမ်းက အိုင်းရစ်ကို စွေ့ကနဲပွေ့ချီပစ်လိုက်သည်။ အလစ်မှာအငိုက်မိသွားတဲ့အတွက် အိုင်းရစ်တ ယောင်ပြီး မြန်မာလိုထွက်သွားမလို့ သီသီကလေးလိုတော့သည်။ ပါးစပ်ကို အမြန် ဘရိတ်အုပ်ပြီး ယိုးဒယားလို ပြန်ပြောရသည်။

'ရပါတယ်. . အိုင်းရစ် လမ်းလျှောက်သွားပါ့မယ်'

ပတ်ထွိုင်က သူ့သူငယ်ချင်းကိုယ်စား ပိတ်ပြီး ပြောသတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'သူ အရမ်းစိတ်ပူနေတယ်၊ ရမှာ မဟုတ်ဘူး. . ဒီတိုင်းပဲ နေလိုက်'

သူ့ရင်အုပ်ကျယ်ကျယ်ကြီးထဲမှာ အိုင်းရစ် ငြိမ်နေရသည်။ သန်မာသော၊ တောင့်တင်းသော သူ့လက်များက မြဲမြဲလှသည်။

အိုင်းရစ်ခန္ဓာကိုယ်လေးက သွယ်တော့ သူ့အတွက် ဘာမှ အပန်းမကြီးသလိုပင်. . .

ခက်တာက လူတွေ။ လူတွေက သူတို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည်။

ကောင်လေးက ကောင်မလေးကို သဲသဲလှုပ် ကြင်နာနေသည်ဟု ထင်ကောင်းထင်ကြလိမ့်မည်။ သူကလည်း သူပဲလေ. . . အိုင်းရစ်ကို တစ်ချိန်လုံး အရိပ်တကြည့်ကြည့်လုပ်နေတာကိုး. .

တစ်ခါမှမခံစားဖူးတဲ့ ခံစားမှုမျိုး အိုင်းရစ်ရင်ထဲကို ဘာကြောင့် ရောက်လာတာလဲ။ အိုင်းရစ်က ရှက်တတ်လို့လား၊ အရှက်အကြောက်ကင်းကင်းနဲ့ရပ်တည်ခဲ့တာ ဘယ်လောက်ကြာနေပြီလဲ။ မိန်းကလေးဆိုတဲ့ ဘဝကြီးကိုလည်း မေ့ထားခဲ့တာပဲ။

ဒါပေမယ့် ဒီနေ့ အိုင်းရစ် ရှက်နေတယ်. . ရင်တွေလည်း ဖိုနေတယ်လေ။ အဲဒါ. . သူ့ကြောင့်ပေါ့. . .

✦



သူတစ်ယောက်တည်း နေတဲ့ ကွန်ဒိုအခန်းဟာ ဝင်လိုက်တာနှင့် စိတ်ကို ကြည်လင်သွားစေသည်။

အဖြူရောင်ကြိုက်သူဟု ယေဘုယျအားဖြင့် ခန့်မှန်းလို့ရလောက်အောင် တစ်ခန်းလုံးမှာ အဖြူရောင်တွေ လွှမ်းနေသည်။ ဆိုဖာဆက်တီအဖြူရောင်၊ ခန်းဆီးလိုက်ကာ အဖြူရောင်။ အလှထိုးထားတဲ့ ပန်းအိုးမှာလည်း နှင်းဆီပန်းအဖြူရောင်။ ယောက်ျားလေးဆိုပေမယ့် သူဟာ စည်းစနစ်ကျသူတစ်ယောက် ဖြစ်ရမည်။

ခမ်းနားသည် ကောင်မလေးကို သက်သောင့်သက်သာရှိစေရန် အိပ်ခန်းတစ်ခုထဲရှိ ကုတင်ပေါ်သို့ ချပေးလိုက်သည်။

ပတ်ထွိုင်ဆီမှ ကြားဖူးနားဝရှိသော ယိုးဒယားစကားများဖြင့် သူမနှင့်ရင်းနှီးဖို့ သူ စတင်ကြိုးစားတော့သည်။

'ဒီမှာ အေးအေးဆေးဆေး အိပ်လို့ရတယ်၊ ကိုယ့်အိမ်လိုသဘောထားပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောပြီး စာအုပ် တစ်ခါလှန်ပြန်သည်။ သူ ဘာထပ်ပြောချင်လို့ရှာနေတာလဲတော့ မသိ။ သူ့ကိုကြည့်ရတာ မသက်သာပါ။

ရှင် ပြောချင်တာပြော၊ ကျွန်မ နားလည်တယ်လို့သာ ပြောလိုက်ချင်သည်။ ဒါပေမယ့် ဒီလိုပြောဖြစ်မှာ မဟုတ်မှန်း အိုင်းရစ် သိနေသည်။

အတော်လေးကြာတော့မှ သူက

'ဗိုက်ဆာနေပြီလား. . ထမင်းစားမလား'

ဟု မေးသည်။

အိုင်းရစ်က ခေါင်းခါပြလိုက်သည်။ သူနှင့်နီးကပ်စွာရှိနေပြီး သူ သုံးနေကျဖြစ်ဟန်တူသော အကောင်းစားရေမွှေးနံ့ကို ယဉ်ပါးလာသလိုရှိသည်မို့ နေရတာ နည်းနည်းကျဉ်းကျပ်လာသည်။

အိုင်းရစ် ထမင်းမစားဘူးလို့ငြင်းတယ်ထင်ပြီး သူ့မှာ ပျာယာတွေ ခတ်သွားသည်။

ပထမဆုံး သူက အိုင်းရစ်ဆံပင်လေးတွေကို သပ်တင်ပေးပြီး နဖူးလေးကို စမ်းကြည့်သည်။

'(ခွန်)ဆဘိုင်မိုင် (မင်း နေကောင်းရဲ့လား)'

ဟုလည်း မေးသည်။





'အိုင်းရစ် ကော်ဖီသောက်ချင်တယ်'

ဒါတော့ သူနားလည်ပုံရသည်။ ချက်ချင်းထပြီး ဘလက်ကော်ဖီတစ်ခွက် သွားဖျော်လာပေးသည်။ ထို့နောက် ရေခဲသေတ္တာထဲမှ ဆင်းဒ်ဝစ်ချ်ပေါင်မုန့်တွေ ယူလာပေးသည်။

အိုင်းရစ်မှ တစ်ခုခုမစားလျှင် မဖြစ်တော့သည့်ပုံမို့ သူ့ကို အားနာပြီး အိုင်းရစ်က ကော်ဖီနှင့် ဆင်းဒ်ဝစ်ချ်တစ်ခုကို ဝင်အောင် စားပြလိုက်ရသည်။

'အိုင်းရစ်. . ဒီ night dress လေး လဲဝတ်လိုက်ပါလား. . ဒါ ကိုယ့်အမေ ဒီလာရင် ဝတ်တဲ့ဝတ်စုံပါ'

ရှင်က သိပ်လည်တာပဲ. . ရှင့်အပေါ် အမြင်စောင်းမှာစိုးလို့ ကြိုပြီး ကာထားတာပေါ့လေ. .

အိုင်းရစ်က သူ့ကို စချင်လာသဖြင့်

'Are you single, sure'

သူက အိုင်းရစ်မျက်နှာကို စေ့စေ့ကြည့်ကာ ပြုံးပြီး

'No'

ဟု ပြောပြီး အိုင်းရစ်ကိုတစ်လှည့်၊ သူ့ကိုယ်သူတစ်လှည့် လက်ညှိုးထိုးပြလိုက်သည်။ အိုင်းရစ်မျက်နှာမှာ ရှက်ရိပ်လေး ဖြာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ ဘယ်လိုကုန်လို့ ကုန်သွားမှန်း မသိရအောင် သူနှင့်အိုင်းရစ် လေပေးဖြောင့်နေသည်။ အင်္ဂလိပ်လို ပြောလိုက်၊ ယိုးဒယားလို ညှပ်ပြောလိုက်နှင့်. . တစ်ခါတလေ International languageတွေ သုံးလိုသုံးနှင့် အဟုတ်ကြီး ဟုတ်နေကြသည်။

နည်းနည်းအေးလာတော့ ခမ်းက သူ ဝတ်ထားသည့် ဂျာကင်ကို ချွတ်ပြီး အိုင်းရစ်ကို ဝတ်ပေးသည်။

တအံ့တသြမော့ကြည့်လာတဲ့ မျက်ဝန်းလေးမှာ အားကိုးမှုတွေပါနေသည်။ နွေးထွေးနေသည်။

ဘာပဲပြောပြော ဒီအချိန်မှာ သူဟာ အိုင်းရစ်ရဲ့အားကိုးရာဖြစ်ရမည်။ သူ့ရဲ့အယုအယတွေဟာ မိဘတွေနဲ့ဝေးကွာနေတဲ့ အိုင်းရစ်အတွက် ဆေးတစ်ခွက်ဖြစ်စေရမည်။

ရင်ထဲမှာမြစ်ဖျားခံပြီးစီးဆင်းလာတဲ့ ချစ်ခြင်းမေတ္တာဖြင့် အိုင်းရစ်ကို ပြုစုပေးဖို့ ဆုံးဖြတ်ထားပြီးသား. .

'အေးလာပြီ အိပ်လိုက်ပါလား'

ခမ်းက ယိုးဒယားလိုပြောပြီး အိပ်ခိုင်းတော့ ကောင်မလေးက ခမ်းမျက်လုံးကို လက်ညှိုးထိုးပြပြီး

'ဘယ်အချိန်ထိ ထိုင်ကြည့်နေဦးမှာလဲ'

ဟု မေးသည်။ ခမ်း ရှက်သွားသည်။

*ဆောင်းညပြာသဝိစာပေ*



သို့သော် မရှက်ဟန်ဆောင်ကာ ခပ်တည်တည်ပင်

'မင်း မအိပ်မချင်း. . . ကဝ. . အိပ်ပျော်သွားလည်း ကြည့်နေဦးမှာပဲ'

သူက မတတ်တတတ် အင်္ဂလိပ်လို ပြောလိုက်၊ ယိုးဒယားလိုပြောလိုက်၊ ပြောနေသမျှ ကောင်မလေးက နားလည်ပုံရလို့ တော်ပါသေးရဲ့. . အခုအချိန်ထိပေါ့. .

သူ့ကို အိုင်းရစ် လှည့်စားနေတာ မဟုတ်ဘူး။ ဖျားယောင်းနေတာလည်း မဟုတ်ဘူး။ အတိတ်ကို ဖုံးကွယ်ထားတာ တစ်ခုပဲ။ ဒါဟာလည်း ဘယ်နေ့ဘယ်အချိန်ထိ ဖုံးထားနိုင်မှာလဲ. . . ဖြစ်နိုင်ရင် သူမက သေတဲ့အချိန်ထိ တတ်နိုင်သမျှ ဖုံးကွယ်ဖို့ ကြိုးစားသွားမှာပဲ. .

ဒီနေ့ညလေးဟာ အိုင်းရစ်ဘဝမှာ တကယ့်ကို ထူးထူးခြားခြားနဲ့ ရှားရှားပါးပါးညလေးတစ်ညပါပဲ။

အထီးကျန်ခဲ့တာ ညပေါင်း မရေတွက်နိုင်တော့ပြီပဲ. . ဒီနေ့ညမှာ သူ့ကြောင့် အိုင်းရစ် ပျော်ရတယ်၊ မခံစားဖူးတဲ့ ကြည်နူးမှုနဲ့ ရသအသစ်တွေကို ခံစားလိုက်ရတယ်. .

အဲဒီခံစားမှု တစ်ခုတည်းနဲ့တင် သူမဘဝမှာ လုံခြုံသွားသလို ခံစားရသည်။

*ဆောင်းညပြာသဝိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို အိုင်းရစ်တစ်ယောက်တည်း ဘယ်လောက်တောင် အားကိုးရာမဲ့ခဲ့သလဲ. . သူစိမ်းတွေနေတဲ့အရပ်မှာလေ. .

ဒီဇင်ဘာညက စိမ့်ပြီးအေးနေသည်။ အပြင်မှာ ဆောင်းရဲ့ သင်္ကေတ နှင်းမြူလေးတွေ ကျနေမလား မသိဘူး. .

ဒါပေမယ့် အိုင်းရစ် ရင်ထဲမှာတော့ နွေးနေတာပဲ. . . သူ့ အနားမှာ နေရတာ တကယ်ပဲ နွေးထွေးလှသည်။

သူဟာ အိုင်းရစ်ကို အရိပ်လိုကြည့်နေတာက လွဲလို့ အိုင်းရစ်ဘဝနောက်ကြောင်းတွေကို လျှောက်မေးနေတဲ့လူမျိုး မဟုတ်ဘူး။ တစ်ချိန်လုံး အိုင်းရစ်လိုအပ်သမျှကိုစဉ်းစားပေးပြီး ဖြည့်ဆည်းပေးဖို့ ကြိုးစားနေပုံ ရသည်။ သူမဘဝမှာ အရမ်းကြင်နာတတ်တဲ့ ယောကျ်ားတစ်ယောက်ကို တွေ့ဖူးသွားပါပြီ။ အဲဒါ ခမ်းပေါ့။

ဒယ်ဒီ့ကို ခမ်းအကြောင်း ပြောပြချင်လိုက်တာ. . .

ဒယ်ဒီ. . အခုနေကောင်းရဲ့လား။ အိုင်းရစ်မရှိဘဲ ဘဝမှာ ပျော်ပျော်နေတတ်ပြီလား။ နေတတ်မှာပါလေ၊ ဒယ်ဒီ့မှာ အိုင်းရစ် မရှိပေမယ့် တခြားတစ်ယောက်ရှိနေသေးတာပဲ. .

ဒယ်ဒီက အိုင်းရစ်ကို ရက်ရက်စက်စက်ထားရစ်ခဲ့တယ် နော်. . .

စကားပြောရင်းမှ အသံလေး တိတ်သွားပြီး ငေးငေးလေး





ဖြစ်သွားသောအိုင်းရစ်အမူအရာကြောင့် ခမ်းတစ်ယောက် ပျာသွားပြန်သည်။ 'နေကောင်းရဲ့လား'ဟု တွင်တွင်မေးနေတော့သည်။

အိုင်းရစ် စိတ်အပြောင်းအလဲလေးဖြစ်သွားအောင် ခမ်းက

'အိုင်းရစ်. . မင်းကို ကိုယ်တို့မြန်မာဗီဒီယိုဇာတ်ကား ပြချင်တယ်၊ ကြည့်မလား'

'စိတ်ဝင်စားဖို့ ကောင်းသားပဲ'

ခမ်း ပြသော ဇာတ်ကားထဲမှ သရုပ်ဆောင်တွေကို သူမ သိပ်မသိပါ။ မသိဆို မြန်မာပြည်နှင့်ဝေးကွာနေတာ ကြာလှပြီပဲ။

အဲဒီဇာတ်ကားထဲမှာ အဖေလုပ်တဲ့လူကြီးက သူ့သမီးကို ငဲ့ထားမတတ်ချစ်ပြီး အလိုလိုက်နေတာတွေရတော့ အိုင်းရစ်မျက်လုံးထဲမှာ ငယ်ငယ်က ပုံရိပ်လေးတွေ ပြန်ပြီး ရစ်ဝဲလာကြသည်။

ဒီလူကြီးက ဒယ်ဒီနဲ့သိပ်တူတာပဲ. . ကြည့်ရင်းကြည့်ရင်းနဲ့ ဒယ်ဒီ့ကို ပိုပြီး သတိရလာသည်။

ရစ်ဝဲလာသော မျက်ရည်စတွေကို မျက်တောင် တဖျပ်ဖျပ်ခတ်ကာ ပြန်သိမ်းနေရသည်။

သူ့ရှေ့မှာ အိုင်းရစ် ငိုလို့မဖြစ်ဘူး။

သူက အိုင်းရစ်ကို မြန်မာကား ကြည့်ပြီး ဘာသာပြန်ပြနေသည်။ ဆိုဖာဖြူဖြူလေးပေါ်မှာ ထိုင်ပြီး ဇာတ်ကားကြည့်နေသော



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရစ်သည် သောက်ထားသော ဆေးရဲ့အရှိန်ကြောင့် တဖြည်းဖြည်း ငိုက်မျဉ်းလာသည်။

ခမ်းက ပွဲကြည့်လိုက်၊ ဘာသာပြန်လိုက် လုပ်နေရာမှ အိုင်းရစ်ဆီ ငဲ့ကြည့်မိစဉ် အပြစ်ကင်းစွာ အိပ်ပျော်နေပြီဖြစ်သော သူမကိုတွေ့ရသည်။ အိပ်နေတာလေးက သနားစရာလေး. .

ခမ်းက အိပ်ပျော်နေသောသူမမျက်နှာလေးကို အကြာကြီး ထိုင်ကြည့်နေမိသည်။ ပြီးတော့မှ သူမကိုယ်လေးကို စွေ့ခနဲပွေ့ချီကာ အခန်းထဲရှိ ကုတင်ပေါ် ချပေးလိုက်သည်။

မီးရောင်မှိန်မှိန်လေးအောက်မှာ ဝင်းပကာ စင်ကြယ်နေသော အိုင်းရစ်မျက်နှာလေးက စွဲမက်စရာကောင်းလှသည်။ မျက်တောင်လေးတွေက ကော့ပြီး နှာတံလေးက စင်းနေသည်။

ဘယ်လိုအကြောင်းကံကြောင့် ဒီကောင်မလေးကို မြင်မြင်ချင်း အရှုံးအမှူးဖြစ်သွားရတာလဲ. .

အတိတ်ဘဝက ရေစက်ပါခဲ့တယ်ဆိုရင်လည်း ဒီဘဝမှာ မင်းနဲ့ပေါင်းဖက်ခွင့်ရချင်တယ် ကလေးရယ်. .

ဒီနေ့ဟာ သူ့ဘဝအတွက် တန်ဖိုးဖြတ်လို့မရနိုင်တဲ့နေ့တစ်နေ့ပဲ. .

တစ်ခါတစ်ရံတော့ ဘဝမှာ စိတ်လှုပ်ရှားစရာကောင်းတဲ့





ကစားပွဲလေးတွေရှိဖို့ လိုအပ်သည်။ လိုချင်တာတွေ တန်းစီပြီး လိုတာရ ဖြစ်နေတော့လည်း ဘဝဆိုတာ ပျင်းစရာကောင်းလာသည်။

သူ့ဘဝက လှိုင်းလေထန်တဲ့ ပင်လယ်ပြင်နှင့်မတူဘဲ တည်ငြိမ်နေတဲ့ ကန်ရေပြင်နှင့်တူနေသည်။

တစ်ပြည်သူလေးကိုတွေ့တော့မှ ရင်ခုန်တတ်လာတာ သူပဲသိသည်။ မြန်မာပြည်မှာ မိန်းကလေး မတွေ့ဖူးတာ မဟုတ်။ တွေ့လွန်းလို့ ရင်မခုန်တော့တာ. .

သူနဲ့လာပတ်သက်သမျှ မိန်းကလေးဆိုတာကလည်း သူ့ရဲ့ အရှိန်အဝါနှင့်ငွေကြေးကိုသာ ကိုးကွယ်ချင်သူဖြစ်သည်။ သူလိုချင်တာက တကယ်စစ်မှန်တဲ့ချစ်ခြင်းမေတ္တာ. . ရင်ထဲက လာတဲ့ အနှစ်တို့ လိုချင်တာ. .

ဒီမှာကျတော့ အိုင်းရစ်ဆိုတဲ့ ကောင်မလေးက သူ့နောက်ကြောင်းရာဇဝင်ကို ဘာမှသိတာမဟုတ်။ အဲဒီအတွက် ဟန်ဆောင်မျက်နှာဖုံးတွေ တပ်နေစရာမလိုဘဲ ပွင့်ပွင့်လင်းလင်းပြောချင်တာပြောသည်။

နှစ်ယောက်ကြားထဲမှာ သတိထားဆက်ဆံစရာအကြောင်းမရှိတော့ အရာအားလုံးက OKနေသည်။



www.burmeseclassic.com

www.burmeseclassic.com

အိုင်းရစ် နိုးလာတော့ ကြုံတွေ့ခံစားရတဲ့အဖြစ်အပျက်လေးတွေက ပြောပြလို့မရနိုင်အောင် နက်ရှိုင်းနွေးထွေးစေသည်။ ရှင် ဘယ်လိုလူလဲ ခမ်း. . ဘာကြောင့် ကျွန်မကို ညှို့ယူဖမ်းစားနေတာလဲ. .

အချစ် ဆိုတာကို. . အယုံအကြည် မရှိလို့ မကိုးကွယ်ခဲ့တဲ့ ကျွန်မ. . ခုတော့ အချစ်ရဲ့ဖျားယောင်းမှုအောက်မှာ ကျဆုံးဖို့ တဲတဲကလေး လိုတော့တာ ရှင်သိရဲ့လား. .

ခမ်းက အိုင်းရစ်အတွက် သွားပွတ်တံမှာ သွားတိုက်ဆေး အဆင်သင့် ထည့်ထားပေးသည်။ အရင်က. . ဟိုး. . ကုန်လွန်ခဲ့တဲ့ အတိတ်မှာ ဒယ်ဒီလည်း ဒီလိုထည့်ပေးခဲ့ဖူးတာပဲ. .

သူ့ကိုကြည့်လိုက်တော့ အိုင်းရစ်ကုတင်နံဘေးက ဆိုဖာပေါ်မှာ အိပ်ပျော်နေသည်။ စောင်လည်း မခြုံထားဘူးပဲ. . အိုင်းရစ် ညက ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိပါဘူး။ ဒီကုတင်ပေါ်





လည်း သူပဲ ရွှေ့ပေးခဲ့ပုံရသည်။ နွေးအိနေတဲ့ ခြုံစောင်ကလည်း သူခြုံပေးခဲ့တာပဲ နေမှာ. .

မေတ္တာတရားမှာ အသွားအပြန်ရှိတယ်ဆိုတာ မှန်မှာပါ။ သူအိပ်နေတုန်း ယောကျ်ားတန်မဲ့ ကြည့်လို့ အရမ်းကောင်းတဲ့ သူ့မျက်နှာလေးကို အိုင်းရစ် ငေးနေမိသည်။

ပြီးတော့မှ သူ့ရင်ဘတ်ပေါ် စောင်တစ်ထည်ယူပြီး ခြုံပေးလိုက်သည်။

အအိပ်ဆတ်သောသူက မျက်လုံးတွေ ဖျတ်ခနဲပွင့်လာ၏။ သူနိုးလာတော့ အိုင်းရစ် တစ်ချက်တော့ တုန်သွားသည်။ လူမသိအောင် ခိုးလုပ်တဲ့ကိစ္စလေးတစ်ခု လူမိခံလိုက်ရသလို ရှက်လည်း တော်တော်ရှက်သွားသည်။

ခမ်းက ကောင်မလေးကို ကြည်နူးစွာ ပြုံးပြမိသည်။ ဟုတ်တယ်လေ. . ဒီနေ့နံနက်ခင်းလောက် လောကမှာသာယာတာ ရှိနိုင်ပါဦးမလား. . ကိုယ် တိတ်တခိုးချစ်နေရတဲ့သူက ကိုယ့်နံဘေးမှာ ရှိနေတဲ့အဖြစ်. . . တကယ်တွေးကြည့်ရင် အိပ်မက်လိုပဲ. .

'Good morning အိုင်းရစ်. . မျက်နှာသစ်ပြီးပြီလား'

သူ ယိုးဒယားလိုမေးတော့ ကောင်မလေးက ခေါင်းခါပြသည်။ သူက ဆတ်ခနဲထရပ်လိုက်ကာ အိုင်းရစ်လက်ကို ဆွဲပြီးခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ရုတ်တရက်ဆိုတော့ အိုင်းရစ် ကြောင်သွားတာပေါ့. . basinရှေ့ ရောက်တော့ သူ ဘာလုပ်တယ် ထင်သလဲ. . .

ခမ်းရယ်. . ရှင်. . ကျွန်မကို အခု ဘာလုပ်ပေးနေတာလဲ၊ မျက်နှာသစ်ပေးနေတာလားဟင်. . ဟင့်အင်း. . ကျွန်မ မယုံနိုင်ပါဘူး. . အိပ်မက် မက်နေတာ မဟုတ်ပါဘူးနော်။

ခမ်းက ကောင်မလေးကို ကလေးလေး တစ်ယောက်လို တယုတယ မျက်နှာသစ်ပေးနေမိသည်။

သွားတိုက်ပေးမလို့လုပ်တော့ အိုင်းရစ် ငြင်းမိသည်။ တော်လောက်ပါပြီရှင်၊ ဒီထက်ပိုပြီး အယုအယတွေခံရရင် ကျွန်မအတွက် အဆိပ်အတောက်တွေ ဖြစ်ကုန်မှာ စိုးလို့ပါ။

သူက ဘာမှမပြောဘဲ အိုင်းရစ် သွားတိုက်လို့ပြီးတဲ့အထိ မျက်နှာသုတ်ပဝါလေးကိုင်ပြီး စောင့်နေသည်။

အခုမှ ကလေးလေး ပြန်ဖြစ်သွားသလို ခံစားရသည်။

စိတ်ရှည်လက်ရှည် မျက်နှာသုတ်ပေးနေပြန်သည်။ အိုင်းရစ်စိတ်ထဲမှာ ဘာကိုသွားပြီး စိုးရိမ်မိသလဲဆိုတော့ မြန်မာလူမျိုး တစ်ယောက်ယောက်သာ သူတို့နှစ်ယောက်ရဲ့လက်ရှိအခြေအနေကို တွေ့သွားရင် တစ်မျိုးထင်သွားနိုင်သည်။

ခမ်းနား သူမအပေါ် ပြုမူနေပုံတွေက အသစ်စက်စက်ဇနီး





တစ်ယောက်ကို အလိုလိုက်ကာ တယုတယနေပုံမျိုး ဖြစ်နေသည်။ ဒါကို သူမ သာယာမိနေတာလား မဆိုနိုင်ပါ။

'ဘာစားချင်သလဲ အိုင်းရစ်. . တစ်ခုခု စားပြီးရင် ဆေးသောက်ရမယ်'

သူက ဂရုတစိုက်မေးနေတော့ အားနာလာသည်။ တကယ်လည်း သူမဗိုက်ထဲမှာ ဟုတ်တိပတ်တိ အစာမရှိလေတော့ ဗိုက်ဆာနေပြီဖြစ်သည်။ လူက နုံးချိနေတုန်းပင်. . စိတ်ထဲမှာ တောင့်တနေတာက ကြွေသယ်ပို့ပူပူလေးကို ချဉ်ချဉ်စပ်စပ်လေး စားပစ်လိုက်ချင်သည်။

အိုင်းရစ် ဖွင့်မပြောရသေးခင် သူက ကြွေသယ်ပို့စားမလားဟု ကောက်ခါငင်ခါ မေးလာလေသည်။ အံ့ဩလွန်းလို့ ပါးစပ်လေး တောင် ပွင့်ဟလာသည်။ သူမစိတ်ထဲမှာ ဘာရှိတယ်ဆိုတာ သူသိနေသလား မဆိုနိုင်ပါ။ ဒါကိုပဲ သူ့မှာ ရယ်လို့မဆုံးတော့။ ပြီးတော့မှ

'ဟုတ်တယ် မဟုတ်လား၊ အဲဒါစားမယ် မဟုတ်လား. . . ခဏစောင့်နေနော်၊ ကိုယ် သွားဝယ်လာပေးမယ်. . အပြင်က သော့ခဏခတ်သွားမယ်. . ဘာဖြစ်လို့လဲ သိလား. .'

သူမေးနေတာကို အိုင်းရစ် နားလည်ပါသည်။ ဘာမှ အဖြေပြန်မပေးဘဲ သူ့ကိုသာ ခပ်ငေးငေးလေးကြည့်နေမိသည်။ ရုတ်သင်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ မေးရိုးတစ်လျှောက် စိမ်းဖန့်နေသည်။ ဖြူသောအသားမှာ သူဝတ်ထားတဲ့ ရှပ်အင်္ကျီမီးခိုးရောင်လေးနှင့်ဟပ်နေသည်။

'မင်းထွက်သွားမှာစိုးလို့'

ပြောပြီး သူက လက်ပြနှုတ်ဆက်ကာ အပြင်သို့ ခပ်သွက်သွက်ကလေး ထွက်သွားလေသည်။

သူပြောသည့်အတိုင်း သော့ကို ခတ်ဖြစ်အောင် ခတ်သွားလေသည်။

ဒီလောက်တောင် အိုင်းရစ်ကို မျက်စိအောက်က အပျောက်မခံနိုင်ဖြစ်နေပြီလား ခမ်း. .

ရှင့်စိတ်တွေကို ပြန်ပြီးဆန်းစစ်ပါဦး။ ကျွန်မလို လူ့အသိုင်းအဝိုင်းရဲ့အပြင်ဘက်က မိန်းမတစ်ယောက်ကို ရှင် လာမတွယ်သင့်ပါဘူး. . ဒဏ်ရာဒဏ်ချက်တွေ မပေးချင်ဘူး ခမ်းရယ်. .

အိုင်းရစ်တစ်ယောက်တည်း အခန်းထဲမှာ လှည့်ပတ်ကြည့်ရင်း နံရံပေါ်က ဓာတ်ပုံလေးတစ်ပုံကိုတွေ့တော့ စိတ်ဝင်စားသွားပြီး ရပ်ကြည့်နေမိသည်။

အင်မတန်မှ ထက်ထက်မြက်မြက်ရှိသည့်အမျိုးသမီး. . . ကြည့်လိုက်တာနှင့် သိသာနေသည်။ ဓာတ်ပုံထဲက မိန်းမကြီးသည် အရှိန်အဝါတစ်မျိုး ရှိကိုရှိနေသည်။ ခမ်းနားနှင့်တွဲပြီးရိုက်ထားသ





လို ရှပ်ချင်းလည်း ဆင်နေတော့ သားအမိပဲဆိုတာ သူမ အလိုလိုသိလိုက်သည်။

ဟုတ်မှာပါ. . ညတုန်းက သူ့အမေ ဝတ်တဲ့ ညဝတ်အင်္ကျီကို ပေးဝတ်ခဲ့သေးတာပဲ. .

အိုင်းရစ် ခုမှ သတိရလာသည်။ သူမမှာ အဝတ်အစားပို ပါမလာခဲ့ပါ။ လူက ငြီးစီစီကြီးဖြစ်နေပြီမို့ ရေကို တဝကြီးချိုးပစ်လိုက်ချင်သည်။ သူ မရှိတုန်း စိမ်ပြေနပြေ ချိုးလိုက်ချင်သည်။

အိုင်းရစ်သည် မြန်မာလူပျိုလေးတစ်ယောက်ရှေ့မှာ လွတ်လွတ်လပ်လပ်မရှိဘဲ ရှက်နေမိသည်။ ဒါဆို သူမဆီမှာ မြန်မာမလေးတစ်ယောက်ရဲ့ မြန်မာပီသတဲ့စိတ်တွေ ရှိနေသေးတာပေါ့. .

အိုင်းရစ်သည် သူမတစ်ယောက်တည်း ဟူသောအသိဖြင့် သီချင်းလေး တညည်းညည်းဖြင့် ရေချိုးခန်းထဲဝင်ကာ ရေကို စိမ်ပြေနပြေချိုးနေမိသည်။

အခုမှပဲ လူက လန်းဆန်းသွားသည်။ ရေချိုးခန်းထဲရှိ စပီကာမှ သီချင်းသံ ငြိမ့်ငြိမ့်လေး ထွက်နေသည်။ ခမ်း ဖွင့်ထားခဲ့ပုံရသည်။သီချင်းသံအောက်မှာ နစ်မြောရင်း ရေပန်းအောက်မှာ တဖွာဖွာကျဆင်းနေတဲ့ ရေတွေက အိုင်းရစ်ကို တခြားကမ္ဘာလေးတစ်ခုဆီ ခေါ်ဆောင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရာရာကို မေ့မြောသွားပြီး ရေချိုးခြင်းတစ်ခုတည်းမှာပဲ သူ့အာရုံက ရှိတော့သည်။

မုန့်ဝယ်ပြီးပြန်လာသောခမ်းသည် အိုင်းရစ်အတွက် အဝတ်အစားတွေ ဝင်ဝယ်နေသဖြင့် အချိန်နည်းနည်းနောက်ကျသွားသည်။ အိုင်းရစ် ဗိုက်များ ဆာနေမလားဆိုပြီး ခပ်သုတ်သုတ်ကလေး လမ်းလျှောက်လာသည်။ သော့ဖွင့်ပြီး ဝင်ဝင်ချင်း အိုင်းရစ်ကို သူလိုက်ရှာမိသည်။

သူ သော့ခတ်သွားတာကိုမေ့ပြီး အိုင်းရစ်များ အပြင်ထွက်သွားမလားဟု ရူးသွပ်စွာတွေးမိသွားသည်။ ထိုအချိန်မှာပဲ သူ့ရင်တွေ မီးစနှင့်ထိုးသလို နာကျင်လာသည်။ ပူပန်လာသည်။

သူ့ကွန်ဒိုအခန်းထဲမှာ ရှိရှိသမျှအခန်းတွေအားလုံး ဖွင့်ပြီးရှာမိသည်။ အိုင်းရစ် အိပ်သောအခန်းသည် ရေချိုးခန်း အိမ်သာတွဲလျက်ပါသော Master bed room မို့ ရေချိုးခန်းတံခါးကို သူ့ဆီမှာရှိသောသော့ဖြင့် ဖွင့်ပြီး အကြည့်. . .

အိုင်းရစ်က သူ့ကို မမြင်ပါ။ ရေချိုးမြဲ ချိုးလျက်. . သူမှာသာ မြင်လိုက်ရသောမြင်ကွင်းကြောင့် အသက်ရှူဖို့ ခေတ္တမေ့လျော့သွားသည်။ သူ့အမှားပါ. . သူ မစဉ်းစားမဆင်ခြင်ဘဲ ဆန္ဒစောမိလို့. . အခု ဘာဆက်လုပ်ရမှာလဲ. . .

*ဆောင်းညဖြာသို့စာပေ*



အပျိုစင်မိန်းကလေးတစ်ယောက်ရဲ့ ပကတိအလှကို မျက်ဝါးထင်ထင် မြင်တွေ့ဖူးခြင်းသည် သူ့ဘဝတွင် ပထမဆုံး အတွေ့အကြုံဖြစ်သည်။

အိုင်းရစ်သည် နောက်ကျောမလုံသလို ခံစားလာရသဖြင့် အနောက်သို့ လှည့်အကြည့် ခမ်းကို မြင်သွားပြီး စူးရှသောအသံဖြင့် အော်ပါတော့သည်။

'အား. . .'

ခမ်းနားက ကောင်မလေး ရှက်လို့အော်တာ ထင်၍ မျက်နှာသုတ်ပဝါအကြီးကြီးယူပြီး ပစ်ပေးကာ အခန်းပြင်သို့ ပြေးထွက်လာခဲ့မိသည်။ ထိုအချိန်ထိ သူ့ရင်တွေ ပရမ်းပတာခုန်နေဆဲပင်။ ရင်ခုန်နေသည့်ကြားမှပင် ကောင်မလေး သူ့အရိပ်အောက်မှာ ရှိနေခြင်းအတွက် ဝမ်းသာမိသေးသည်။

အိုင်းရစ်ကို ဘယ်လိုမျက်နှာပြရမလဲ မသိတော့ဘူး. .

မဟုတ်သေးပါဘူး. . ရှက်ချင်းရှက် သူက မိန်းကလေးပဲ၊ သူ ရှက်နေမှာပေါ့. .

အိုင်းရစ်က ရေချိုးခန်းထဲမှ တော်တော်နှင့်ထွက်မလာပါ။ သူဝယ်လာတဲ့ မုန့်တွေတောင် အေးကုန်ပြီမို့

'အိုင်းရစ်ရေ. . ထွက်ခဲ့ပါတော့'

*ဆောင်းညဖြာသို့စာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်နှာပူစွာ ခေါ်မိသည်။ အပျိုစင်လေးက ရှက်နေရှာမှာ. . ခမ်းသည် သူကိုယ်သူ အပြစ်တင်လို့ မဆုံးတော့။

တံခါးပွင့်လာပြီး အိုင်းရစ်ရဲ့မျက်နှာလေး ပေါ်လာသည်။ ကောင်မလေးကြည့်ရတာ တော်တော်သွေးပျက်နေပုံရသည်။ ချမ်းလို့ နှုတ်ခမ်းကလေးတောင် တဆတ်ဆတ်တုန်နေရှာသည်။ ခမ်းက ကောင်မလေးကို တောင်းပန်မိသည်။

'တကယ့်ကို မတော်တဆပါ၊ ကိုယ့်ကို တမျိုးမထင်စေချင်ဘူး။ မင်း ထွက်သွားပြီထင်လို့ မှန်ထူပြီးဖြစ်သွားတာ နားလည်ပြီး ခွင့်လွှတ်ပေးစေချင်တယ် အိုင်းရစ်'

အိုင်းရစ်ထံမှ ဘာအသံမှထွက်မလာပါ။မနေ့ညကလို ရင်းရင်းနှီးနှီး ပျော်ပျော်ရွှင်ရွှင် ဆက်ဆံစေချင်သည်။ နှစ်ယောက်ကြားမှာ စည်းတစ်ခု ခြားသွားသလို ခံစားလိုက်ရသည်။ ငါ ဘယ်လိုလူစားလဲဆိုတာ မင်းမသိလို့လား ကောင်မလေးရယ်။ ခုနကလို အခြေအနေမျိုးမှာ နှစ်ယောက်တည်းဆိုတဲ့အသိနဲ့ ရှုးမိုက်လို့ရပါတယ်. . မင်းဟာ ငါတန်ဖိုးအထားဆုံး အမြတ်နိုးဆုံး မိန်းကလေးမို့ စောင့်ထိန်းတယ်. . ထိန်းချုပ်နိုင်တယ်. . ဒါကိုမှ တစ်မျိုးမြင်သွားမယ်ဆိုရင် ငါ့လောက် ကံဆိုးတဲ့သူ ဒီကမ္ဘာပေါ်မှာရှိမှာမဟုတ်တော့ဘူး။

ခမ်းက ဖြစ်ချင်ရာဖြစ် ဆိုပြီး ကွေ့သယ်ပဲ့ပန်းကန် ယူကာ





အိုင်းရစ်ကို ခွံ့ကျွေးမိသည်။ ပထမတော့ သူမဘာသာ စားမည်ဆိုကာ ငြင်းချင်သေးသည်။ နောက်တော့မှ သူကိုအားနာသွားပုံဖြင့် သူခွံ့ကျွေးတာကို စားသည်။ ခမ်းရင်ထဲမှာ ပီတိတွေဖြင့် ပြည့်နေသည်။ ကောင်မလေးကို မက်မက်မောမော စိုက်ကြည့်မိလျှင် သူမက မျက်လွှာလေးချကာ ရှက်သွားတတ်သည်။

ခမ်းက ကောင်မလေး အဖြစ်သည်းနေတာကို ကြည့်ပြီး အသည်းယားလာသဖြင့် တစ်ဖက်သို့လှည့်ပြီး ပြုံးမိသည်။

အလိုက်ကမ်းဆိုးမသိသောဖုန်းက အချိန်ကောင်းကိုစောင့်ပြီး ထမြည်လာသဖြင့် ခမ်းက စိတ်တိုစွာဖြင့် ဖွင့်ကိုင်လိုက်သည်။

'ပတ်ထွိုင်. . လိုရင်းကို ပြောမယ်'

'မင်း အခုဘာလုပ်နေလဲ'

'ငါ မအားဘူးကွ'

'အဟဲ. . မအားရတဲ့အကြောင်းရင်းကိုပဲ မေးနေတာ. . . နှစ်ယောက်တည်းဆိုပြီး ကောင်မလေးကို အနိုင်မကျင့်နဲ့နော်'

'မင်းပြောမှာ ဒါပဲမဟုတ်လား'

'No. . . ကျန်သေးတယ်၊ မင်းရဲ့မားသားကြီး ရွှေ့လထဲမှာ ထားမယ်တဲ့၊ အဲဒါ ဘယ်လိုလုပ်မလဲ. . လမ်းကြောင်းရှင်းထားမှပြော'

ခမ်း စိတ်ထွေ နောက်ကျိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီ့ကို မချစ်လို့မဟုတ်ဘူး။လူ့အချင်းချင်း အတန်းအစား ခွဲခြားတတ်တဲ့ မာမီ။ အဆင့်အတန်းကွာဟတဲ့အခါ ငြိုငြင်တတ်တဲ့ မာမီ။

သူတို့ကုမ္ပဏီမှာ ဝန်ထမ်းပေါင်း တစ်ရာကျော် ရှိသည်။ အမျိုးသမီးဝန်ထမ်းတွေဆို မာမီ့ကို သေအောင်ကြောက်ကြသည်။ မာမီ့မျက်နှာကို မော်မကြည့်ရဲ။ မာမီ့ရှေ့မှာ ခေတ်ဆန်ဆန် မဝတ်စားရဲကြ။

အဲဒီလိုမဝတ်အောင်လည်း မာမီက ဦးချိုးထားသည်။ မာမီ့သားဖြစ်ပေမယ့် ခမ်းနားဆီမှာ ခွဲခြားဆက်ဆံတတ်တဲ့စိတ်ဓာတ်မရှိတာ ဝန်ထမ်းတိုင်းသိကြပါသည်။တစ်နေ့ ဝန်ထမ်းကောင်မလေးတစ်ယောက် ဝမ်းနည်းပမ်းနည်းငိုနေတာ သူတွေ့သွားလို့ မေးကြည့်တော့

'ဆရာ. . ဆရာမေးလို့ သမီးပြောပြပါ့မယ်. . တစ်နေ့က လစာထုတ်တော့ သမီးအရမ်းစီးချင်နေတဲ့ ဖိနပ်လေးတစ်ရံ ဝယ်စီးမိပါတယ်၊ အဲဒါ ဒီနေ့ အန်တီတွေ့သွားပြီး ခေါ်ဆူတယ် ဆရာ. . ဟင့်. . တော်ရုံပြောရင် သမီး ခံနိုင်ပါသေးတယ်၊ ခုဟာက ညည်း ငါ့ကို တုပြီး လိုက်စီးတာ မဟုတ်ဘူးလားတဲ့. . အန်တီ့ကို သမီးတို့ အရမ်းကြောက်ပါတယ် ဆရာရယ်. . ခုဟာက မမျှော်လင့်ဘဲ တိုက်ဆိုင်သွားတာ'





မာမီ့စိတ်ကို သူ မခန့်မှန်းရဲသလို နားလည်း မလည်နိုင်တော့ပါ။ လူလူချင်းပဲ. . အဲဒီကောင်မလေးမှာ ဝတ်ချင်တာဝတ်ဖို့ အခွင့်အရေးရှိတာပဲ. . ဒါ သူ့ရဲ့လွတ်လပ်ခွင့်လေ. .

အဲဒီနောက်ပိုင်းမှာ မာမီက ဝန်ထမ်းတိုင်း တူညီဝတ်စုံ ဝတ်ရမည်ဟု အမိန့်ထုတ်လိုက်သည်။ မာမီနှင့်နေရတာ စိတ်ကျဉ်းကျပ်လွန်းသည်။ ထို့ကြောင့် ခမ်းက ဘန်ကောက်ရုံးခွဲမှာ လာနေတာ များသည်။

ခမ်း အမြင်ကတော့ ကိုယ့်ကို လာမှီခိုပြီး လုပ်ကိုင် စားသောက်နေရသည့် ဝန်ထမ်းတွေကို မိသားစုလို နွေးနွေးထွေးထွေး ဆက်ဆံစေချင်သည်။ သူတို့မှာလိုအပ်တဲ့အရာရှိရင် ကိုယ်က ပေးထမ်းစွန့်ကြရမည်။

ဒါပေမယ့် သူတို့သားအမိက ဘယ်လိုမှ ညှိလို့ မရ။ စိတ်သဘောထားချင်းက မတိုက်ဆိုင်တာ များနေသည်။

'ရှင် ဘာတွေတွေးနေတာလဲ'

အိုင်းရစ်က အမူအရာလေးနှင့်မေးလာတော့ သူရယ်ချင်သွားသည်။ ခုနက အဖြစ်အပျက်ကိုပြန်တွေးနေမလားဆိုပြီး စိုးရိမ်နေဟန်ရသည်။

ခမ်းမှာ မပြုံးမိအောင် မနည်းထိန်းထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာလေးကို ထိုင်ကြည့်နေရတာလောက် သူ့ဘဝမှာ ပြည့်စုံတာ မရှိတော့။

ဒါ. . တကယ့်လက်တွေ့ဘဝလား။ အိပ်မက်ထဲမှာတောင် မမျှော်မှန်းရဲတဲ့ အဖြစ်အပျက်မျိုးပါ။

ခမ်းက ကောက်ခါငင်ခါ ယိုးဒယားလို မေးသည်။

'ဒိုင်းရစ် ပိုင်ထိယို့(ကိုယ်တို့ အပြင်ထွက်လည်ကြမယ်)'

ကောင်မလေးက သူ့အကျီကို လက်နှင့်ကိုင်ပြ၏။ သဘောက အကျီအသစ်တွေ ပါမလာဘူးဆိုသည့်သဘော. . .

'sorry..so sorry..မင်းအတွက် အကျီအဝတ်အစား ဝင်ဝယ်နေလို့ ကြာသွားတာ'

ခမ်းက သူဝယ်လာခဲ့သော ဆန်းပြားလှသည့် အရောင်စုံ၊ အသွေးစုံ မိန်းမဝတ်အကျီများနှင့် စကဒ်အတိုလေးတွေကို ထုတ်ပြသောအခါ ဒိုင်းရစ်သည် အံ့ဩလွန်းသဖြင့် ထိုင်နေရာမှ ပျောက်ကွယ်သွားသလို ခံစားရလေသည်။ သူမ ဟန်မဆောင်နိုင်တော့ပါ။

အမည်းရောင် လည်ဟိုက်ပေါ်မှာ အသားရောင်ဇာတွန့်ကလေးများပါသော အကျီကို ရွေးပြီး ရေချိုးခန်းထဲ ဝင်ဝတ်ကြည့်သည်။ ဖြူနုသောသူမအသားအရေလေးပေါ်မှာ အနက်ရောင်လေး ဝတ်လိုက်တော့ ဘယ်လိုကြည့်လို့ကောင်းမှန်းမသိ။

ဆောင်း ညပြာ သို့စာပေ



လက်ပုံစံက ဒိုင်းရစ်ကြိုက်သော လက်ရှည်ဖောင်းဖောင်းလေး ဖြစ်ကာ လက်ကောက်ဝတ်မှာ လက်စည်းလေးနှင့်. .

အိုး. . ရှင် သိပ်တော်တာပဲ ခမ်းရယ်. .

ဒိုင်းရစ်က တံခါးဖွင့်ပြီး အပြင်ထွက်လိုက်တယ် ဆိုရင်ပဲ ကျေကျေနပ်နပ်ကြီး စိုက်ကြည့်နေသော သူ့မျက်လုံးတွေကို ရင်ဆိုင်ရပါတော့သည်။

ဒိုင်းရစ် ရင်တွေခုန်လိုက်တာ. .

ကျေးဇူးပြုပြီး အဲဒီလိုမကြည့်ပါနဲ့လား ခမ်းရယ်. .

'charming'

သူ့နှုတ်က ဖွင့်ဟပြီးပြောတဲ့စကားကြောင့် ဒိုင်းရစ် ပိုပြီး ရင်ခုန်သွားသည်။ ချစ်စရာကောင်းတယ်တဲ့လား၊ ကျွန်မကိုတကယ်ပဲ ချစ်ဖို့ကောင်းသလား ခမ်း. .

'I'm ready'

သူ့ရဲ့အကြည့်ဒဏ်ကို မခံနိုင်လို့ ခပ်မြန်မြန်ပြောလိုက်ရသည်။

'OK..Let's go'

ဒါပဲ ကောင်းပါတယ်. . . ရှင်နဲ့ တွေ့တုန်းမှာ ကျွန်မ ပျော်ပျော်နေချင်တယ် ခမ်း. .

ဆောင်း ညပြာ သို့စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့မှာ. . ရှင်နဲ့ ဝေးသွားတဲ့ တစ်နေ့မှာ ကျွန်မ. . ပျော်ရွှင်ခဲ့ဖူးတယ်လို့ ဖြေသိမ့်ခွင့်ရပါစေ ခမ်းရယ်. .

ရှင်နဲ့ကျွန်မရဲ့တွေ့ဆုံမှုဟာ အချိန်ကာလအားဖြင့် အရမ်းကို တိုတောင်းပေမယ့် ရှင့်ကို စတွေ့ကတည်းက ကျွန်မ ရင်းနှီးနေတယ်၊ အားကိုးမိနေတယ်ဆိုရင် ရှင် အံ့ဩနေမလား ခမ်း. .

ဒီလောက လူ့ဘဝကြီးက အဆန်းတကျယ်နိုင်တာ ရှင်သိချင်မှ သိမှာပါလေ. .

✦

ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



## "ပြန်မပွင့်ချင်တဲ့ အတိတ်စာမျက်နှာ"

ရေဒီယိုက ကြေညာထားတာက ဒီနေ့ မိုးသက်လေပြင်းကျမည်တဲ့. . မနက်ကတည်းက မိုးတွေအုံ့မည်းနေပြီး နေမှထွက်မလာဘာ. . ကလေးသဘာဝ မိုးတွေ မည်းမှောင်နေတာ ကြည့်ပြီး နည်းနည်းတော့ ကြောက်မိတာပေါ့. .

လေတွေ တဝုန်းဝုန်းတိုက်ပြီး သစ်ပင်တွေ ယိမ်းထိုးနေကြတာ ကြောက်စရာကောင်းလိုက်တာ. .

အိုင်းရစ်တို့အိမ်ကြီးက ရဲတိုက်ကြီးသဖွယ် ကြီးမားပြီး လူဦးရေ ငါးယောက်သာ ရှိသည်မို့ အစဉ်အမြဲတိတ်ဆိတ်ခြောက်ကပ်နေတတ်သည်။

အစဉ်သဖြင့် တည်တင်းနေတဲ့ ဒယ်ဒီမျက်နှာကို အိုင်းရစ် ကြောက်ရသလို အမြဲတမ်း ညှိုးငယ်နေတတ်တဲ့ မာမီအနားကိုတိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချင်ပေမယ့် မာမီက သိပ်အကပ်မခံသဖြင့် ခပ်ဝေးဝေးမှသာ ငေးကြည့်ပြီး နေနေခဲ့ရသည်။

ကလေးဆိုတာ အိမ်ရဲ့ဆည်းလည်းလို့ ဆိုကြပေမယ့် အိုင်းရစ် ဆိုတဲ့ ကလေးမလေးကတော့ အိမ်မှာရှိလို့ ရှိမှန်းပင် မသိရလောက်အောင် စကားနည်းပြီး ငြိမ်သက်လွန်းလှသည်။

'ဂျိမ်း. . ဂျလိန်း'

ကောင်းကင်မှာ လျှပ်နွယ်၊ လျှပ်ပန်းတွေ ဖြာပြီး မိုးခြိမ်းသံ အကျယ်ကြီးထွက်ပေါ်လာချိန်မှာတော့ အိုင်းရစ်လေးခမျာ ဆောက်တည်ရာမဲ့ ကြောက်လွန်းသဖြင့် တဆတ်ဆတ်တုန်နေသည်။

'ကြီးမေ. . ကြီးမေရေ. . သမီး ကြောက်တယ်. . . သမီး အနားမှာ လာနေပေးပါ ကြီး. . မေ. .'

တခြားကလေးတွေက ဒီလိုအချိန်မှာ သူတို့ရဲ့အမေကိုသာ တ,ပြီး ငိုကြလိမ့်မည်။ အိုင်းရစ်မှာတော့ သူ့ရဲ့အထိန်းတော်ကြီးမေကိုပဲ တကြော်ကြော်အော်ခေါ်ပြီး စားပွဲရှည်ကြီးအောက်မှာ ဝင်ပုန်းနေလေသည်။

ကြီးမေက ဟင်းချက်နေရာမှ အမောတကော ပြေးထွက်လာသည်။ ပြီးတော့ ပြူးပြူးပျာပျာဖြင့် အိုင်းရစ်ကို ရှာပါတော့သည်။

'ကလေး ဘယ်မှာလဲ. . ကြီးမေဆီ လာပါဦးကွယ်'





အိုင်းရစ်သည် ပုန်းနေရာမှပြေးထွက်လာပြီး

'သမီး ကြောက်တယ် ကြီးမေ. . သမီးကိုဖက်ထားပါနော်'

'ဩော်. . ကြီးမေရှိပါတယ် သမီးရယ်. . မကြောက်နဲ့နော် လာ. . လာ. . ကြီးမေနဲ့အတူတူ ဟင်းသွားချက်ကြမယ်'

အိုင်းရစ်ကို ကြာကြာပေးငိုလို့ မဖြစ်ပါ။ ကလေးက သိပ်အကြာကြီးငိုနေရင် သူ့အမေ မကြည်မလင်ဖြစ်ပြီး ရောဂါတွေတိုးဦးမည်။ ဒေါ်လှမေ စိမ်မကောင်းအဖြစ်ဆုံးက သမီးလေးအိုင်းရစ်ကံဆိုးလွန်းရှာတဲ့အတွက်ကြောင့်ဖြစ်သည်။

ငယ်ငယ်လေးကတည်းက မိဘတွေရဲ့အယုအယကို မခံခဲ့ရ။ ငြူစူပြီး အမြင်စောင်းတာပဲ ခံနေရသည်။

ကလေးက ကလေးသဘာဝ ပျော်ပါး ဆော့ကစားတာတွေ ကွယ်ပျောက်သွားပြီး ငြိမ်ငြိမ်လေးနေတတ်တာ ဒေါ်လှမေအသည်းနာလှသည်။

ကလေးမှာ စိတ်အားငယ်တတ်တာ. . တစ်ခုခုဆို ကြောက်ပြီး တုန်နေတာ ဒေါ်လှမေသာ သိသည်။

'ကြီးမေ. . မာမီ ဆင်းမလာသေးဘူးလားဟင်. . ဒီနေ့ . သမီး မာမီ့ကို မတွေ့ရသေးဘူး. . မာမီ့အတွက် ဆိတ်ဖလူးပန်းလေးတွေ သိထားတယ်'



www.burmeseclassic.com

www.burmeseclassic.com



သိတတ်လိုက်တာ ကလေးရယ်. . ဒါပေမယ့် သမီး မာမီ
တာ သမီးသိပေးတဲ့ ပန်းလေးတွေကို ဘယ်တော့မှပန်မှာမဟုတ်ဘူး။

နုနယ်သေးတဲ့ကလေးရဲ့စိတ်ထဲကို ဒဏ်ရာတွေ ထပ်ထည့်
မပေးလိုပါ။

ဒီလိုမိဘမျိုး လူတစ်သန်းမှာ တစ်ယောက်ရှိသေးရဲ့လား
ဟုသာ မေးလိုက်ချင်တော့သည်။

တဆိတ်ရှိ ကလေးကိုပဲ အပြစ်ဖို့နေတာ. . စွဲချက်တွေတင်
ပြီး ဝေးဝေးမှာ နေတာ၊ ဒေါ်လှမေ ဉာဏ်မမီလို့ နားမလည်နိုင်တာ
လား မသိတော့ပါဘူးလေ. .

မောင်ငြိမ်းမိုးက အိမ်မှာ သိပ်မရှိသလို ရှိတဲ့ မမြလေးက
လည်း သမီးကို အကာပ်မခံ. . .

အကာပ်မခံရဲတော့လောက်အောင် ထူးဆန်းတဲ့ ကံကြမ္မာ
နှင့်အကြောင်းတရားတွေက ဆက်တိုက်ဖြစ်ပျက်နေခဲ့တော့. . .

ဒေါ်လှမေတစ်ယောက် သက်ပြင်းကိုသာ တွင်တွင်ကြီးချမိ
ပါတော့သည်။

'ကြီးမေ. . ဟင်းအိုး ဆူနေပြီ'

'ဩော်. . အေး. . အေး. . သမီးလေး ဗိုက်ဆာရင် စားလို့
ရပြီနော်'

*ဆောင်းညပြာသိစာပေ*



ရှစ်နှစ်အရွယ် အိုင်းရစ်လေးက အပြစ်ကင်းစွာ ပြုံးပြရင်း
သူမစိတ်ထဲရှိရာကို လှစ်ဟပြသည်။

'သမီး ဒီနေ့. . မာမီနဲ့အတူတူစားမှာ'

ဘုရားရေ. .

ဒေါ်လှမေ လက်ထဲမှာ ကိုင်ထားသော ဟင်းအိုးအဖုံးက
သမံတလင်းပေါ် အလိုလိုပြုတ်ကျသွားသည်။

မဖြစ်နိုင်တာကို ဘာလို့ တောင့်တနေတာလဲ သမီးလေး
ရယ်. . ဘယ်လိုမှမဖြစ်နိုင်တာပဲ။

သမီးအမေဟာ ဒီတစ်သက် သမီးနဲ့ ထမင်းလက်ဆုံစား
မယ်လို့ထင်နေတုန်းလား။ မျှော်လင့်နေတုန်းပဲလား သမီးရယ်။

သမီးလေးနားလည်အောင် ကြီးမေ ဘယ်လိုပြောရပါ့မလဲ။

'မာမီမှ နေမကောင်းတာ သမီးရယ်. . ကြီးမေ ကျွေးပေး
မယ်လေ. . လူပုလေး ခုနစ်ယောက်ပုံပြင်ရော. . ဆေးဖော်နေတဲ့
ဖွင်းဂါးဘဲလ်အကြောင်းရော. . ကြီးမေ ပြောပြမယ်နော်'

အပြင်မှာ မိုးတွေက သည်းနေဆဲ. . . အိုင်းရစ်က ချွတ်
ချွင်း မျက်နှာကလေး ညှိုးကျသွားသည်။

မှန်ပြတင်းအပြင်ဘက်ကို ငေးကြည့်ရင်း

'ဒယ်ဒီ ဒီနေ့ပြန်လာမှာလား ကြီးမေ'

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'မမျှော်ပါနဲ့လား သမီးရယ်. . သမီးအဖေက သူပြန်လာမယ်ဆိုတာ ဘယ်တုန်းက ကြိုပြောဖူးလို့လဲ'

သူတို့နှစ်ယောက် ဘာမှ ဆက်မပြောဖြစ်ကြ။ ခဏတော့ အသံတိတ်သွားသည်။

'ပျင်းစရာကောင်းလိုက်တာ ကြီးမေရယ်'

ဒေါ်လှမေ ကလေးကို သနားသွားသည်။

'သမီးလေး ကျောင်းက သူငယ်ချင်းတွေအကြောင်း ပြောပြလေ'

အိုင်းရစ်လေးက ခေါင်းရမ်းပြသည်။

'သမီးမှာ သူငယ်ချင်းမရှိဘူး'

'ဒီမှာကြည့်စမ်း. . သမီး ကြီးမေ ပြောမယ်၊ သမီး ဒီလိုပဲနေရင် သိပ်ပြီး အထီးကျန်သွားလိမ့်မယ်၊ ကျောင်းမှာ သူငယ်ချင်းတွေဘာတွေ ရှိတော့ သမီးလေး ဆော့လို့ရတာပေါ့'

အိုင်းရစ်မျက်လုံးမှ မျက်ရည်တွေ တလိမ့်လိမ့်စီးကျလာပါတော့သည်။

'သမီးကို သူတို့က ဖြူဟ်ကောင်မလို့ခေါ်ကြတယ်၊ သမီးက ခင်ချင်တာပေါ့. . ဒါပေမယ့် သူတို့က သမီးကို ဝိုင်းပယ်ကြတယ်. . သမီး သူတို့ကို ကြောက်တယ်'





အိမ်နဲ့ကျောင်း ကူးသန်းနေရတဲ့ ဘဝလေးမှာ ဒီကလေးခမျာ အိမ်မှာလည်း ကြောက်ရ၊ ကျောင်းမှာလည်း အားလုံးကို ကြောက်ရနဲ့ ဘယ်လောက်တောင် စိတ်အားငယ်နေလိုက်မလဲ. .

သနားစရာကောင်းလိုက်တာ. .

'တိတ်. . နော်. . သမီး တိတ်၊ မငိုနဲ့တော့. . ငါ့သမီးကို သူတို့ မခေါ်တော့ ဘာဖြစ်သေးလဲ. . ကြီးမေ ရှိတာပဲ. . ကြည်မလည်း ရှိနေတာပဲကွယ်. . ဘာမှအားမငယ်နဲ့နော်'

ကြည်မက အသက်နှစ်ဆယ်ခန့် ရှိပြီး ပေပြစ်သော ရုပ်အဆင်းရှိသည်။ ဒီအိမ်ကြီးမှာ ကြည်မက ကြီးမေခိုင်းတဲ့ တောက်တိုမယ်ရအလုပ်တွေ လုပ်ရလေသည်။

တစ်ခုဆိုးတာက ကြည်မတစ်ယောက် ကလေးမချစ်တတ်ခြင်းပင်။

ဒါကြောင့် သူ ရှိသော်လည်း အိုင်းရစ်မှာ အဖော် မရဘဲ အထီးကျန်မြဲ ကျန်နေရသည်။

အိမ်ကြီးက ရဲတိုက်ကြီးလို ဟီးနေသော်လည်း အိုင်းရစ်အတွက် ဒီအိမ်မှာ တွယ်တာစရာက ကြီးမေတစ်ယောက်တည်းသာ။

'မိုးရယ်. . တိတ်ပါတော့'

'မိုးတိတ်ရင် သမီး ဘာလုပ်မလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'တမ်းစပ်မှာ ခရုလေးတွေ သွားကောက်မလို့'

'ကလေးရယ်. . '

ဒေါ်လှမေက ကလေးကို သနားလွန်းသဖြင့် သက်ပြင်းချည်း လိုမ့်ချနေသည်။ ဒီကလေးဘဝမှာ ဆော့စရာက ဘာလို့ ဒီလောက်ရှားပါးနေရတာလဲ. . တစ်နေ့. . တစ်နေ့ သူ့ခမျာ ခရုလေးတွေ ကောက်လိုက်၊ လှိုင်းတွေ ကြည့်လိုက်နှင့် အထီးကျန်လွန်းလှသည်။

ဒီကလေးဘဝနဲ့စာရင် လမ်းပေါ်မှာ အပူအပင် မရှိ၊ ပြေးလွှား ဆော့ကစားနေတဲ့ မရှိဆင်းရဲသားကလေးတွေ ဘဝက ပိုပြီး ပျော်စရာကောင်းမည် ထင်ပါသည်။

ဆောင်းညမြသိစာပေ

'မာ. . . မိ. . '

စာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်နေသော မမြလေးသည် သမီးအသံကြားသဖြင့် လန့်ဖျပ်ပြီး စာအုပ်ပင် လွှတ်ကျသွားသည်။

'ဟဲ့. . သွား. . သွားလေ. . ငါ မခေါ်ဘဲ ဘာလို့လာရတာလဲ'

ဒီည မိုးတွေ တအားသည်းနေသည်။

တစ်ယောက်တည်း တစ်ခန်း အိပ်ရသော အိုင်းရစ်သည် ကြောက်လို့ အိပ်မပျော်ဘဲ မိခင်ရှိရာ အားကိုးတကြီး ပြေးလာခြင်းဖြစ်သည်။

'သမီးကြောက်လို့ မာမိနဲ့အိပ်ပါရစေနော်'

'ဟင့်အင်း. . လာမအိပ်နဲ့၊ နင်လာမအိပ်နဲ့၊ သွား. . ကိုယ့်အခန်း ကိုယ်ပြန်အိပ်'

ဆောင်းညမြသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



**ရက်ရက်စက်စက်** စိမ်းကားစွာ အော်ဟစ်လိုက်သောမာမီ့ **အသံကြောင့်** အိုင်းရစ်မျက်လုံးတွင် မျက်ရည်များ ပြည့်လျှံလာ၏။

သမီး ဘာအမှားလုပ်မိလို့လဲ မာမီ. . သမီးမှာ ဘာအပြစ် ရှိလို့လဲ. .

အမေနားမှာ အိပ်ချင်တဲ့ အခွင့်အရေးကို နောက်တစ်ကြိမ် ထပ်မံတောင်းဆိုခွင့် အိုင်းရစ်ဆီမှာ မရှိပါဘူး

အခန်းပြင်ကို ငိုပြီး ပြေးထွက်သွားသည့် အိုင်းရစ်. .

မမြလေးသည် အိုင်းရစ်ကိုကြည့်ပြီး ရင်တွေ အဆမတန် ခုန်လာသည်။ စားပွဲပေါ် မှဆေးဘူးကို လှမ်းယူသော်လည်း လက်က တုန်နေသဖြင့် ဆေးဘူးက အောက်သို့ကျသွားပြန်သည်။

စိတ်ငြိမ်ဆေးတစ်လုံး ယူပြီး ရေနှင့် ကောက်သောက်ပစ် လိုက်သည်။ မြလေး. . နင့်စိတ် နင်ထိန်းစမ်း. . နင် ဘာဖြစ်နေတာ လဲ. . ဒီကလေးသေးသေးလေးကို ဘာလို့ဒီလောက်ကြောက်လန့်နေ တာလဲ. . နောက်ပြီး အဲဒီ စိတ်ငြိမ်ဆေးတွေ သောက်နေတာ နှစ် ပေါင်း ဘယ်လောက်ကြာနေပြီလဲ. .

ဒီအတိုင်းဆက်သွားရင် နင့်ဘဝတော့ သွားပြီပေါ့ မြလေး ရယ်. . မမြလေးက သူ့စိတ်သူ တည်ငြိမ်အောင် ထိန်းကြည့်သည်။ ဘယ်လိုမှထိန်းချုပ်လို့မရ။

*ဆောင်းညပြာသိစာလေ*



အတိတ်က အဖြစ်ဆိုးတွေ ပုံရိပ်ထင်လာပြန်သည်။

အိုင်းရစ်ကို တွေ့ရင် နာကြည်းစရာအတိတ်တွေ ပြန်ပြီး ထင်ဟပ်လာမြဲမို့ သားအမိဆိုပြီး နွေးနွေးထွေးထွေးနေဖို့ ခက်ခဲ လှသည်။ မမြလေးအတွက် အပင်ပန်းဆုံး အရာက အိုင်းရစ်ကို တွေ့မြင်နေရခြင်းပင် ဖြစ်သည်။

ဟိုတုန်းက အခုလိုပဲ. . ဒီညလိုပဲ မိုးတွေ သည်းနေလိုက် တာ. . အိုင်းရစ်တိမ်ပြာ ဆိုတဲ့ ကောင်မလေးကို မွေးခဲ့တဲ့ညတစ်ည မှာပေါ့. . .

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com

'အူဝဲ. . အူဝဲ. . . အူဝဲ'

ကလေးငိုသံနှင့်အတူ ထဘီပြာဝတ် ဆရာမကြီး နော်သူဆေးက ကရင်သံဝဲဝဲတဲတဲဖြင့်

'ဟယ်. . သမီးလေးတော့. . ကြည့်စမ်း မအေတူသမီးပဲ၊ ချောလိုက်တာနော်'

အားအင်ချိနဲ့နေသည့်ကြားမှ ကိုယ့်ရင်သွေးလေး လူ့လောကထဲ ချောချောမောမောရောက်ရှိလာပြီဆိုပြီး ပီတိတွေ ဖြာကာ ချက်ချင်းပင် အားပြန်ပြည့်သွားသလို ခံစားလိုက်ရသည်။

'ဆရာမ. . ကျွန်မသမီးလေးကို ခဏလောက် ပွေ့ထားပါရစေ'

'ပွေ့ရုံပဲတော့ မရဘူး. . နို့ပါ တိုက်ရမှာ. . ဩော်. . မေ့လို့. . သူ့အဖေ ဘယ်မှာလဲ. . သူ့အဖေကိုသွားပြရဦးမှာပဲ'

ကလေးချီပြီးထွက်သွားသောဆရာမကို ကြည့်ပြီး မမြလေး





စိတ်ထဲမှာ ကြည်ကြည်နူးနူးရှိလှသည်။ သမီးလေးကို ကိုကို ချစ်မှာပါ. .

"ဗိုက်ထဲမှာရှိတဲ့ သမီးလေးနဲ့ ညတိုင်း စကားပြောတတ်တဲ့ ကိုကို. . မြလေး အိပ်ခါနီးတိုင်း မြလေးရဲ့ဗိုက်ပူပူလေးကို ပွတ်ပြီး သိပ်တတ်တဲ့ ကိုကို. .

သူမှ ကလေးမချစ်ရင် ဘယ်သူက ချစ်ဦးမှာလဲ. . ခုချိန်လောက်ဆို သမီးလေးကို ချီပြီး ဆွေ့ဆွေ့ခုန်နေမှာ မြင်ယောင်ပါသေး. .

ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
မေတ္တာရောင်ပြန်ရုပ်ရှင်၊
အမှတ်-၄၁၊ မြေညီထပ်၊ လမ်း ၃၀၊
ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးတွေက တဝုန်းဝုန်းနှင့် အပြင်းအထန် ရွာနေချိန်တွင် ပင်လယ်ပြင်မှာလည်း လှိုင်းတွေ ထန်နေသည်။

သူ့ရင်ထဲမှာ. . သူ့ရင်ထဲမှာတော့ မီးတောက်နေသည်။ ဘယ်သူမွှေးတဲ့ မီးလဲ. .

ကိုငြိမ်းနွေက ဖန်ခွက်ထဲကို အရက်ထပ်ထည့်လိုက်သည်။ မူးရုံနဲ့ ဒီဝေဒနာပြေပျောက်သွားမှာ မဟုတ်တော့ မှောက်အောင် သောက်ရမည်။

'ရှာလိုက်ရတာ ဆရာရယ်. . ဆရာ့သမီးလေး ချောလိုက်တာ. . ဒီမှာကြည့်စမ်းပါဦး. . တစ်တုံးတစ်ခဲကြီးနော်'

အရက်ခိုးတွေ ဝေနေသော နီရဲနေသည့်မျက်လုံးများဖြင့် လှည့်ကြည့်လာသော ကလေး၏ဖခင်ကြောင့် နော်သူဆေး လန့်သွားသည်။ ကြောက်စရာကောင်းလိုက်တာ၊ ဘယ်လိုအကြည့်မျိုးနဲ့ကြည့်တာပါလိမ့်. .

ဆောင်းညပြာသိစာလေ



'မကြည့်ချင်ဘူး၊ ပြန်ခေါ်သွား'

တိတ်ဆိတ်နေတဲ့ ညသန်းခေါင်မှာ ဘီလူးသဘက် စီးသလို စိတ်ရှိတိုင်းအော်ဟစ်လိုက်သော ကိုငြိမ်းနွေ၏အသံကြောင့် ကလေးလေးက လန့်ပြီး အော်ငိုလေသည်။

'ကလေး လန့်သွားပြီထင်တယ်'

ဘယ်လိုအဖေမျိုးလည်း မသိဘူး။ အခုမှ လူ့လောကထဲ ရောက်လာတဲ့ သမီးလေးကို ဒီလိုပုံစံမျိုးနဲ့ကြိုဆိုနေတာ တစ်ခါမှ မတွေ့ဖူးပါဘူး. .

ကလေးချီပြီး ပြန်လာသော ဆရာမကို မမြလေးက

'သူ့အဖေက ဘာတဲ့လဲ ဆရာမ'

'ဟို. . ဟိုလေ. . ဘာ. . ဘာမှမပြောပါဘူး၊ သူပျော်နေလို့နေမှာ'

'အဟင်း. . ဟင်း. . သူ့အဖေက ကိုသဲပို ဆရာမရဲ့၊ သူ့သမီးလေး ဗိုက်ထဲမှာရှိကတည်းက ညတိုင်း ပုံပြင်တွေ ပြောပြနေတာ'

မမြလေးရဲ့နှုတ်ထွက်စကားနှင့် ခုနက တွေ့ခဲ့ရသော ကိုငြိမ်းနွေ၏လေသံနှင့်အမူအရာတို့မှာ များစွာကွဲလွဲနေလေသည်။

သူတို့မှာလည်း သူတို့ပြဿနာနှင့်သူတို့ရှိမည် ထင်ပါသည်။

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



နော်သူဆေး ဘာမှထင်မြင်ချက် မပေးတော့ဘဲ သူ့အလုပ် သူဆက်လုပ်လေသည်။

ကလေးကို သူ့အမေရင်ခွင်ထဲထည့်ပြီး နို့တိုက်စေသည်။ လူ့ဘဝထဲရောက်ရောက်ချင်း ဖခင်ဖြစ်သူရဲ့မညှာမတာအော်ဟစ်မှုကို ခံခဲ့ရရှာတာ. . ဒီကလေးမှာ ဘာအပြစ်များရှိလို့လဲ. . ကိုယ့်ကလေးကိုယ်မမြင်ချင်ရအောင် တဆိတ်လွန်လွန်းအားကြီးသည်။

မကြာခင်မှာ ပေါက်ကွဲတော့မည့် ဗုံးတစ်လုံးကို ဆရာမတွေ့ခဲ့ပြီးပြီမို့ ဘယ်အချိန်မှာ ဘာဖြစ်မလဲဆိုတာ တွေးတွေးပြီးလန့်သည်။

'တစ်ရေးလောက် အိပ်လိုက်ပါလား မမြလေးရယ်. . ဒါမှအားပြန်ပြည့်သွားမှာ'

အမှန်ကတော့. . . ဖြစ်ပေါ်လာမည့် အကျိုးဆက်တွေကရလဒ် မကောင်းနိုင်တာမို့ ရှောင်ထွက်စေချင်သည့်စိတ်ဖြင့် အိပ်စေချင်တာ ဖြစ်သည်။

မမြလေးက ထင်ထားတာထက် ပိုပြီး ခေါင်းမာပုံရသည်။

'ဟင့်အင်း. . ကျွန်မ မအိပ်ချင်သေးဘူး. . သမီးမျက်နှာလေးကို ဝအောင်ကြည့်ချင်သေးတယ်'

သမီးဦးမို့ ရူးမတတ်ချစ်တာ သဘာဝကျပါသည်။ မျက်စိ





လျင်သော ဆရာမက အခန်းဝမှာ လူရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်သည်နှင့် အခန်းပြင်သို့ ချက်ချင်းထွက်ကြည့်သည်။

အခန်းဝမှာ မားမားကြီးရပ်နေသူက ကလေး၏ဖခင် ကိုငြိမ်းနွေ ဖြစ်နေသည်။ သူမ ထင်တာ မမှားဘူးဆိုရင် ဒီနေရာမှာသူရပ်နေတာ ကောင်းသောရပ်ခြင်းတော့ မဖြစ်နိုင်ပါ။

'ရှင် ဘာလိုချင်လို့လဲ ကိုငြိမ်းနွေ'

'ကျုပ်. . စာရင်းရှင်းစရာရှိလို့'

'တိုးတိုးပြောပါ. . တိုးတိုး ပြောပါရှင်. . တောင်းပန်ပါတယ်၊ လာပါ. . ဟိုနားမှာ သွားပြောရအောင်'

ဆရာမနော်သူဆေးက ကိုငြိမ်းနွေလက်ကို အတင်းဆွဲခေါ်ပြီး လှေကားရင်းမှာ ရပ်လိုက်တာ လေသံပြတ်ဖြင့်

'ရှင်တို့ ပြဿနာက ဘာမှန်းမသိပေမယ့်. . ခုချိန်မှာ ရှင့်မိန်းမကို စာနာသင့်တယ်. . သူက ခုမှ ကလေးမွေးပြီးကာစ သွေးနုသားနုအချိန်. . ဒီလိုအချိန်မျိုးမှာ ဘာမှမဖြစ်တာ အကောင်းဆုံးပဲ ကိုငြိမ်းနွေ. . ကျွန်မစကားကို ကျေးဇူးပြုပြီး နားထောင်ပေးပါ'

'ဒီမှာ ဆရာမ. . ကျွန်တော်ပြောတဲ့စကားက ဆရာမနားထဲမှာ ရိုင်းချင်ရိုင်းနေလိမ့်မယ်. . ဒီကလေးက ကျွန်တော့်ကလေးမဟုတ်ဘူးဗျ. . ကျွန်တော် နဖားကြိုးအထိုးခံခဲ့ရတာ၊ သူ့သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ အတင်းပေးစားခဲ့တာ. . အခု ကျွန်တော် သိသွားပြီ၊ ဒီမိန်းမနဲ့ စာရင်းရှင်းပြီးရင် သူ့မိဘတွေနဲ့ဆက်ပြီးရှင်းစရာရှိသေးတယ်. . ကြာတယ်ဗျာ. . ခုပဲ သွားရှင်းမယ်'

ဆရာမက ကိုငြိမ်းနွေရှေ့မှာ ပိတ်ရပ်လိုက်ပြီး

'ပေးမသွားနိုင်ဘူး. . ရှင် မသွားရဘူး'

မြေးဦးလေး မွေးပြီဟု မလှမေက ဖုန်းဆက်သဖြင့် မမြလေး၏မိဘနှစ်ပါးမှာ သမီးအိမ်သို့ရောက်လာကြသည်။

လှေကားထိပ်မှာ ရုန်းရင်းဆန်ခတ် အခြေအတင် ဖြစ်နေကြသော မြင်ကွင်းကြောင့် မမြလေးဖခင်က

'မောင်ငြိမ်းနွေ. . ဘာတွေဖြစ်နေတာလဲ'

ဟု မေးသည်။ အဲဒီမှာ သမက်ဖြစ်သူက ယောက္ခမဖြစ်သူကို အငြိုးတကြီးကြည့်ပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ

'သိပ်တော်တယ်. . ခင်ဗျားကြီး သိပ်တော်တာပဲ၊ ကျုပ်ကို နွားလုပ်ဖို့ သိမ်းသွင်းခဲ့တာ၊ အခု ဒီကလေးက ကျုပ်ကလေး မဟုတ်ဘူး၊ ဒီကိစ္စ ခင်ဗျားတို့ ဘယ်လိုရှင်းပေးမှာလဲ. . ပြော. . ပြောလေ'

ဦးလှလှမျက်နှာတစ်ပြင်လုံး ရဲရဲနီနေသည်။ ဒီလိုစကားကို သူစိမ်းရှေ့မှာပြောပြီး ကိုယ့်မိသားစုကို ပိုးစိုးပက်စက်စော်ကားနေတာလောက် ခံရခက်တာ ရှိဦးမလား. .





နီးနီးကပ်ကပ်ရှိနေတဲ့ ဒင်းမျက်ခွက်ကို စိတ်ရှိလက်ရှိ ဆွဲထိုးပစ်လိုက်ချင်သည်။

သို့သော် သမီးလေးက သွေးနုသားနုအချိန်. . .

ဦးလှလှသည် လူကြီးပီပီ လေသံကို အနူးညွတ်ဆုံးထားကာ

'တစ်ခုခုတော့ လွဲနေပြီ မောင်ငြိမ်းနွေ. . သမီးနဲ့မင်းက အချင်းချင်း ကြည်ဖြူကြလို့ ဦးတို့က လက်ထပ်ပေးခဲ့ကြတာ. . . ဒီကလေးက ဘာလို့ မင်းကလေး မဖြစ်ရမှာလဲ၊ ဘာအထောက်အထားရှိလို့ လာပြောနေတာလဲ. . ရှင်းရှင်းပြောကွာ'

ငြိမ်းနွေက မခိုးမခန့်ပြုံးကာ

'ကောင်းပြီလေ. . ဘမောင်ကို ခင်ဗျားတို့သိမှာပေါ့'

မမြလေးမိခင် ဒေါ်နှင်းနှင်းမှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

သမီးလေးရဲ့အမည်းရောင်အတိတ်တွေ ပေါ်လာပြီလား. . ဟင့်အင်း. . ပေါ်လို့မဖြစ်ဘူး. . လုံးဝမဖြစ်ဘူး. .

'ဒီကောင်က ငါတို့အိမ်မှာ ခိုင်းတဲ့အကောင်လေ. . ဆိုပါဦး. . ဘမောင်က ဘာဖြစ်လို့လဲ'

'ဦး. . သူ့ကို ဘာလို့အလုပ်ထုတ်ပစ်လိုက်သလဲ'

'စာရိတ္တမကောင်းလို့ထုတ်တာ. . ကြာပဲ ကြာနေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီထက်ပိုပြီး ခိုင်လုံတဲ့အကြောင်းပြချက်ပေးရင် ကောင်းမယ်ထင်တယ်'

ဦးလှုလှ နားထင်မှာ သွေးတွေ ဆောင့်ပြီး တိုးလာသည်။ ကိုယ့်သားအရွယ်လောက်ရှိမည့် သမက်ဖြစ်သူက မထိမဲ့မြင်ပြုပြီး ရှိုင်းရိုင်းပျပျ စော်ကားနေလေတော့. . . ဒေါ်နှင်းနှင်းက သမီးအတွက် ကာကွယ်လိုစိတ်အပြည့်ဖြင့် ငြိမ်းနွေကိုရန်တွေ့တော့သည်။

'မင်းခေါင်းထဲမှာ ဘာတွေတွေးနေသလဲဆိုတာ ငါတို့မသိပေမယ့်. . ဒီအကောင်ရဲ့စကားဆို ဘာတစ်ခွန်းမှ သွားမယုံမိစေနဲ့ မောင်ငြိမ်းနွေ၊ မြွေဟောက်ထက်ဆိုးတဲ့အကောင်၊ ကျေးဇူးတရားဆိုတာ လုံးဝမသိတဲ့အကောင်၊ သူ့ကို ငါတို့အလုပ်ထုတ်ရတဲ့အကြောင်းရင်းက ငါတို့သမီးလေးကို ရစရာမရှိအောင် အပုပ်ချလို့ပဲ. . ဒါမျိုးဖြစ်သင့်သလား မောင်ငြိမ်းနွေ၊ မင်းမှာ ဦးနှောက်ရှိတာပဲ၊ မင်းစဉ်းစားပေါ့'

ဒေါ်နှင်းနှင်းက လေသံအေးအေးလေးဖြင့် ဖျောင်းဖျပြီး ပြောသော်လည်း သူ့သမက်နားထဲကို မဝင်တော့။

'တော်စမ်းပါဗျာ. . ဆင်သေကို ဆိတ်သားရေနဲ့အုပ်ပြီး ဖုံးနေကြတာပဲ၊ အဲဒီအကောင်နဲ့ခင်ဗျားသမီး တစ်လလောက်ပေါင်းခဲ့ပြီးမှ ကျုပ်လက်ထဲ ထိုးထည့်လိုက်တာ မဟုတ်လား'

*ဆောင်းညပြာသို့စာပေ*



ဦးလှုလှ သူ့နားထင်ကို သူ လက်ဖြင့်ဖိထားရင်း

'မဟုတ်တာ မောင်ငြိမ်းနွေရယ်. . . ဒီကလေးက **မင်းရဲ့** ကလေးအစစ်ပါကွာ'

'တော်. . . တော်တော့'

သမီးလေးကို နှိုတိုက်ရင်း မမြလေး အားလုံး ကြားနေရသည်။ မမြလေး အသားတွေ တဆတ်ဆတ်တုန်နေသည်။ ကြောက်တယ်. . သမီး ကြောက်တယ် မေမေ. .

'လာပါရှင်. . သူ မူးနေပြီ၊ ဒီအချိန်မှာ ဘာမှမပြောတာ အကောင်းဆုံးပဲ. . ကျွန်မတို့ ပြန်ကြရအောင်ပါ'

စကားနည်း ရန်စဲသဘောဖြင့် ပြန်ဖို့ခေါ်ရတာက ဦးလှုလှ သွေးတွေ တိုးနေပြီဆိုတာ သိသောကြောင့်ဖြစ်သည်။

ဒါကိုပဲ ငြိမ်းနွေက မကျေနိုင် မချမ်းနိုင်ဖြင့်

'ပြန်ကြတော့မလို့လား၊ နေစမ်းပါဦး. . ဘမောင်နဲ့ခင်ဗျားသမီးနဲ့ ရထားတဲ့ မြေးမလေးကို ကြည့်သွားပါဦးလား. . ဟား. . ဟား. . ဟား. . ဟား'

အရူးကြီးလို အော်,အော်ပြီး ရယ်နေသော ငြိမ်းနွေကိုကြည့်ပြီး ဦးလှုလှ တော်တော်စိတ်ထိန်းထားရသည်။

'မင်းကွာ. . မင်း. . တောက်'

*ဆောင်းညပြာသို့စာပေ*

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ. . သမီးတောင်းပန်ပါတယ် ဖေဖေရယ်'

မမြလေး ပြေးထွက်လာသဖြင့် ဆရာမက ဖမ်းဆွဲထားရသည်။ မမြလေးကိုမြင်တော့ ကိုငြိမ်းနွေက

'ဪ. . ရှေ့ထွက်မင်းသမီး ထွက်လာပြီပဲ၊ လာစမ်းပါဦး . . မျက်နှာစုံညီရှင်းကြတာပေါ့. . မင်းမိဘတွေရှေ့မှာ မင်း ဝန်ခံလိုက်လေ. . ဒါငါ့ကလေး မဟုတ်ဘူးလို့'

'ဒီမယ် ကိုငြိမ်းနွေ. . ဘာပြဿနာပဲ ဖြစ်နေ. . ဖြစ်နေ၊ ရှင့်ဆီမှာ ကြွင်နာတတ်တဲ့ နှလုံးသား ရှိမယ်ဆိုရင် ကလေးမွေးပြီးစ မိန်းမတစ်ယောက်ကို ဒီလိုပုံစံမျိုးနဲ့ ဆက်ဆံမှာ မဟုတ်ဘူး. . ရှင် ကျွန်မမိဘတွေကို ရိုင်းရိုင်းပျပျစော်ကားနေတာ ကျွန်မစိတ်ထဲမှာ ကောင်းမယ်များ ထင်နေလား၊ အခု တစ်ခါတည်းပြောမယ်၊ နောက်လည်း ဒီစကားပဲ ပြောမယ်၊ ဒီကလေးဟာ ရှင့်ကလေး၊ ရှင့်ရဲ့သွေး . . ရှင်းပြီလား'

'မင်းပါးစပ်က ဒီလိုပဲ ပြောမှာပေါ့. . ခုချိန်မှာ မုသာဝါဒကို လွယ်လွယ်နဲ့ပြောမှာပဲ၊ ဟိုးအရင်ကတည်းက မင်း ငါ့ကိုလိမ်ခဲ့တာပဲလေ. .'

'ဒီမှာ ကိုငြိမ်းနွေ၊ ရှင် ကျွန်မကို မခနဲ့ပါနဲ့. . ရှင် ဗုဒ္ဓဘာသာမဟုတ်လား၊ ဗုဒ္ဓဘာသာမှန်ရင် သစ္စာတရားကိုနားလည်မှာပဲ၊





အခု ရှင့်ရှေ့မှာ ကျွန်မ သစ္စာရေသောက်ပြမယ်၊ ကြည့်ထား. . ဒါမှ မယုံသေးရင် ကြိုက်တဲ့နေရာမှာ ကလေးကို သွေးစစ်ကြည့်နိုင်တယ်. . DNA စစ်နိုင်တယ်'

မမြလေးက ဘုရားစင်ရှေ့သွားပြီး သောက်တော်ရေတစ်ခွက်ကို ယူလာကာ

'ဒီကလေးသည် ကိုငြိမ်းနွေ၏ကလေး ဖြစ်ပါသည်။ ဘုရားတပည့်တော်မသည် မမှန်သောစကားကိုဆိုမိပါက သစ္စာစူး၍ သွေးပွက်ပွက်အန်ပါစေသား. . အသေဆိုးနှင့်သေရပါစေသား'

ဒီအဖြစ်အပျက်မျိုးကို မိဘတွေမြင်နေရတာ ဘယ်လောက်နာကျင်ဖို့ကောင်းလိုက်သလဲ။ ကိုယ့်သမီးကို ရွှေလိုဥပြီး ချစ်ခဲ့ရတာ။ သူစိမ်းယောကျ်ားတစ်ယောက် ယုံကြည်အောင် သစ္စာရေသောက်ပြနေရသည့် သမီး. . .

'သမီး. . တော်ပြီ သမီးရယ်. . ဖေဖေရင်ကွဲအောင် မလုပ်ပါနဲ့၊ သွားနားတော့ သမီးနော်'

ဦးလှုလှုက ပြောပြီး မျက်ရည်တွေ ကျလာသဖြင့် အတင်းမြန်သုတ်သည်။

ဒီလိုရိုင်းစိုင်းတဲ့သမက်ရှေ့မှာ သူ မငိုချင်ပါဘူး။

'မင်း သိပ်ရက်စက်တယ် မောင်ငြိမ်းနွေ. . . ငါတို့အောင်



www.burmeseclassic.com

www.burmeseclassic.com



မသေသေးဘူး ငါတို့ရှေ့မှာ သမီးကို ဒီလိုဆက်ဆံနေတယ်ဆိုတော့ ငါ အသေမှဖြောင့်ပါဦးမလားကွယ်'

ဒေါ်နှင်းနှင်း ရှိုက်ကြီးတငင်ငိုလေပြီ။ မြေးဦးလေးကိုကြည့်ချင်လွန်းလို့ တကူးတကလာခဲ့ရသည့်မိဘတွေ မျက်ရည်ပေါက်ကြီးငယ်ကျနေတာ မြင်ပြီး မမြလေး မူးလဲသွားသည်။

တစ်အိမ်လုံး ပွက်လောရိုက်သွားကြသည်။ ဆရာမက မမြလေးကို ဆေးရုံပို့ဖို့ ဆော်ဩသည်။

'မရဘူး. . ဆေးရုံပို့မှဖြစ်မယ်၊ ဒါကြောင့် ကျွန်မ တောင်းပန်နေတာ. . ရှင်တော်တော်အတ္တကြီးတဲ့လူပဲ၊ ကဲ. . ဦး. . မမြလေးကို ဆေးရုံပို့ရအောင်၊ ကျွန်မ ကလေးကိုခေါ်လာခဲ့မယ်. . သွားကြရအောင်'

အပြင်မှာ မိုးတွေသည်းနေဆဲ။ လေပြင်းတွေ တိုက်နေဆဲပင်။ ဦးလူလု၏ကားဒရိုင်ဘာက မမြလေးကို လာပြီး ပွေ့ချီသွားသည်အထိ ကိုငြိမ်းနွေမှာ မတ်တတ်ကြီးရပ်ပြီးဆွံ့အနေသည်။သူ့စိတ်သူ ပီပြင်အောင် မဆုံးဖြတ်နိုင်ဖြစ်နေသေးသည်။

ဒေါ်နှင်းနှင်းက မျက်စောင်းထိုးပြီး နေနိုင်လိုက်တာဟုရေရွတ်သွားသည်။

ဆရာမက ကလေး ချီပြီး ပြင်းထန်သော မိုးရေစက်တွေ





ကြားမှာ ဦးလူလု၏ကားကြီး ရှေ့သို့ခရီးဆက်နေသည်။ မျိုသိပ်လာရသမျှ ကားပေါ်ရောက်မှပေါက်ကွဲထွက်လာသူက ဒေါ်နှင်းနှင်းပင်။

'ကိုလူလု. . ရှင့်သဘောက ဘယ်လိုရှိတယ်ဆိုတာ မသိပေမယ့် ကျွန်မတော့ ဒီလိုကောင်မျိုးကို သမက်ဆက်မတော်ချင်တော့ဘူး. . ကျွန်မသမီးလေး သတိရလာရင် သူတို့သားအမိကို အိမ်ပြန်ခေါ်သွားမယ်'

ဦးလူလု စကားမပြောနိုင်တော့လောက်အောင် ခေါင်းတွေ တရိပ်ရိပ်ထိုးပြီးကိုက်နေသည်။သွေးတွေ ဘယ်လောက်တောင် တက်နေပြီလဲ မသိတော့ဘူး။ ဆယ့်ငါးမိနစ်ခန့် မောင်းလာပြီးနောက် ပြည်သူ့ဆေးရုံကြီးသို့ ရောက်လာသည်။

မမြလေးကို drip ချိတ်ထားစဉ် မိဘနှစ်ပါးမှာ သမီးကိုကြည့်ပြီး မချိတင်ကဲ ခံစားနေရသည်။ နိုးဆာနေတဲ့ မြေးမလေးကလည်း ငိုနေလိုက်တာ သနားဖို့ပင် ကောင်းသည်။

အတိတ်ဟာ အတိတ်မှာပဲ ကျန်ခဲ့ဖို့ ကောင်းသည်။

ဘမောင် ရှို့တဲ့မီးက အလျှံငြီးငြီးတောက်နေပြီပဲ. .

'သမီး. . သမီး. . သတိရလာပြီလား'

'သမီးကလေး. . ဘယ်မှာလဲ မေမေ'

'ရှိတယ်လေ သမီး. . နို့ဆာလို့ ငိုနေလေရဲ့ကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'သမီး ဘယ်ရောက်နေတာလဲ မေမေ'

'ဆေးရုံမှာ သမီး. . မေမေတို့အိမ် ပြန်လိုက်ခဲ့နော်'

မမြလေးက ခါးခါးသီးသီးပင် ငြင်းသည်။

'သမီးမမှားတဲ့အတွက် ရှောင်မပြေးချင်ဘူး မေမေ၊ သူက သမီးနဲ့မပေါင်းချင်တော့ဘူးဆိုရင်တော့ တစ်မျိုးပေါ့'

ဦးလူလှက သွေးကျဆေးသောက်ပြီး မှေးနေရာမှ

'ခေါင်းမမာစမ်းနဲ့သမီး. . သမီးသွေးနုသားနုအချိန်မှာ ဟိုကောင်က အမျိုးမျိုးညှဉ်းဆဲနေမှာ အဖေတို့ မကြည့်ရက်ဘူး'

'ဖြစ်နိုင်ရင် အဲဒီမကောင်းဆိုးဝါးကောင်ကို သမီးလက်နဲ့ ကိုယ်တိုင်သတ်ချင်တယ်၊ဒင်းသာ မယုတ်မာခဲ့ရင် သမီးဘဝ အရမ်းကိုအေးချမ်းနေမှာ. . ဟင့်. . ဟင့်'

မမြလေး ငိုမှာကို မိဘတွေ မလိုလားပါ။

'မငိုနဲ့သမီး. . ခုလိုအချိန်မှာ မငိုရဘူး၊ သမီး ပြန်မလိုက်ချင်ရင် ဖေဖေတို့ အတင်းမခေါ်တော့ပါဘူးကွယ်. . သမီး ဒီမှာ အနားယူပြီးရင် သမီးအိမ်ကို ပြန်ပို့ပေးခဲ့မယ် ဟုတ်ပြီလား၊ တစ်ခုတော့ရှိတယ် သမီး၊ အရာရာကို လိမ္မာပါးနပ်စွာနဲ့ဖြေရှင်း၊ ကြားလား. . သူ့အမှားက ကိုယ့်အမှားမဖြစ်စေနဲ့'

တားမရသည့်အဆုံး သူ့အမှားက ကိုယ့်အမှားမဖြစ်စေရန်





ဖျောင်းဖျပြီး ပြောနေရပေမယ့် ရင်ထဲမှာ တကယ်မချိပါ။ သားသမီး မကောင်း မိဘခေါင်းဆိုသော်ငြား သမီးက လိမ္မာယဉ်ကျေးသူလေး ဖြစ်ပြီး သူများ မကောင်းကြံလို့ နာမည် အမည်းစက်ထင်သွားခဲ့ရတာ။ ပန်းကောင်း အညွန့်ချိုးချင်လို့ တမင်သက်သက် အကွက်ချပြီး ကြံစည်ခဲ့တာ. .

ဘမောင်ဆိုတဲ့ကောင်က ငွေစကလေး နည်းနည်းရွှင်လာရင် အသောက်အစားက ဖက်လာသည်။ အလုပ်ကို အလုပ်နဲ့ တူအောင် မလုပ်တော့။ ဦးလူလှက ဘမောင်ကို ဆန့်စက်မှ မောင်းထုတ်ပစ်လိုက်သည်။

ဒါကို ဘမောင်က အညှိုးထားကာ သမီးမြလေးကို သူငယ်ချင်းအိမ်မှအပြန် အတင်းကားတင်ပြေးသည်။ ဦးလူလှသည် သတင်းကြားကြားချင်း နေ့တွင်းချင်း အမီလိုက်သည်။ သမီးရေတိမ်နစ်မှာ နိုးလို့ ကားသုံးစီးနဲ့လိုက်ရှာပြီး ချက်ချင်းပြန်ခေါ်လာခဲ့သည်။

ဘမောင်အထာကိုသိနေသော ဦးလူလှက ဘမောင်ထက် တစ်ကွက် ကြိုမြင်နေတော့ ကံကောင်းစွာပင် မမြလေးမှာ မှဲ့တစ်ပေါက်တောင် မစွန်းခဲ့ပါ။ ဒါကိုများ သူနဲ့တစ်လလောက် ပေါင်းခဲ့ရသည်ဟု ပြောထွက်တဲ့ပါးစပ်၊ ပြောရဲတဲ့ပါးစပ်ကို ဆယ်ခါလောက် ခိုက်ထိုးပစ်ဖို့ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက တစ်ခါတည်း ရဲစခန်းပို့လိုက်ရမှာ။ မနှင်းက တားထားလို့။ ဟိုးလေးတကျော်နဲ့ အမှုအခင်းဖြစ်ရင် ကိုယ့်သမီးပဲ နစ်နာရမှာ ဆိုပြီး ဒီကောင့်ကို လွှတ်ပေးလိုက်မိတာ မဟာအမှား။ ခုတော့ သမီးအိမ်ထောင်ရေးမှာ အနှောင့်အယှက်ဖြစ်ရပြီ။

ငြိမ်းနွေဆိုတဲ့ကောင်ကို လျှော့တွက်မိတာမှားသွားပြီ။ လူ ရိုးလူအေးလေးဆိုပြီး ပိုက်ဆံရှိတာ၊ မရှိတာကို ဘေးချိတ်၊ သူ့ရဲ့ဂုဏ် ဒြပ်လေးနှင့်လိုက်ဖက်အောင် အခုနေတဲ့ ရဲတိုက်ကြီးနှင့်တူသော အိမ်ကို ဦးလူလှကိုယ်တိုင် လက်ဖွဲ့ခဲ့သည်။

ခုတော့ ဒင်းက ယောက္ခမတွေကို သူတောင်းစားလောက် တောင် သဘောမထားဘဲ စော်ကားနေတာ· ကမ်းကုန်နေပြီ။ ဒီ လောက်အပြောအဆိုခံနေရတာတောင် ကိုယ့်သမီးက ပြတ်မှမပြတ် နိုင်တာ. .

ဦးလူလှ စိတ်ဆင်းရဲရပါသည်။

သမီးသဘောအတိုင်း သူ့ယောက်ျားဆီ ပြန်ပို့ပေးခဲ့သည်။ မိုးထဲရေလေထဲမှာ ဆေးရုံကပြန်လာတဲ့ ကိုယ့်မိန်းမနဲ့သမီးကို ဆီး ကြိုဖို့ဝေးလို့ အဖက်တောင်မလုပ်တဲ့ ယောက်ျားမျိုး၊ အရက်သောက် မပျက်တဲ့ ယောက်ျားမျိုး ဦးလူလှ မတွေ့ခဲ့ဖူးပါဘူး။

မိဘတွေ စိတ်မကောင်းဖြစ်ပြီး ပြန်သွားရတာ မမြလေး





သိပါသည်။ သို့သော်လည်း ကိုယ်က မိကောင်းဖခင်သားသမီးမို့ တစ်လင်ကွာ တစ်ခုလပ် မဖြစ်လိုပါ။ကိုငြိမ်းနွေ သူများစကား နား ယောင်ပြီး သူမအပေါ် အထင်လွဲနေသည့်ကိစ္စကိုလည်း ရှင်းရဦး မည်။ သူလည်း မူးနေပြီဆိုတော့ ဒီနေ့ ထိပ်တိုက် ထပ်မတွေ့တာ အကောင်းဆုံးပဲ။

မမြလေးသည် ပင်ပန်းလှပြီမို့ သမီးလေးကိုနို့တိုက်ပြီး မှေး ခနဲ အိပ်ပျော်သွားသည်။ ဆရာမက မလှမေနဲ့အတူ တစ်ခန်းအိပ် သည်။

'သမီး. . သမီး'

မိုးရေတွေကြားထဲမှာ ရပ်ပြီးခေါ်နေတဲ့ မေမေ့ကို တွေ့ပြီး မမြလေး အံ့ဩနေသည်။

'မေမေ. . ဘာဖြစ်လို့ မိုးရေတွေစိုနေတာလဲ. . ကားနဲ့ပြန် သွားတာ မဟုတ်လား'

မမြလေးက မေးတော့ ဒေါ်နှင်းနှင်း ငိုနေသည်။ ကြည့်နေ ရင်းမှပင် ဒေါ်နှင်းနှင်း၏ခေါင်းပေါ်မှ သွေးတွေ စီးကျလာသည်။

'ဟင်. . သွေး. . သွေးတွေ မေမေ'

'ဟုတ်တယ် သမီး. . သမီးနဲ့မေမေတို့ ဘဝခြားသွားပြီ. . သမီးကို မေမေ လာနှုတ်ဆက်တာ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းနှင်း၏ခန္ဓာကိုယ်က ရုတ်ချည်းပင် အခိုးအငွေ့ သဏ္ဍာန်ပြောင်းပြီး ပျောက်ကွယ်သွားသည်။

မမြလေး လန့်ပြီးနိုးလာသည်။ အပြင်မှာ မိုးတွေ သဲသဲမဲမဲ ရွာနေတုန်းပင်. . သူမ အိပ်မက် မက်နေတာပါလား။ ဘုရား. . ဘုရား. . ကြောက်စရာကောင်းလိုက်တာ. .

နာရီကို ကြည့်တော့ ည ဆယ့်တစ်နာရီခွဲကို ပြနေသည်။ မမြလေး ဆက်အိပ်လို့မရတော့။ ဖေဖေနဲ့မေမေ အိမ်ကိုချောချော မောမောမှ ရောက်ရဲ့လား။ သမီးလေးက နှစ်ခြိုက်စွာ အိပ်မောကျ နေသည်။

မမြလေးသည် ခြေသံကို ဖွနင်းပြီး ဧည့်ခန်းမှာ ရှိသည့် တယ်လီဖုန်းဖြင့် မိဘအိမ်ကို ဖုန်းခေါ်လိုက်သည်။ အိမ်ဖော်မလေး မိတုတ်က ဖုန်းလာကိုင်သည်။ အိပ်မှုန်စုံမွှားဖြစ်နေသံဖြင့်

'ပြောပါရှင်'

'ဟဲ့. . မိတုတ်၊ ငါပါ'

'ရှင်. . မမလေးလား'

'အေး. . အမေတို့ပြန်ရောက်ပြီလား'

'မရောက်သေးဘူး မမလေး၊ အံ့ရမ်းမိုးချုပ်နေပြီ'

'မိတုတ်. . အခု နင်တစ်ယောက်တည်းလား'

ဆောင်းညဖြာသိစာပေ



'ကြီးဒေါ်တော့ ရှိတယ်၊ အိပ်နေပြီ မမလေး'

မမြလေးခေါင်းထဲမှာ စဉ်းစားစရာတွေ များနေသည်။

အဖေတို့ပြန်သွားတာ ကြာပြီပဲ။ ဒီအချိန် အိမ်ရောက်သင့်ပြီပေါ့။ လမ်းမှာ ကားများ ပျက်နေလို့လား. . ဒါမှမဟုတ်. . ဘုရား . . ဘုရား. . ခုနက အိပ်မက်. . ဟင့်အင်း. . အဲဒီလိုဖြစ်မှာမဟုတ်ပါဘူး၊ သွေးလေချောက်ချားလို့ ယျောက်မက်နေတာ နေမှာ. .

ဘာကိုစိုးရိမ်နေမှန်း မသိ။ မမြလေးသည် လှိုက်ဖိုနေသော ရင်ကို တည်ငြိမ်အောင် အားတင်းပြီး ထိန်းနေရသည်။

'မိတုတ်. . တစ်ခုခုအကြောင်းထူးရင် ငါ့ဆီ ဖုန်းပြန်ဆက်ပေး ကြားလား'

ဘာလုပ်ရမလဲ. . . ကိုငြိမ်းနွေကို ခေါ်ပြီး လိုက်ကြည့်ရင် ကောင်းမလား။ မမြလေးသည် တစ်ယောက်တည်း ပူလောင်နေရသည့်ဒဏ်ကို ဆက်ပြီးမခံစားနိုင်တော့သဖြင့် အနွေးထည်အကျီကို ကောက်ဝတ်လိုက်ပြီး သမီးလေးကို ချီကာ ဆရာမဆီမှာ သွားအပ်ထားခဲ့ပြီး ကိုငြိမ်းနွေ အရက်သောက်နေသည့် ထမင်းစားခန်းဆီသို့ လာခဲ့သည်။ မြင်ရတဲ့မြင်ကွင်းက စိတ်မသက်သာစရာကောင်းလှ၏။ စားပွဲပေါ် ခေါင်းတင်ပြီး လက်တစ်ဖက်က ဘေးမှာတွဲလောင်းကျနေသည်။ အမူးလွန်ပြီး အိပ်ပျော်နေပုံရသည်။

ဆောင်းညဖြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုငြိမ်းနွေမျက်နှာကို စေ့စေ့ကြည့်မိသည်။ ကျွန်မရင်ထဲကို ဝင်ကြည့်စမ်းပါ ကိုငြိမ်းနွေရယ်. . ရှင်ဘယ်လောက်ပဲ ရက်စက်ရက်စက်. . ရှင့်ကို ကျွန်မ သံယောဇဉ်မကုန်ဘူး၊ ဒါဟာ ကျွန်မရဲ့ ဝဋ်ကြွေးပါပဲ။

'ကိုငြိမ်းနွေ. . . ကိုငြိမ်းနွေ'

မမြလေး ဘယ်လိုပဲ ခေါ်ခေါ် ကိုငြိမ်းနွေက ဘာမှမတုံ့ပြန်ပါ။ မမြလေး စိုးရိမ်လာသည်။ သူမလက်တွေက ကိုငြိမ်းနွေ၏ နှာခေါင်းဝမှာ တေ့ပြီး ထားမိတယ်ဆိုရင်ပဲ ဝင်လေထွက်လေ လှုပ်ရှားမှုမရှိတာကို သိလိုက်ရသည်။ မမြလေးသည် နောက်ပြန် လန်ကျမသွားအောင် အနိုင်နိုင်ရပ်နေရသည်။ တွဲလောင်းကျနေသော လက်တစ်ဖက်ကို ယူပြီး ကိုင်ကြည့်သည့်အခါ ရေခဲတုံးတမျှ အေးစက်နေ၍ လန့်ပြီး လွှတ်ချလိုက်မိသည်။

ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် မမြလေးရင်ထဲတွင် ဗလောင်ဆူနေသည်။ စဉ်းစား. . စဉ်းစားစမ်း. . ခေါင်းအေးအေးထား. .

သမီး. . ဒီနေ့မှ လူ့လောကထဲရောက်လာတဲ့ သမီးလေး။ ဖခင်မဲ့ခဲ့ရပြီ။ ယူကြုံးမရစိတ်တွေက ချာချာလည်နေသည်။

မမြလေး သတိဝင်လာပြီး ဆရာမကို အော်ခေါ်သည်။





မလှမေကို အော်ခေါ်သည်။

'ဆ. . ရာ. မ. . ရေ. . မ. . လှ. . မေ. . '

မလှမေတို့ ပြေးလာကြသည်။ ချွေးစေးတွေပြန်ပြီး ကတုန်ကယင်ဖြစ်နေသော မမြလေးကို တွေ့ရသည်။

မလှမေက

'မလေး. . ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲဟင်'

'သူ. . သူ. . သေသွားပြီ မလှမေ'

'ရှင်'

ဆရာမလေးက အံ့ဩစွာဖြင့် ကိုငြိမ်းနွေကို စမ်းသပ်ကြည့်သည်။

'ဟုတ်တယ်. . လွန်ခဲ့တဲ့နာရီပိုင်းလောက်ကတည်းက ဆုံးသွားတာ၊ စိတ်ကိုထိန်းနော် မမြလေး၊ ကိုယ်က သွေးနုသားနုအချိန် မမြလေး ပြိုလဲလို့မဖြစ်ဘူး. . သမီးလေး ရှိသေးတယ်နော်'

ရင်ထဲမှာ ဆို့နင့်ပြီး အရမ်းခံစားနေရသော မမြလေးကို ဆရာမလေးက ဖျောင်းဖျနေသည်။ ထိုစဉ် ဖုန်းမြည်သံက ချောက်ချားဖွယ် ထွက်ပေါ်လာသည်။

ဆရာမက

'မလှမေ. . ဖုန်းသွားကိုင်လိုက်ပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသွားကိုင်တဲ့ မလှမေ မျက်နှာမကောင်းစွာ ပြန်ရောက်လာသည်။

သူ့မျက်နှာမှာ ထိတ်လန့်မှုတွေ အထင်းသားပေါ်နေသည်။

'ဘာတဲ့လဲ မလှမေ'

ဆရာမက မေးသော်လည်း မလှမေမှာ တဟိုဟိုဖြင့် ဆွံ့အနေသည်။ တကယ်တော့ မမြလေး ရှိနေ၍ ဘယ်က စပြောရမှန်း မသိဖြစ်နေပုံရသည်။

မလှမေ လက်ကို ဆွဲ၍ ခေါ်သွားသော ဆရာမကို မမြလေးက. .

'ဆရာမ. . ကျွန်မကို ဘာမှမဖုံးကွယ်ပါနဲ့၊ ပြောပါ. . ဘာဖြစ်လို့လဲ. . အဖေတို့ ဘာဖြစ်ကြတာလဲ'

ဟု တစ်လုံးချင်း ပြောသည်။ ဆရာမလည်း ဘာပြောလို့ ဘာလုပ်ရမှန်းမသိ။ မလှမေက ခေါင်းခါပြနေသည်။ ပြီးတော့ ငိုနေပြန်သည်။

ဒီအိမ်မှာ ဘာလို့များ ဆိုးရွားပြီး ကြောက်စရာကောင်းတဲ့ ကံကြမ္မာတွေ ဝင်လာရတာလဲ. .

ပြီးတော့ တစ်နေ့တည်းမှာ. .

မမြလေးက အရူးတစ်ယောက်လို အော်ဟစ်နေသည်။

ဆောင်းညပြာသိစာပေ



'ပြောပါ. . ပြောကြစမ်းပါ၊ ကျွန်မရင်တွေ ဗလောင်ဆူနေပြီရှင့်'

မလှမေက မမြလေးကို ပြေးဖက်လိုက်ပြီး

'မလေး. . အဘ. . အဘတို့ သုံးယောက်လုံး ကားမှောက်ပြီး ဆုံးသွားပြီ. . ဟီး. .'

'ဘာ. . .'

မမြလေးမျက်နှာသည် ဖြစ်လာသောအခြေအနေကို မယုံကြည်နိုင်သလို ခံနိုင်ရည်အင်အားမဲ့စွာ သနားစရာကောင်းလွန်းလှသည်။ တစ်နေ့တည်းမှာ သူမ ချစ်တဲ့ မိဘနှစ်ပါးနှင့် လင်ယောက်ျား သုံးယောက်လုံး သေဆုံးသွားကြတာ ဘယ်လိုအင်အားနဲ့တောင့်ခံနိုင်မှာတဲ့လဲ. .

မျက်ရည်တွေ တပေါက်ပေါက်စီးကျလာသည်။

ဘာတွေ ဖြစ်ကုန်တာလဲ. .

ညဦးကတင် သူတို့သုံးယောက် စကားအခြေအတင် ပြောနေကြသေးတာပဲ။

မမြလေး အမြင်အာရုံတွေ ဝေဝါးလာသည်။ ထိုနောက်မှာတော့ လောကကြီးနှင့်အဆက်အသွယ်ပြတ်ကာ အမှောင်ကမ္ဘာကြီးထဲ ရောက်ရှိသွားတော့သည်။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'မမြလေး. . မမြလေး. . သတိထားနော်. . မလှမေ လုပ်ပါဦး. . အသိတွေရှိရင်  ဖုန်းသွားဆက်လေ'

ကလေးလေးက  အဆက်မပြတ် ငိုနေသည်။

'အူဝဲ. . အူဝဲ. . အူဝဲ'

'ဘာတွေ ဖြစ်ကုန်တာလဲ. . အမယ်လေး. . ငါ ရူးချင်လာပြီ. . ဘာလုပ်ရမှာလဲ'

နော်သူဆေးမှာ  ကလေးကိုပြေးချီထားပြီး  စိတ်ရှုပ်ထွေးလွန်းသဖြင့်  သူပါ  ရောငိုနေမိတော့သည်။

✦



BURMESE CLASSIC .com

ပတ်ဝန်းကျင်မှာ ပါးစပ် ဘယ်နှပေါက်လောက်ရှိမလဲ. . ကောင်းတာပြောတဲ့ ပါးစပ်ရှိသလို၊ မကောင်းတာပြောဖို့ ပါးစပ်တွေလည်း  အများကြီးပါပဲ။

မမြလေးတို့အိမ်ရဲ့ အကုသိုလ်ဝင်ပုံ၊ ဂြိုဟ်မွှေပုံကို လူတော်တော်များများက  ပြောနေကြသည်။

- 'တော်တော်  ဂြိုဟ်မွှေတာပဲနော်'
- 'အေးလေ. . သူမွေးတဲ့နေ့မှာ အဖေရော၊ အဘိုးအဘွားတွေပါဆုံးကုန်ကြတာ၊ အစိမ်းသေတောင် သေရတာ ဆိုတော့ ဒီ ကလေးတော်တော်ခိုက်တာပဲနော်'
- 'အမယ်လေး. . ပြောရင်းဆိုရင်း ကြက်သီးတောင် ထလာပြီ'
- 'ဟုတ်ပါရဲ့ဟယ်၊ ခုဆို မမြလေးခမျာ အရူးမီးဝိုင်းဖြစ်နေပြီပေါ့'
- 'ဒီဂြိုဟ်မလေးနဲ့ မမြလေး ဘယ်လိုရှေ့ဆက်မလဲမသိဘူးနော်မောပါရဲ့ဟယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလို လာခြင်းမကောင်းတဲ့ ကလေးမျိုးတော့ ဆက်မမွေးတာဝဲ ကောင်းပါတယ်၊ ကြီးလာရင် ဒီ့ထက်ပိုဆိုးဦးမှာ'

ဒါဟာ အိုင်းရစ်တိမ်ပြာရဲ့ဘဝအစပင် ဖြစ်သည်။ကောင်းသောကြိုဆိုခြင်းတွေ ဆိတ်သုဉ်းခဲ့သော မိန်းကလေး။

သို့သော် ငယ်ရွယ်လွန်းသော အိုင်းရစ်လေးက ဒါတွေကို မသိခဲ့ရှာပါ။

သူမ ပတ်ဝန်းကျင်မှာ ဘာတွေ ဖြစ်ပျက်နေသလဲ ဆိုတာ သိခွင့်မရဘဲ နွေးထွေးစွာ ခိုဝင်နားနေဖို့ မိခင်အစား မလှမေကိုသာ ခင်တွယ်ခဲ့ရရှာသည်။

မမြလေးသည် လူက အကောင်းပကတိရှိသော်ငြား စိတ်တွေက သိပ်ပြီး မတည်ငြိမ်လှ။ အမှန်တကယ်က သူ့ကိုယ်သူ နေကောင်းချင်ယောင်ဆောင်နေခြင်းသာ။

သူ၏ တစ်ဦးတည်းသောသမီးလေးကို အနားသိပ်အကပ်မခံ။ မချစ်လို့လားဆိုတော့ သိပ်ချစ်ပါသည်။ လိုအပ်တာ အကုန်လုံး ဖြည့်ဆည်းပေးခဲ့သည်။

ပေးဖို့ကျန်နေတာက မိခင်တစ်ယောက်ရဲ့မေတ္တာတရားနှင့်နွေးထွေးမှု။ ကလေးက အမေအနား သိပ်ကပ်ချင်တာ မလှမေ ကောင်းကောင်း သိတာပေါ့။





မမြလေးရဲ့စိတ်က ပုံမှန် မဟုတ်သေးတော့ ကိုယ့်သမီး မျက်နှာမြင်ရုံဖြင့် ထိတ်လန့်နေဆဲပင်။

အိပ်ဆေး၊ စိတ်ငြိမ်ဆေးတွေ သောက်နေရတဲ့ မမြလေး။

ဒီလိုအခြေအနေမျိုးမှာ သူတို့သားအမိကိုထားခဲ့ပြီး ထွက်သွားဖို့အင်အား မလှမေမှာ မရှိပါ။

ဒီသနားစရာကောင်းတဲ့ ကလေးလေးအတွက် သူမ ရှိနေမှ ဖြစ်မည်။ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှု လှိုင်းတံပိုးတွေက အရှိန်ကောင်းနေဆဲ. .

မမြလေးကိုယ်၌ကလည်း ပတ်ဝန်းကျင်ရဲ့ရိုက်ခတ်မှုကို ဖြည်းဖြည်းချင်း ယုံကြည်လာသည်။

ဒီကလေး မွေးပြီးမှ မိဘတွေ သေသည်။ လင်သေသည်။ ပိုဆိုးတာက ဦးစီးဦးဆောင် မရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ သူများ မောင်ပိုင်စီးတာ ခံလိုက်ရသည်။

ဒီလိုအကြောင်းရင်းတွေ တိုက်ဆိုင်ဖန်များလာတော့ မမြလေး ကြောက်လာသည်။

မီးလောင်ရာ လေပင့်ပေးတဲ့ ဘေးထိုးစကားတွေ၊ နတ်ဆရာတော်၊ ဗေဒင်ဆရာတွေရဲ့စကားတွေ. . အားလုံးစုပြုံပြီး မှုမှန်မဟုတ်တဲ့ မမြလေးဦးနှောက်ထဲ ရောက်ကုန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သားအမိ ဆိုတဲ့ သံယောဇဉ်ကြိုးကို မမြင်ရတဲ့ ဓားတစ်ချောင်းနဲ့ ဖြည်းဖြည်းချင်း ဖြတ်ချခံနေရသည်။

သမီးလေး မသိလိုက်တဲ့ အဖြစ်ဆိုးကြီးတစ်ခုကို မမြလေးက ဘယ်လိုစိတ်ကူးနဲ့ ဖန်တီးခဲ့သလဲဆိုတာ သူမသာလျှင် သိပါလိမ့်မည်။

နောက်တစ်ယောက်က မလှမေ. . မမြလေးအတွက် စိတ်ချယုံကြည်ရသော သစ္စာအရှိဆုံး မိန်းမ. .

ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



BURMESE CLASSIC .com

အပြောင်းအလဲမရှိတဲ့ သဘာဝရှုခင်းတွေကို ခံစားချက်မဲ့သောနှလုံးသားဖြင့် မမြလေး ကြည့်နေမိသည်။

အပေါ်စီးမှာရှိတဲ့ ဒီအိမ်ကြီးပေါ်ကနေ ကြည့်ရင် ပင်လယ်ပြင်နဲ့ လှိုင်းလုံးတွေကို အမြဲတမ်း မြင်နေရသည်။ လူတွေကတော့ လှလိုက်တဲ့ ရှုခင်း ဆိုပြီး စိတ်ချမ်းမြေ့မှာ ဖြစ်ပေမယ့် မမြလေးအတွက်တော့ ဒီပင်လယ်ကြီးကိုမြင်ရတိုင်း ကမ်းစပ်မှာတောင် လှိုင်းလာထန်တဲ့ သူမဘဝကို နာကြည်းစွာသတိရလာသည်။

ရှေ့ကို ဘယ်လိုဆက်ရမလဲ. . အနာဂတ်ဆိုတာ ခုချိန်ထိ ဝေဝါးနေဆဲ. . ပင်လယ်လေတွေက သူမတစ်ကိုယ်လုံးကို ထိတွေ့ကျီစယ်နေကြသည်။

မလှမေသည် ပင်လယ်ပြင်ကြီးကို မမှိတ်မသုန်စိုက်ကြည့်နေသော မမြလေးအနောက်တွင် ရိုကျိုးစွာ ရပ်လိုက်ရင်း

'မလေး. . ကျွန်မကို ဘာပြောစရာရှိလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



မမြလေးက မလှမေ၏မျက်နှာကို စေ့စေ့ကြည့်လာသည်။ ထိုနောက် စိမ်းဆတ်သောလေသံဖြင့်

'အရေးကြီးတယ်. . သိပ်ကို အရေးကြီးတယ် မလှမေ၊ ဒီကိစ္စက အပြင်ကိုပေါက်ကြားလို့ မဖြစ်ဘူး. . လုံးဝမဖြစ်ဘူး. . မလှမေ အသက်နဲ့ထပ်တူ အာမခံပေးပါ'

ဘုရား. . ဘုရား. . ဘာတွေများပါလိမ့်။ အခုနောက်ပိုင်း မလေးကို ကြည့်ရတာ အပြောအဆိုရော အမူအရာပါ ထူးခြားနေသည်။ သွေးအေးအေးနဲ့ ဘာတွေကြံစည်နေသလဲ မသိ။

ရင်တထိတ်ထိတ်နဲ့ မမြလေးစကားကို နားစွင့်နေဆဲ. .

'ကလေးအဖေကိစ္စ. . အဖေနေရာမှာ ကွက်လပ် ဖြစ်နေတဲ့ သမီးအတွက် သူ့ရဲ့လိုအပ်ချက်အတွက် ကျွန်မ ဖြည့်ဆည်းပေးရမယ်လေ. . ဟုတ်တယ် မဟုတ်လား၊ သမီးက တဖြည်းဖြည်းကြီးလာပြီ. . . သူ အားလုံးကို မမှတ်မိခင်မှာ အပြီးဖြတ်ရမယ်၊ ကျွန်မ သူ့အဖေနေရာမှာ အစားထိုးဖို့ လူတစ်ယောက်ရှာထားတယ်'

မလှမေ. . ခေါင်းနပန်းကြီးသွားသည်။ အဲဒီလောက်အထိ မမျှော်မှန်းထားခဲ့တော့ အရမ်းလည်း အံ့သြသွားသည်။

'မလေး. . နောက်အိမ်ထောင်ပြုမလို့လား၊ ဟုတ်လား'

'မလှမေ မှားနေပြီ. . ကျွန်မအတွက် ယောကျ်ားမလိုတော့





ဘူး၊ သမီးအတွက်တော့ အဖေ လိုတယ်လေ၊ တစ်နည်းအားဖြင့်. . ဒီအိမ်ကို ရောက်လာမယ့်သူဟာ ကျွန်မလင်မဟုတ်တဲ့ သမီးရဲ့အဖေ သီးသန့်ပေါ့'

ဘာတွေမှန်းလဲ မသိဘူး။ မလှမေ နားတွေရှုပ်ပြီး ခေါင်းတွေပါ မူးလာသည်။ သူစိမ်းတစ်ယောက်ကို အိမ်ခေါ်လာပြီး အငှားအဖေ လုပ်ခိုင်းဦးမတဲ့။ သူ့ရဲ့ အတွေးအခေါ်နဲ့ အကြံအစည်ကို လိုက်မမီတော့ ခက်သည်။

'မလှမေကို အသိပေးတာပါ၊ နောက်တစ်ခု ပြောချင်တာက ဒါဟာ အတွင်းရေးပဲ. . အပြင်ကို လုံးဝပေါက်ကြားလို့မဖြစ်ဘူး ရှင်းလား'

မမြလေးက တစ်လုံးချင်း ပြောရင်း. . ပါးစပ်ကို လက်နှင့်ပိတ်ကာ နှုတ်မဖွာဖို့ အမူအရာလုပ်ပြလေသည်။

မလှမေ သက်ပြင်းချမိသည်။ မမြလေးကိုလည်း သနားလာသည်။

စိတ်မကျန်းမာတာမျိုးက ယဉ်ယဉ်ကလေးဆိုပေမယ့် တိုင်ပင်ပြီး ကုသပေးဖို့ မိသားစုဝင်တွေ မမြလေးမှာမရှိတော့။ ဆွေမျိုးနီးစပ်တော်တဲ့ လူယုံတွေကလည်း သစ္စာမရှိ၊ ကတိမတည်ဘဲ ငွေတွေ အလွဲသုံးစားလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အားကိုးလို့ရတဲ့လူတွေ မဟုတ်။ တွေးကြည့်ရင် ဒီသားအမိရဲ့ရှေ့ရေးက ရင်လေးစရာကြီးပါ။

'သမီးလေးကို ထမင်းသွားကျွေးလိုက်ဦးမယ် မလေး'

အိုင်းရစ်လေးက အခုဆို တစ်နှစ်ခွဲရှိနေပြီ။ ကော်ရုပ်ကလေးလို လှပြီး ချစ်စရာကောင်းလွန်းသည့် ကလေး။ စကားစပြောတတ်ကာစ တီတီတာတာလေးဆိုတော့ ကိုယ်ပဲ ထိန်း၊ ကိုယ့်လက်ပေါ်ပဲ ကြီးလို့လားမသိ။ မလှမေက တုန်နေအောင်ချစ်သည်။ ကြီး . . ကြီး . . ချစ် . . . ချစ် လို့ အသံထွက်တာနဲ့ မလှမေတို့ အရည်ပျော်သွားပြီဖြစ်သည်။

အိုင်းရစ်က ဘာမှမသိဘဲ အရုပ်မလေးတွေနှင့်ဆော့နေရှာသည်။ ကလေးကိုကြည့်ပြီး မလှမေ စိတ်မကောင်း။ ထိုနေ့ညက ညစာ ထမင်းပင် မစားနိုင်တော့လောက်အောင် ခံစားရသည်။

✦



အိမ်ထဲကို တစ်လှမ်းချင်း ဝင်လာတဲ့ လူတစ်ယောက်ကို အတွေ့မှာ မလှမေခေါင်းက ပုတ်လောက် ကြီးသွားသည်ဟု ထင်ရသည်။

ခြေလှမ်း လှမ်းပုံ၊ မျက်လုံးကြည့်ပုံ၊ အရပ်အမောင်း၊ ခန္ဓာကိုယ်အချိုးအစား၊ ဝတ်ပုံစားပုံ၊ အားလုံးဟာ သေသွားတဲ့ဆရာနဲ့ တစ်ထပ်တည်းတူနေသည်။ အဆိုးဆုံးက မျက်နှာ. . ဆရာ့မျက်နှာ ချွတ်ပြီး တပ်ထားသလား အောက်မေ့ရသည်။ ဒါမှမဟုတ် ဆရာများ မသေဘဲ ပြန်ထလာတာလား။

ဒီအိမ်၊ ဒီရဲတိုက်ကြီးထဲမှာ ဘာလို့များ ဒီလောက်တောင် မှိုင်တွေးနေရတာလဲ။ သာသာယာယာ မရှိဘဲ အမြဲတမ်း အေးစက်စွာ ခြောက်သွေ့နေသည်။

ဒီနေ့ အိမ်ထဲကို လူစိမ်းတစ်ယောက် ထပ်ဝင်လာပြန်ပြီ။ ဒါဟာ ရှေ့ဆက် ကောင်းဖို့ဖြစ်လာတာလား၊ ဆိုးလာမလားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှမသိနိုင်သောပုစ္ဆာတစ်ပုဒ် ဖြစ်လေသည်။ မမြလေးသည် လူစိမ်းကို စိမ်းသက်စွာကြိုဆိုလေသည်။

'ရှင် ရောက်လာပြီကိုး. . ဟောဒါက ကျွန်မတို့အိမ်ထိန်း၊ ရှင်လိုအပ်သမျှ အားလုံး သူ့ကိုပြောလို့ရတယ်၊ ရှင်နေရမယ့်အခန်းကို သူလိုက်ပို့ပေးလိမ့်မယ်၊ တစ်ခုတော့ ရှိတယ်နော်. . ရှင့်တာဝန်ရှင် ကျေပါစေ. . ကျွန်မသမီးလေးကို ဖခင်တစ်ယောက်ရဲ့မေတ္တာ အပြည့်အဝ ပေးရလိမ့်မယ်'

မလှမေက သူတို့နှစ်ယောက်ကို အကဲခတ်နေသည်။ ထိုလူစိမ်းက ခပ်ပြတ်ပြတ်ပင် ပြန်ပြောသည်။

'ကောင်းပါပြီ မမြလေး'

အိုင်းရစ်လေးက လူစိမ်းကို ပြူးပြီးကြည့်နေသည်။ ပြီးတော့ ဘာတွေ သဘောကျသလဲ မသိ. . ဟက်ဟက်ပက်ပက်ရယ်ကာ ထိုလူအနားသို့ လျှောက်လာသည်။ အနားရောက်တော့ ဘောင်းဘီစကို ဆွဲထားလိုက်သေးသည်။

အဲဒီလူက သရုပ်ဆောင်တော့ တော်သား။ အပြုံးမပျက်ကလေးကို ကောက်ချီပြီး

'သမီးလေး. . . ဒယ်ဒီလို့ ခေါ်ကြည့်စမ်း'

အိုင်းရစ်က မျက်လုံးကလေး ပြူးပြီးကြည့်သည်။ မလှမေ





က မမြလေးနှင့် သူ့ရဲ့အငှားလင်ကို ကြည့်ပြီး မျက်နှာတွေ ပူလာသည်။ ဘာမှ မသိနားမလည်သေးတဲ့ ကလေးလေးကို သူတို့ နှစ်ယောက်ပေါင်းပြီး လိမ်ကြတော့မည်။

မမြလေးက ဘယ်လိုအမေမျိုးလဲ။ နေနိုင်လိုက်တာ၊ သမီးလေးကို အကဲခတ်ကြည့်တော့ ထိုလူစိမ်းကို တကြည့်ကြည့်လုပ်နေပြီး မလှမေပင် ပြန်ခေါ်လို့မရတော့။ အဖေ့ရဲ့မေတ္တာနှင့် အဖေဆိုတာကို မသိ နားမလည်ပေမယ့် ထိုလူကိုတော့ ခဏလေးဖြင့် ခင်တွယ်သွားပုံရသည်။

အဲဒီနောက်ပိုင်း အိမ်ကြီးပေါ်မှာ အပြောင်းအလဲလေးတွေ ဖြစ်လာပါသည်။ အမေအနားကို ကပ်ခွင့်မရသော ကလေးသည် ကိုငြိမ်းမိုးလို့ခေါ်တဲ့ အဖေအတုအနားကို ပိုပြီးကပ်ပါတော့သည်။

မလှမေ အကဲခတ်မိသလောက် ထိုသူဟာ မမြလေးရှေ့မှာတော့ ကလေးအပေါ် စိတ်ရှည်ကာ ယုယပုံပေါ်ပေမယ့် တဖြည်းဖြည်း ဇာတိက ပြပြလာသည်။

အရက်ကလေး တမြမြနှင့် အရှင်ကြမ်းလွန်းသည်။ မလှမေကိုလည်း သူ့ခိုင်းဖတ်သာသာ သဘောထားကာ တစ်မျိုးပြီးတစ်မျိုး ခိုင်းနေတော့သည်။ ဒီလူရဲ့စရိုက်ကို မကြိုက်ပေမယ့် သမီးလေးတို့ မထားခဲ့ချင်လို့ အကြိမ်ကြိမ် သည်းခံပြီး နေနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မမြလေးဆိုတာကလည်း စိတ်က သိပ်မှန်တာမဟုတ်တော့ သူသာ ထွက်သွားရင်. . . ဒီအိမ်ဟာ ဟိုလူရဲ့အခြယ်လှယ်ခံဘဝကို ချက်ချင်းရောက်သွားမှာ. . .

အရင်တုန်းက ဒီအိမ်ကြီးထဲမှာ ခြောက်သွေ့ပေမယ့် နေရတာ လွတ်လွတ်လပ်လပ်ရှိသေးသည်။

အခုကျတော့ ဘာကို ထိတ်လန့်နေမှန်းမသိ။ ကျီးလန့်စာစားဘဝနဲ့ အရာရာကို သတိထားနေရတဲ့ဘဝမှာ မလှမေ မပျော်ပိုက်တော့ပါ။

✦



တစ်နေ့ မမြလေးနှင့် ကိုငြိမ်းမိုးတို့ အကြီးအကျယ်စကားများကြသည်။ တော်ရုံဆို မမြလေးက မပြောဘဲ ရေငုံ နှုတ်ပိတ်နေတာ များပါသည်။ ခုဟာက ဟိုလူ တော်တော် တရားလွန်လို့သာ ဖြစ်ရမည်။

မမြလေးက ကက်ကက်လန် အော်ပြီး ရန်တွေ့နေသည်။

'ရှင်က ဘာကောင်မို့လို့ ကျွန်မ ခွင့်ပြုချက်မရဘဲ ဒီကောင်မကို အိမ်ပေါ်တင်လာရတာလဲ ပြောစမ်းပါဦး'

'ခွင့်ပြုချက် ဟုတ်လား၊ ဘာခွင့်ပြုချက် ယူရဦးမှာလဲ. . . ဒါ ငါ့အစ်ကိုအိမ်လေ. . . မင်းသတ်လို့ သေသွားတဲ့ ငါ့အစ်ကိုအိမ်၊ ငါကြိုက်တာလုပ်လို့ရတယ် နားလည်လား'

ငြိမ်းမိုးဆိုတဲ့လူကလည်း တစ်ခွန်းမခံပြန်ချေပရင်း အခြေအနေက ပို့ပိုဆိုးလာသည်။ ငြိမ်းမိုးက ဆရာ့ညီဆိုတာ သူပြောမှ မလှမေ သိလိုက်ရသည်။ ဒါကြောင့် ဆရာနဲ့တူနေတာကိုး



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းမိုး ခြေထောက်နှင့် ဆောင့်ကန်လိုက်သဖြင့် စားပွဲကြီးက ဝုန်းဆို လဲကျသွားသည်။ သူခေါ်လာတဲ့ မိန်းမက လန့်ပြီးဇောက်သည်။

ထိုအချိန်တွင် လေးနှစ်အရွယ်ရှိပြီး နားလည်စပြုနေပြီဖြစ်တဲ့ သမီးလေးက ကြောက်ပြီး အော်ငိုကာ မလှမေအနား ပြေးဝင်လာသည်။

'ကြီးမေ. . သမီးကြောက်တယ်. . ကြောက်တယ်'

မလှမေက ကလေးကို ဖက်ထားပေမယ့် သူ့ခမျာကြောက်လို့ တဆတ်ဆတ် တုန်နေရှာသည်။

မမြလေး၏လည်ချောင်းထဲမှ ထွက်လာသော အသံကြီးက ကြောက်ဖို့ကောင်းလှသည်။

'နင်က မိုက်ရိုင်းမှတော့ ငါလည်း ရိုင်းရိုင်းပဲ ပြောရတာပေါ့. . နင့်ကို ငါ ဘာပြောခဲ့သလဲ၊ နင်ဟာ သမီးရဲ့အဖေမို့လို့ ဒီတစ်သက် အိမ်ထောင်မပြုရဘူးလို့ ကတိတောင်းခဲ့ပြီးသား၊ အခုမှ ဘာလို့ ကတိဖျက်ရတာလဲ'

'လူ့စိတ်ဆိုတာမျိုးက အစိုးမရဘူးလေ၊ ကတိက ကတိပဲ. . စိတ်က စိတ်ပဲ၊ မင်းထားတဲ့ဘဝမှာ ငါမှ မပျော်တော့တာ. . ငါ့ဘဝအတွက် ငါရွေးချယ်လာတာ ဘာမှားလို့လဲ၊ နောက်တစ်ခု ထပ်ပြော





မယ်၊ ငါ့မိန်းမကို လက်ခံပေးမှ မင်းခိုင်းတဲ့အလုပ်ကို ဆက်လုပ်နိုင်မယ်. . . ဒါပဲ'

မမြလေးမှာ အသားတွေ တုန်လာတဲ့အထိ ဒေါသထွက်နေပုံရသည်။ သစ္စာမရှိ ကတိမတည်တဲ့လူပဲ။

ခက်နေတာက သမီးလေး အိုင်းရစ်. . . .

ငြိမ်းမိုးကို အတော်လေး သံယောဇဉ်တွယ်နေပြီ။ သူ့အဖေရင်းလို့သာ သူသိထားတာမို့ ခုနေခါ ဒီကောင့်ကိုနှင်ထုတ်လိုက်ရင် သမီးလေး စိတ်သောကရောက်ဖို့ပဲ ရှိသည်။

ဒီလူက တကယ့်မြွေဟောက်ပဲ။ ကြောက်ဖို့ကောင်းလိုက်တာ။ သူ့မိန်းမကိုတောင် အိမ်ပေါ်ခေါ်လာမှတော့ ဒီအိမ်ကို အပိုင်စီးချင်လို့များလား. . သူ့ဆန္ဒကို လိုက်လျောပေးလိုက်ရင် ရေရှည်မှာ ရှုပ်ထွေးလာမှာ. .

မမြလေးသည် ဆုံးဖြတ်ချက်ကို တစ်ထိုင်တည်းအပြီးချပြီး ပြတ်ပြတ်သားသားပင် ပြောသည်။

'ဒီနေ့ကစပြီး ရှင့်အလုပ်ကို ရပ်နားလိုက်ပြီ။ ရှင်ပြန်လို့ရပြီ. . ဒီနေ့ပဲ အိမ်ပေါ်က ဆင်းပေးတော့၊ မလှမေ. . သူ့အဝတ်အစားတွေ သိမ်းပြီး အပြင်ကို ထုတ်ပေးလိုက်စမ်း'

အိုင်းရစ်စိတ်ထဲမှာ သူ့အမေဟာ သူချစ်ရတဲ့အဖေကို အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က အပြီးနှင်ချနေပြီလို့ နားလည်လိုက်ပုံရသည်။ ငြိမ်းမိုး၏ခြေထောက်ကို ပြေးပြီး ဖက်ထားလိုက်သည်။ ရှိုက်ရှိုက်ပြီး ငိုနေသည်။ ပါးစပ်မှလည်း မငံ့မရဲဖြင့် တောင်းပန်နေသံလေးက သနားစရာ။

'မသွားပါနဲ့ ဒယ်ဒီရယ်. . သမီးနဲ့မာမီကို မထားခဲ့ပါနဲ့. . သမီး ဒယ်ဒီ့ကိုချစ်တယ်. . နော်. . . ဒယ်ဒီ'

မမြလေး ရင်ထဲတွင် ဆို့နင့်နေသည်။ ဖခင်မေတ္တာကိုငတ်မွတ်နေရှာတဲ့ သမီးလေး. . ကံဆိုးမလေး. . .

'သမီး. . လာခဲ့စမ်း၊ သူ့ကို သွားခိုင်းလိုက်'

အိုင်းရစ်က အကြောက်အကန်ငြင်းသည်။

'ဟင့်အင်း. . ဟင့်အင်း. . ဒယ်ဒီ မသွားရဘူး၊ ဒယ်ဒီသွားရင် သမီးလည်း လိုက်မယ်'

ကိုငြိမ်းမိုးက ပါးနပ်သည်။ ရသည့်အခွင့်အရေးကို လက်မလွှတ်တမ်း ဆုပ်ကိုင်ပစ်လိုက်သည်။ အိုက်တင်ကလည်း မင်းသားရှုံးလောက်ပါသည်။ အိုင်းရစ်လေးကို နူးညံ့စွာကြည့်ပြီး အချိုသာဆုံးသော စကားသံဖြင့်

'ဒယ်ဒီ့သမီးလေး ဒယ်ဒီ့ဆီ လာစမ်းပါဦး၊ ဒယ်ဒီ ဝအောင်ကြည့်ပါရစေနော်. . သမီးအမေက ဒယ်ဒီ့ကို ဒီအိမ်မှာ မနေရတော့ဘူးတဲ့. . သမီးလေးနဲ့ဒယ်ဒီ ခွဲရတော့မယ်နဲ့တူပါရဲ့ကွယ်'





သူက အပြောကောင်းလေ. . ကလေးက ပိုပြီးငိုလေပင်။ ငြိမ်းမိုးကိုလည်း ထွက်သွားမည် စိုး၍ တင်းကျပ်စွာ ဖက်ထားလေသည်။

'ဒယ်ဒီ မသွားနဲ့. . မာမီ ဒယ်ဒီ့ကို ဒီအိမ်မှာ ထားပေးပါနော်'

မမြလေး တွေဝေနေဆဲမှာ ကိုငြိမ်းမိုးရဲ့မိန်းမဆိုသူ မာမာမင်းက အိုင်းရစ်လေးကို ပွေ့ချီလိုက်ပြီး အညာကို ကိုင်လိုက်သည်။

'သမီးလေးက ချစ်စရာလေးကွယ်. . အန်တီ့ဆီ လာပါဦး'

အိုင်းရစ်က သူ့အဖေလို့ ယုံကြည်ထားတဲ့ ငြိမ်းမိုးအနားမှာသာ ကပ်ပြီး နေသည်။ မာမာမင်းက မမြလေးဆီမှာ အသနားခံကြည့်သည်။

'မာ တစ်ခုလောက် ပြောကြည့်ပါရစေ မမရယ်၊ မာတို့က အခုမှယူကြတဲ့ လင်မယား မဟုတ်ပါဘူး၊ မမ လာခေါ်ကတည်းက တိုမိုးက မာ့ယောက်ျားပါ။ တကယ်တော့ သူက သူ့တူမလေး ဖတဆိုးဖြစ်နေတာ မကြည့်ရက်လို့ သံယောဇဉ်နဲ့ လာနေပေးတာ. . မမသူ့စေတနာကိုအလေးထားသင့်ပါတယ်. . အခုနေ မာတို့ထွက်သွားရင် ရသားပဲ၊ ဒါပေမယ့်. . အရင်ဆုံးထိခိုက်မှာက ဒီကလေးငေးဆိုတော့ မမပြန်ပြီး စဉ်းစားကြည့်စေချင်တယ်. . ပြီးတော့ ဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ မာ အလကားမနေပါဘူး၊ ဝိုင်းလုပ်ဝိုင်းစားနဲ့ အားလုံးကူလုပ်ပေးမှာပါ'

မမြလေးက မာမာမင်းကို စေ့စေ့ကြည့်ပြီး အကဲခတ်နေသည်။ ယုံသင့် မယုံသင့်လည်း သူ့ကိုယ်သူ ဝေခွဲမရဖြစ်နေပုံရသည်။ နဂိုစိတ်ရင်းက နူးညံ့သူမို့ မိန်းမသားချင်း စာနာစိတ်လည်း ဖြစ်မိလေသည်။

သမီးကိုကြည့်ပြီးတဲ့နောက်မှာတော့ သူ့စိတ်တွေကို ခဝါချလိုက်တော့သည်။

ယုန်ကလေးလို အပြစ်ကင်းစင်တဲ့ မျက်လုံးကလေးတွေနဲ့ အမေကိုအသနားခံနေတဲ့ သမီးလေး။ တစ်ချိန်လုံး ငြိမ်းမိုးကို ဖက်တွယ်ထားသည်။

ခုနေခါများ ငြိမ်းမိုး အိမ်ပေါ်က ဆင်းသွားရင် သူပါလိုက်ဆင်းသွားမလား မဆိုနိုင်ပါ။

သမီး စိတ်ချမ်းသာပါစေတော့လေ. . အိမ်ကြီးက ကြီးပြီး လူတစ်ယောက် ထပ်တိုးလာရုံနဲ့ ဘာမှဖြစ်သွားမှာမှ မဟုတ်တာ။

ကိုယ့်စိတ်ကိုယ် ချွေးသိပ်ပြီး မမြလေး လှည့်ထွက်လာခဲ့သည်။

အိုင်းရစ်လေး ပျော်နေတာများ မိုးမမြင်လေမမြင်ကို ဖြစ်





လို့။ ဘာပဲပြောပြော သူချစ်တဲ့အဖေ အိမ်ပေါ်က မဆင်းရတော့ဘူးလေ။

မမြလေးအကျင့်က သမီးကို ပေါ်တင် မချစ်ရဲ. . နောက်ကွယ်ကနေပြီး လိုအပ်သမျှ ဖြည့်ဆည်းပေးပြီး ကျေနပ်နေတဲ့လူမျိုး။

ခုတလော ငြိမ်းမိုးတို့လင်မယားက အိုင်းရစ်လေးကို ဖူးဖူးမှုတ်ပြီး အကြင်နာတွေ ပိုနေကြသည်။ အိုင်းရစ်ကလည်း သူတို့နှင့် နွေးနွေးထွေးထွေးနေရတာ ပျော်နေပုံရသည်။

မလှမေကတော့ ဒီအိမ်မှာ ဘာမှပြောပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့်မရှိတဲ့ ပွဲကြည့်ပရိသတ်သက်သက်သာ။ စိတ်ထဲမှာတော့ အခြေအနေကို စောင့်ကြည့်ရင်း မယုံမရဲနဲ့ တွေဝေနေဆဲ. .



www.burmeseclassic.com

www.burmeseclassic.com

ရာသီတွေ ပြောင်းလို့ နှစ်ဟောင်းမှနှစ်သစ်သို့ အကြိမ်ကြိမ် ကူးပြောင်းခဲ့လေပြီ. . .

မိုးတွေ သည်းလိုက်တာ. .

ခေါင်မိုးပေါ်ကိုကျနေတဲ့ မိုးစက်တွေက အကြီးကြီးမို့ အသံတွေ အကျယ်ကြီးကြားနေရသည်။

ကြီးမေက တစ်နေ့လုံး ပင်ပင်ပန်းပန်းလုပ်ထားရလို့ ထင်သည်။ အိပ်နေတာများ တခေါခေါနဲ့. . အိုင်းရစ်က ကြောက်လို့သွားဖက်ထားတာတောင် မနိုးဘူး။

ဒီလိုမိုးအေးတဲ့ညတွေဆို မာမီ့အနားမှာ ဖက်ပြီးအိပ်လိုက်ချင်သည်။ မာမီက ဘာလို့ အနားမှာပေးမအိပ်တာလဲ မသိဘူး. . ဒယ်ဒီလည်း ဒီလိုပါပဲ. . သူတို့အနားမှာ ပေးမှ မအိပ်တာ. .

ဒယ်ဒီနဲ့အန်တီမင်းက အိုင်းရစ်ကို ချစ်တယ်ဆိုပြီး သူတို့အခန်းမှာ တစ်ခါမှ ခေါ်မအိပ်ဖူးဘူး။

*ဆောင်းညပြာသီစာလေ*



လိုက်လျောတာတွေ မရှိတဲ့ ဒီအိမ်ထဲမှာ. . တောင်းဆိုတာတွေ ပျောက်ကွယ်သွားတာ သဘာဝကျပါသည်။

ကလေး ဆိုပေမယ့် သဘာဝက ဖန်တီးပေးတဲ့ အပေါ်မှာ အရာရာကို အရိပ်အကဲခတ်တတ်နေတာလည်း အိုင်းရစ်ရဲ့ ကျွမ်းကျင်မှုပင် ဖြစ်သည်။ မဖြစ်နိုင်တာကို ဇွတ်အတင်း တောင်းဆိုနေတာမျိုး အိုင်းရစ် မလုပ်တတ်ပါ။

မိုးက အဆက်မပြတ် ရွာနေဆဲပင်။ ခြုံထားတဲ့ ဂွမ်းကပ်စောင်ကြီးကိုဖယ်ချပြီး ကုတင်ပေါ်မှ အသာလေးဆင်းလိုက်သည်။

မှန်ပြတင်းမှာ မိုးတွေ ပက်ထားလို့ ပတ်ဝန်းကျင်ကို ရှင်းရှင်းလင်းလင်း မမြင်ရ။ ပင်လယ်ပြင်မှာတော့ လှိုင်းတွေ ထန်နေပါသည်။ မာမီ့အနားမှာ ဘယ်သူမှ မရှိတော့ အထီးကျန်နေရှာမှာ။ နားလည်စပြုနေပြီဖြစ်သော အိုင်းရစ်က မိခင်အတွက် တွေးပြီး ပူပန်မိသည်။

မာမီရော သမီးလို ကြောက်နေမလားဟင်. .

အဲဒီလိုတွေးလိုက်မိပြီး အိုင်းရစ် ခြေလှမ်းတွေဟာ အခန်းတံခါးကိုဖွင့်ကာ အပြင်သို့ အလိုလိုရောက်သွားတော့သည်။

လှေကားတက်စဉ် ခြေသံ မကြားအောင် ဖွဖွကလေး နင်းတက်လာပြီး မာမီ့အခန်းထဲကို အသာလေးဝင်လာမိသည်။

*ဆောင်းညပြာသီစာလေ*

www.burmeseclassic.com

www.burmeseclassic.com



အခြင်ထောင်က ပါးပါးကလေးမို့. . မာမီ အိပ်နေတာကို အတိုင်းသား မြင်နေရသည်။ မာမီလည်း ကြီးမေလိုပဲ အိပ်မောကျနေပြန်ပြီ. . . မိုးတွေ ဒီလောက်ရွာနေတာ မာမီ မကြောက်ဘူးလား မသိဘူး။

အိုင်းရစ်သည် ခြင်ထောင်အနားကပ်သွားပြီး အမေအနားမှာ အိပ်ချင်စိတ်ဖြင့် ခြင်ထောင်ထဲကို မသိမသာလေး ဝင်သွားမိသည်။

'ဂျိမ်း. . . .'

မိုးခြိမ်းသံ အကျယ်ကြီးကြောင့် အိုင်းရစ်က ကြောက်ပြီး လန့်အော်ကာ သူ့အမေကို သိမ်းကျုံးပြီး ဖက်ထားမိသည်။

တစ်စုံတစ်ခုကို အိုင်းရစ်သိလိုက်ပါသည်။

နွေးထွေးမှု. . .

ကြီးမေကို ဖက်လျှင် နွေးအိနေတဲ့ အထိအတွေ့ကို ခံစားရပေမယ့် မာမီ့ကိုယ်က အေးစက်ကာ တောင့်တင်းနေသည်။

ဘာဖြစ်လို့ အေးနေတာလဲဆိုတာ. . မေးကြည့်ချင်ပေမယ့် မာမီ့ကို မနှိုးရဲ။ ထပ်လည်း မဖက်ရဲတော့ဘဲ မာမီ့မျက်နှာကို အနီးကပ် မော့ကြည့်မိတယ်ဆိုရင်ပဲ ငယ်သံပါအောင် ကြုံးအော်မိတော့သည်။





မာမီရယ်လေ မျက်လုံးကြီးပြူးထွက်ပြီး အိုင်းရစ် ဒီလောက်အော်နေတာတောင် တစ်စက်လေးမှနိုးမလာပါ။ အိုင်းရစ်ရဲ့အော်သံကို ပထမဆုံးကြားတာက ဒယ်ဒီ ဖြစ်သည်။

ဒယ်ဒီက မာမီ့ကုတင်ခြေရင်းမှာ ရပ်လာပြီး

'သမီး. . ဘာဖြစ်လို့လဲ၊ နေပါဦး. . သမီးက ဒီကိုဘယ်လိုလုပ်ပြီး ရောက်နေတာလဲ'

'ဒယ်ဒီ. . မာမီ့ကိုယ်ကြီးက အေးအေးကြီး၊ သမီး ကြောက်တယ်. . ကြောက်တယ်'

ပြောလည်း ပြော၊ ပြေးလည်း ပြေးလာသော အိုင်းရစ်။

ငြိမ်းမိုးက မမြဲလေးကို လှည့်ပင် မကြည့်ဘဲ အိုင်းရစ်ကိုသာ ချော့မော့ပြီး အပြင်ခေါ်ထုတ်သွားသည်။

'သမီး လာ. . ဒယ်ဒီတို့အခန်းကို လိုက်ခဲ့'

အိုင်းရစ် အံ့ဩသွားသည်။

မဝံ့မရဲလေးဖြင့်

'သမီးက ဒယ်ဒီနဲ့အိပ်ရမှာလားဟင်'

'ဒါပေါ့ သမီးရဲ့'

'ဝမ်းသာလိုက်တာ ဒယ်ဒီရယ်. . မိုးတွေ တအားရွာလို့ သမီးကြောက်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီခေါ်ရာနောက်ကို ဝမ်းသာပြီးလိုက်လာသော အိုင်းရစ်ကို မာမာမင်းက မနှစ်မြို့သလို ကြည့်ပြီး

'သူက ဒီမှာ အိပ်မှာလား'

ဟု စိမ်းကားစွာ မေးသည်။ အိုင်းရစ်က အသံလေးတွေ တုန်လာတဲ့အထိ ကြောက်သွားသည်။ ခုနက မာမီ့ကို တွေ့ထားတဲ့ အကြောက်ရှိန်ကလည်း မပြေသေးတော့ ငြိမ်းမိုးလက်ကို အသေဆွဲထားပြီး မာမာမင်းကို တောင်းပန်ရှာသည်။

'အန်တီမင်း. . သ. . သမီး ဒီမှာ တစ်ညလောက်အိပ်ပါရစေနော်'

ငြိမ်းမိုးက မျက်စပစ်ပြီး အချက်ပေးလိုက်တာနှင့် အကင်းပါးသော မာမာမင်းက အိုင်းရစ်ကို ခေါ်ပြီး ငြိမ်းမိုးနှင့်သူမကြားမှာ ပေးအိပ်လေသည်။

ဘယ်သူတွေ ဘယ်လိုပဲ ကြည့်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူသည် ဖြစ်စေ၊ အိုင်းရစ်လေး ထိုနေ့ညက နှစ်ခြိုက်စွာ အိပ်မောကျခဲ့ပါသည်။ သူ့ဘဝတစ်လျှောက်လုံး အဖေ့အနားမှာ အိပ်ခွင့်ရတာ ဒါ ပထမဆုံး မဟုတ်လား။

✦



အိမ်ကြီးထဲမှာ မလှမေတစ်ယောက်တည်း ပျာနေသည်။ အိုင်းရစ် ပျောက်နေလို့ မမြလေးအခန်းထဲမှာ ရှိမလားဆိုပြီး တက်ကြည့်မိကာမှ မမြလေးပါ ပျောက်နေသည်။

သားအမိနှစ်ယောက်စလုံး ထူးဆန်းစွာ ပျောက်နေတော့ လိုက်ရှာရတာ တစ်အိမ်လုံးနှံ့နေပြီ ဖြစ်သည်။ ထူးထူးဆန်းဆန်း ဟိုလင်မယားနှစ်ယောက်အခန်းကတော့ တိတ်ဆိတ်နေလေသည်။ သွားမေးကြည့်ရင် ကောင်းမလား. . ချီတုံ ချတုံနဲ့ သွားမမေးရဲတဲ့ မလှမေ. .

ငြိမ်းမိုးအခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး ဘာလုပ်ရမှန်း မသိဖြစ်နေစဉ် ရုတ်တရက် အခန်းတံခါးဖွင့်ပြီး မာမာမင်း ထွက်လာပါသည်။

သူမက မလှမေကို အကဲခတ်သလိုကြည့်ပြီး. .

'ရှင် ဒီအခန်းရှေ့မှာ ဘာရပ်လုပ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ. . ဟို. . အိုင်းရစ်လေး ပျောက်နေလို့ပါ'

မမြလေး ပျောက်နေတာကို မပြောရဲသေး။

'အိုင်းရစ် ညက ကျွန်မတို့အခန်းမှာ လာအိပ်တယ်လေ၊ မိုးရွာနေတော့ သူကြောက်လို့တဲ့'

ဟုတ်သားပဲ။ ညက မိုးတွေဒီလောက်ရွာနေတာ သူဘာလို့ မနိုးရတာပါလိမ့်။ တစ်ရေးမှ နိုးမလာတာ အတော်အံ့သြဖို့ကောင်းသည်။ သမီးလေးအပေါ် လျစ်လျူရှုမိသလို ဖြစ်သွားပြီ။ မိုးရွာရင် ကလေးက ကြောက်ပါတယ်ဆိုမှ. .

မလှမေသည် သူ့ကိုယ်သူ အပြစ်တွေတင်ပြီး ထိုနေရာမှ လှည့်ထွက်လာမိသည်။

တစ်ယောက် ပျောက်နေသေးသည်။

မမြလေးက အိမ်အပြင်ထွက်ခဲပေမယ့် တစ်ခါတစ်ရံ ဟိုးသောင်စပ်မှာ သွားထိုင်နေတတ်တာမို့ သွားရှာကြည့်ဖို့ ဆုံးဖြတ်ပြီး အိမ်ထဲမှအထွက်. . အပြင်မှပြန်လာသော ကိုငြိမ်းမိုးကို တွေ့လိုက်ရသည်။

လက်ထဲမှာလည်း အဝတ်စလား၊ ဘာမှန်းမသိတဲ့ဟာတစ်ခုကို ခေါက်ပြီး ကိုင်ထားသေးသည်။

ပျာယီးပျာယာထွက်လာတဲ့ မလှမေကို ကိုငြိမ်းမိုးက





'ဈေးသွားမလို့လား မလှမေ'

ဟု စတင်နှုတ်ဆက်လေသည်။ ကျားသားမိုးကြိုး. . ဒီတစ်ခါပဲ စိတ်လိုလက်ရ စကားတွေဘာတွေ ပြောလို့. .

'ဟုတ်. . မဟုတ်. . မဟုတ်ပါဘူး. . မလေးကို သွားရှာမလို့. . ဟိုဘက်မှာများ ရှိမလားလို့'

'မနက်စောစောကတော့ သူထွက်သွားတာ တွေ့လိုက်တယ်၊ ပဝါကြီးပတ်ပြီး ထွက်သွားတာပဲ'

စိုးရိမ်နေတာတွေ နည်းနည်းလျော့သွားသည်။ တွေ့တဲ့လူရှိလို့ တော်သေးတာပေါ့. . .

'ဒါဆို တော်သေးတာပေါ့၊ ကျွန်မ ကလေးနိုးလာရင် စားစရာ သွားပြင်ဆင်လိုက်ဦးမယ်၊ ဩော်. . ဒီနေ့ ဘာများသုံးဆောင်ချင်ပါသလဲရှင်'

မလှမေက ယဉ်ယဉ်ကျေးကျေးမေးတော့ ငြိမ်းမိုးဆိုသူက

'ရပါတယ်ဗျာ၊ အဆင်ပြေသလိုပဲ ချက်ပါ၊ ကျွန်တော်တို့အတွက် အပင်ပန်းမခံပါနဲ့'

ပြောပြီး အိမ်ထဲဝင်သွားလေသည်။

သူ့အလုပ်တွေနဲ့သူ လုံးချာလည်နေသော မလှမေလည်း မမြလေးကို ခဏတော့ မေ့သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရစ်လေး နိုးလာတော့ ပိုဆိုးသွားသည်။ ကလေးကို ထမင်း ကျွေးရ၊ ရေချိုးပေးရနှင့်ဆိုတော့ မမြလေး ပြန်ရောက်လား မရောက်လားဆိုတာ မလှမေ မသိတော့ပါ။

နေ့ခင်း ထမင်းစားချိန်ကျမှ ထုံးစံအတိုင်း ထမင်းနှင့်ဟင်းကို လင်ပန်းလေးထဲထည့်ပြီး မမြလေးအခန်းထဲကို သွားပို့ပေးရ၏။ ဒီအိမ်မှာ မမြလေးက သူ့သမီးနှင့်တောင် ထမင်းအတူမစားဖူးပါ။ သူတစ်ယောက်တည်း အခန်းထဲမှာပဲ စားသည်။ ဒါတောင် စားချင်သည့်အခါမှ စားတာ. .

ထမင်းသွားပို့စဉ် အခန်းထဲမှာ မမြလေးကို မတွေ့တော့မှ ပြန်မရောက်သေးဘူးဆိုတာ ပိုသေချာသွားသည်။

ဒီတစ်ခါတော့ မဖြစ်တော့ဘူး ဆိုပြီး မလှမေက အိုင်းရစ်လေးကို ခေါ်ကာ ကမ်းစပ်က သောင်ပြင်တစ်လျှောက် မမြလေးကို လိုက်ရှာဖို့ ထွက်လာခဲ့သည်။

အရှေ့တံခါးမှထွက်လျှင် ဟိုလင်မယားနဲ့တွေ့ပြီး မေးနေမှာစိုးလို့ နောက်ဖေးတံခါးမှ လှည့်ထွက်လာခဲ့လိုက်သည်။

ခပ်သွက်သွက်လမ်းလျှောက်ပြီး တစ်ခုခုကို ရှာနေပုံရတဲ့ မလှမေကို အိုင်းရစ်က

'ကြီးမေ. . ဘာတွေ ရှာနေတာလဲဟင်'





'သမီးအမေကိုပေါ့။ မနက်ကတည်းက ထွက်သွားတာ အခုထိ ပြန်မလာသေးလို့'

'ကြီးမေ၊ မာမီကလေ ညတုန်းက မျက်လုံးကြီးပြူးပြီး အိပ်နေတယ်. . သမီးက ကြောက်လို့ မာမီ့ကိုသွားဖက်တာ မာမီ့ကိုယ်က ရေခဲတုံးကြီးကျနေတာပဲ'

'ဟင်. . .'

မလှမေ အံ့ဩနေစဉ် အိုင်းရစ်က ဆက်ပြောပြန်သည်။

'တော်သေးတာပေါ့. . သမီးကြောက်ပြီး အော်တာ ဒယ်ဒီကြားသွားလို့ သမီးကို လာခေါ်သွားတာ'

'ဒါဆို သမီးဒယ်ဒီကကော မမြလေးကို မကြည့်ဘူးလား'

'ဟင့်အင်း. . လှည့်တောင် မကြည့်ဘူး၊ ဒယ်ဒီနဲ့ မာမီက တည့်မှမတည့်တာ'

မလှမေစိတ်ထဲမှာ ဘာကိုထင့်မှန်းမသိဘဲ ထင့်သွားသည်။ ဒီကလေးစကားတွေက ထူးဆန်းနေသည်။

ကမ်းစပ်တစ်လျှောက် လိုက်ရှာပါသော်လည်း မမြလေးကို အရိပ်အယောင်မျှ မတွေ့ရ။

'ကြီးမေ. . ဟိုးကျောက်ဆောင်ပေါ်မှာ မာမီ့ပဝါလေး တွေ့လား'



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရစ် ပြတဲ့ ကျောက်ဆောင်လေးပေါ်မှာ တကယ်ပဲ မမြလေးပဝါလေးကို တွေ့လိုက်ရသည်။ ပင်လယ်လေနှင့်အတူ လွင့်နေတဲ့ပဝါလေးက ကျောက်ဆောင်စွန်းမှာ ငြိနေသည်။ ဒါဆို မမြလေးက ဘယ်မှာလဲ. .

အမယ်လေး. . မလှမေ ခေါင်းနပန်းကြီးသွားသည်။

'ကြီးမေ. . မာမီက ဘယ်မှာလဲဟင်'

မလှမေ ဘာပြန်ဖြေရမှန်းမသိ။ မနက်က ကိုငြိမ်းမိုးပြောတဲ့စကားအရဆိုရင် ဒီပဝါကို မမြလေး ခြုံသွားတာ သေချာနေပြီပဲ။ မလှမေသည် အဆုံးအစမရှိသော ပင်လယ်ပြင်ကြီးကို ကြည့်ပြီး ကြက်သီးတဖြန်းဖြန်း ထလာလေသည်။

ဒီသမီးလေး ထပ်ပြီး ကံဆိုးပြန်ပြီလား။ သုံးလောင်းပြိုင်သေတဲ့နေ့မှာမွေးထားတဲ့ သမီးလေး. . . ပတ်ဝန်းကျင်က ဘာတွေဆက်ပြောကြဦးမှာလဲ။ မမြလေးကရော ဝယ်ရွယ်နုနယ်တဲ့ သမီးလေးကိုထားခဲ့ပြီး ဘာလို့ထွက်သွားရတာလဲ. .

ခုတော့ သမီးလေးမှာ ကိုယ့်မိဘ မဟုတ်တဲ့ သူစိမ်းတွေနဲ့ နေခဲ့ရမှာ. .

ဘာမှ မရေရာသေးပေမယ့် မလှမေစိတ်ထဲမှာ ရေရာနေသည်။ မမြလေး ပြန်မလာတော့ဘူးဆိုတာ သေချာနေသည်။ မမြင်





ရတဲ့ အန္တရာယ်တစ်ခုကိုလည်း အနံ့ရနေသလို စိုးရွံ့စရာကောင်းနေသည်။

ဒီအိမ်ကြီးရဲ့အရှင်သခင်နှစ်ယောက်လုံး တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြပြီ။ နောက်တစ်ခါ ဘယ်သူ့အလှည့်လဲ?

မလှမေ အိုင်းရစ်လေးကို တင်းကျပ်စွာဖက်ထားမိသည်။

'ကြီးမေ. . မာမီရော. . လို့'

စိတ်ကို တင်းထားစမ်း လှမေ။ ဒီကလေးကို နင်မှ မကာကွယ်ပေးရင် သူပိုင်ဆိုင်တဲ့ စည်းစိမ်တွေအားလုံး သူများလက်ထဲရောက်သွားမှာ. .

မလှမေ မျက်နှာကို ချက်ချင်းပြင်ပစ်လိုက်သည်။ထိုနောက် အိုင်းရစ်လေးကို

'သမီးမာမီ ပြန်လာမှာပေါ့ကွယ်၊ကြီးမေတို့ အိမ်မှာပဲ ပြန်စောင့်ရအောင်နော်'

ပြောပြီး ကလေးကို ချော့ခေါ်လာခဲ့ရသည်။

ထိုနေ့မှစပြီး မမြလေး ပြန်အလာကို စောင့်မျှော်ရသည့် ဒုက္ခ. . အိုင်းရစ်လေးကို ချော့ရသည့် ဒုက္ခ. . ငြိမ်းမိုးတို့လင်မယားတို့ အကဲခတ်ရသည့်ဒုက္ခ. . ဒုက္ခပေါင်းစုံနှင့် ည ညတွေဆို [illegible]ဖိစီးပြီး အိပ်လို့မပျော်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ရာမှာလည်း ကသောင်းကနင်းတွေ ဖြစ်လာသည်။ ငြိမ်းမိုးကတော့ ပြောသား. . လူပျောက်တိုင်ထားတယ် တဲ့။ ခုချိန်ထိတော့ မမြလေးက အစအနပျောက်နေဆဲပင်။

မမြလေးပျောက်ပြီး ငါးရက်မြောက်တဲ့နေ့မှာတော့ ရဲစခန်းမှ ဖုန်းဆက်လာသည်။ အလောင်းတစ်လောင်း ပေါ်နေလို့ လာပြီး အတည်ပြုပေးပါတဲ့. . ငြိမ်းမိုးက မလှမေကို ခေါ်သည်။ မမြလေး အဝတ်အစားတွေကို သူ မခွဲတတ်လို့တဲ့လေ။

ဘုရားကိုအာရုံပြုပြီး အကြိမ်ကြိမ်ဆုတောင်းမိသည်။ အခု ပေါ်နေတဲ့ အလောင်းဟာ မလေး မဖြစ်ပါစေနဲ့. . . သမီးလေးမှာ အမေမဲ့လို့ မဖြစ်ဘူး။ သိပ်မကြာခင်မှာ အခြေအနေဆိုးနဲ့ ကြုံရတော့မည်မှန်း သိနေပေမယ့် ခေါင်းမာစွာပင် လက်မခံချင်ခဲ့။

ပိတ်ဖြူလွှမ်းထားသော အလောင်းနံဘေးမှာ ရဲတချို့နှင့် လူတွေ ဝိုင်းအုံနေသည်။ ငြိမ်းမိုးက ထိုလူအုပ်တွေကြားမှာ တိုးဝှေ့သွားပြီး -

'ဆရာ. . ကျွန်တော်တို့ ရောက်ပါပြီ'

ဟု သတင်းပို့သည်။

'ကဲ. . ဒါ ခင်ဗျား ပျောက်လို့ တိုင်ချက်ဖွင့်ထားတဲ့ မမြလေး ဟုတ် မဟုတ် အတည်ပြုပေးပါ'





ငြိမ်းမိုးက မလှမေကို တစ်ချက် ကြည့်သည်။ မလှမေက ပုပ်ပွပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့်အလောင်းမှ ထဘီစလေးကို မှတ်မိသွားပြီး အော်ငိုပါတော့သည်။

'မလေး. . အဖြစ်ဆိုးလှချည်လား မလေးရယ်၊ သမီးလေးက မလေးကို မျှော်နေရှာတာ၊ အမယ်လေး. . ကျွန်မ ဘယ်လိုပြန်ပြောရမှာလဲ'

ငြိမ်းမိုးမျက်နှာမှာ အင်မတန်မှ ဝမ်းနည်းကြေကွဲသွားပုံရပြီး ငိုသံတစ်ဝက်ဖြင့်

'ဟုတ်ပါတယ်ဗျာ. . သူက စိတ်မှုမှန် မဟုတ်ပါဘူး။ ကျွန်တော့်အစ်ကိုရဲ့မိန်းမပါ. . ဒီလိုဖြစ်မှာစိုးလို့ ကျွန်တော် လာစောင့်ရှောက်ပေးနေတဲ့ကြားက ခုလိုဖြစ်သွားတာ တကယ် ယူကြုံးမရဖြစ်မိပါတယ်ခင်ဗျာ'

'ခင်ဗျားပြောချင်တာက သူ သေသွားတာ ကိုယ့်ဟာကိုယ် သေကြောင်းကြံသွားတာလား'

'အဲဒီလိုဖြစ်ဖို့ များပါတယ်. . ကျွန်တော့်အစ်ကို ဆုံးပြီးကတည်းက သူ့စိတ်တွေ ကယောက်ကယက်ဖြစ်နေခဲ့တာ. . ပျောက်သွားတဲ့နေ့ကလည်း လူတွေအိပ်နေတုန်း အစောကြီးထွက်သွားလို့ ဘယ်သူမှ မသိလိုက်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



မမြလေးအလောင်းကိုကြည့်ပြီး ငိုနေသော မလှမေသည် စာမတတ်သော်ငြား ကိုငြိမ်းမိုးစကားကို ကြားပြီး စကားအသွားအလာ ရှေ့နောက် မညီတာ တွေ့လိုက်ရသည်။

မမြလေး ပျောက်သွားတဲ့နေ့မှာ ကမ်းစပ်ဘက်ထွက်သွားတာဟု သူပဲ ပြောခဲ့သည်။

ခုကျတော့ သူ မသိဘူးတဲ့။ ထူးဆန်းနေပါသည်။

မထင်ကောင်းပေမယ့် မမြလေးနဲ့ အဲဒီလူ အမြဲ တကျက်ကျက်ဖြစ်နေတာပဲဆိုတော့ မမြလေးကို ဒီလူ. . .

အို. . ဘုရား. . ဘုရား. .

'ဒီအမှုကို. . ကျွန်တော်တို့ ဆက်ပြီး စစ်ဆေးပါ့မယ်. . . ဒီအလောင်းကို မှုခင်းဆရာဝန်ဆီပို့ပြီးမှ. . .'

ထိုစကားအကြားမှာ ငြိမ်းမိုး ပျာသွားသည်။

'ဒီ. . ဒီအလောင်းက ကျွန်တော်တို့ကို ပြန်မပေးတော့ဘူးလား. . အခု အိမ်ပြန်ရင် အသုဘအိမ် မပြင်ဆင်ရတော့ဘူးလား'

'ကျွန်တော်တို့တာဝန်အရ လိုအပ်လို့လုပ်နေတာ. . ပြီးမှ ဆက်ပြောကြတာပေါ့'

မမြလေးအလောင်းကိုသယ်သွားကြပြီး တစ်ယောက်သောသူက ငြိမ်းမိုးကို အကဲခတ်သလိုကြည့်သွားလေသည်။





အိမ်ထဲမှာနေပြီး အိမ်အလုပ်တွေပဲ လုပ်တတ်သော မလှမေက ဒီတစ်ခါမှာ အမှန်တရားကို သိပ်သိချင်နေသည်။ သူမစိတ်ထဲမှာရှိတာတွေကို ခုနက ရဲကြီးတွေကို ပြောပြချင်လိုက်တာ. . သို့သော် ဟိုလူရှိနေတော့ မပြောရဲ. .

သမီးလေးသိသွားရင် ပိုပြီးစိတ်ဆင်းရဲရှာမှာ. . သူ့ခမျာ နဂိုကတည်းက အားလုံးရဲ့အမြင်မှာ ဂြိုဟ်မွှေတဲ့ ကလေး ဖြစ်နေခဲ့တာ. . သူ့အမေ ဆုံးသွားပြီဆိုတာသာ သိများ သိရင် တစ်ယောက်တည်း အထီးကျန်ပြီး ခံစားနေရဦးမှာ. . အဲဒီအိမ်ကြီးမှာ ဆက်နေပြန်ရင်လည်း သူနှင့်သမီးလေးမှာ လုံခြုံမှုရှိပါ့မလား။ အိပ်ကောင်းခြင်း အိပ်ရပါ့မလား. .

အို. . မင်းမဲ့တိုင်းပြည်မှမဟုတ်တာ. .

မလှမေသည် အိမ်ရောက်တဲ့အထိ ကြောက်စိတ်က တစ်ဝက် ဖုံးကာ တစ်ဝက်က ရဲရင့်နေပြန်သည်။ အိုင်းရစ်လေးကို သူ တာကွယ်ပေးချင်သည်။

ထိုညက အပြစ်မဲ့သောသမီးလေးမှာ ဘာမှမသိဘဲ အိပ်မောကျနေပေမယ့် မလှမေမှာတော့ ဝမ်းနည်းစိတ်၊ ကြောက်စိတ်၊ ငိုးရွံ့တဲ့စိတ်တွေဖိစီးကာ အိပ်လို့မပျော်ဘဲ မိုးစင်စင်လင်းခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သမီးလေး ကျောင်းသွားနေတုန်း မီးဖိုခန်းထဲမှာ ချက်ပြုတ်နေစဉ် မာမာမင်း ရောက်လာခဲ့သည်။

'မလှမေ. .'

မလှမေ နောက်ကျောပြင်သည် တွန့်ခနဲဖြစ်သွားသည်။

'ရှင်. . မမာ ဘာနိုင်းစရာရှိလို့လဲ'

'အခုဆို ဒီအိမ်မှာ မာတို့နဲ့ အိုင်းရစ်လေးပဲ ရှိတော့တာလေ၊ ဟိုအိမ်ဖော်မလေးက ပြန်သွားပြီဆိုတော့ မလှမေလည်း နားချင် နားလို့ရပြီလို့ လာပြောတာ'

ဘယ်လိုမှထင်မှတ်မထားတဲ့စကားမို့ မလှမေ အရမ်းဝမ်းနည်းသွားသည်။

'အဲဒီလိုတော့ မလုပ်ပါနဲ့ မမာရယ်၊ သမီးလေးကို စောင့်ရှောက်ဖို့ မမြလေးက ခေါ်ထားတာပါ၊ ကျွန်မလည်း သမီးလေးကို သံယောဇဉ်တွယ်နေပြီမို့ မသွားပါရစေနဲ့ရှင်'





'ဒို့. . လူတစ်ယောက်ပိုရင် တစ်ယောက်ဖိုးပိုကုန်တယ်. . ဒီကလေးက ကျွန်မတို့တူမပဲ၊ သူ ကြီးလာတော့မှာပါ. . သူ့အတွက် ကျွန်မတို့ တာဝန်ယူနိုင်တယ်၊ ရှင်ပြန်လို့ရပြီ. . ဒါပဲ'

စောင့်ရှောက်မယ်၊ တာဝန်ယူမယ် တဲ့. . ဘယ်လို စောင့်ရှောက်မှာလဲ။ မလှမေမျက်လုံးထဲတွင် မမြလေး၏အလောင်းကိုမြင်ယောင်လာသည်။

တဒင်္ဂအတွင်းမှာ ဘယ်လိုဆုံးဖြတ်ရမှန်းမသိ။ဉာဏ်လည်း မမီတော့ပါ။

မလှမေသည် စီးကျလာသောမျက်ရည်တွေကို လက်ခုံဖြင့် ပွတ်သုတ်ဖယ်ရှားပြီး တောင်းပန်ကြည့်သည်။

'ဒါဆိုလည်း သမီးလေး ပြန်လာမှ ကျွန်မ သွားပါရစေရှင်'

'သွားဆို သွားလိုက်ပေါ့ဗျာ. . အလကား ကလေးကို စိတ်သောကရောက်အောင်. .'

ဝင်ပြောလိုက်သူမှာ နေ့ခင်းကြောင်တောင် အရက်ဒီးတွေ ဝေနေသော မျက်လုံးနီနီကြီးများနှင့် ကိုငြိမ်းမိုး ဖြစ်နေသည်။ သမီးလေးကို စိတ်မချပေမယ့် ဒီလောက်တောင်နှင်နေမှတော့ ဒီအိမ်ကြီးပေါ်က ဆင်းပေးရတော့မည်ထင်သည်။

မလှမေမှာ အားမတန်လို့ မာန်လျှော့လိုက်ရပေမယ့် သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးရှိတဲ့ ကျောင်းမှာ လိုက်သွားတွေဖို့ ဆုံးဖြတ်ပြီး အဝတ်ထုပ်ဆွဲကာ အိမ်ပေါ်မှဆင်းခဲ့သည်။

ကျိန်စာတွေနဲ့ပြည့်နေတဲ့ အိမ်ကြီး။ ကံကြမ္မာဆိုးတွေနဲ့ရစ်ပတ်ထားတဲ့ အိမ်ကြီးကို နောက်ဆုံးအနေဖြင့် ဝအောင် ကြည့်ပြီး ကျောခိုင်းကာ ထွက်လာခဲ့သည်။

ထိုနေ့က မလှမေသာ ခြေခေါက်ပြီး မလဲကျခဲ့ရင်. . သမီးလေးကျောင်းကို အရောက်သွားနိုင်ခဲ့ရင် အခြေအနေက တစ်မျိုးပြောင်းသွားနိုင်ပါသည်။

အနည်းဆုံးတော့ သမီးလေးဘဝကို ကယ်တင်လိုက်နိုင်ပါလိမ့်မည်။



မမျှော်လင့်ဘဲ ကျောင်းလွှတ်ချိန်မှာ ဒယ်ဒီ့ကို တွေ့လိုက်ရသည့်အတွက် အိုင်းရစ် အရမ်းဝမ်းသာသွားသည်။

အမြဲတမ်းနှိမ်ချင်နေတဲ့ သူငယ်ချင်းတွေကိုလည်း ကြွားပစ်လိုက်သေးသည်။

ကျောင်းစိမ်းဂါဝန်လေး လွင့်နေအောင် ပြေးသွားမိရင်း

'ဒယ်ဒီ. . သမီးကို လာကြိုတာလားဟင်'

'ဒါပေါ့ သမီးရဲ့၊ လာ. . ကားပေါ်တက်'

ဒယ်ဒီ့မျက်နှာကို ကြည့်၍မဝသလို ပြောစရာစကားတွေလည်း မကုန်နိုင်ပါ။

'ကြီးမေက ဘာလို့လာမကြိုတာလဲ ဒယ်ဒီ၊မာမီ ပြန်ရောက်နေပြီလား'

ငြိမ်းမိုးက အိုင်းရစ် သိချင်နေသောအဖြေကို ကားမောင်းရင်း အေးအေးဆေးဆေးပင် ပြန်ဖြေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီးကြီးမေက ရွာခဏပြန်သွားတယ်ကွယ့်၊ သမီးအမေ ရှိတဲ့နေရာကို သိပြီ၊ ဒယ်ဒီ ဒီညလိုက်သွားမလို့၊ သမီးလိုက်ဦးမလား'

'ဒါဆို သမီး မာမီ့ဆီလိုက်မယ်၊ ခုပဲ သွားရအောင် ဒယ်ဒီ'

'အခု သွားလို့ မရသေးဘူး သမီး. . . သူက ဟိုးအဝေးကြီး မှာ၊ ညကျမှပဲ စက်လှေနဲ့သွားလို့ရမှာ သမီးရဲ့. . အိမ်ပြန်ရောက်ရင် သမီးအဝတ်အစားတွေ သိမ်းထားလိုက်နော်'

ပျော်နေတာပဲ သိသည်။ရှေ့မှာစောင့်ကြိုနေမည့် ကံကြမ္မာ ကို မသိ။ သူ့ရဲ့ကံကြမ္မာဟာ လူတစ်ယောက်ရဲ့ လက်ထဲမှာ လုံးဝ ဥသုံကျရောက်နေပြီဆိုတာ တကယ်ကို မသိခဲ့ရိုးအမှန်ပါ။

အိုင်းရစ်သည် ထိုနေ့ညက ဒယ်ဒီနှင့်အတူ မာမီရှိသည်ဆို သောနေရာသို့ စက်လှေဖြင့် လိုက်လာခဲ့ကြသည်။

စက်လှေကို အကြာကြီးစီးခဲ့ရသည်။ နှစ်ညအိပ်ပြီးသည့် တိုင် မရောက်နိုင်သေး။ တစ်ခါမှ ပင်လယ်ပြင်ခရီးမထွက်ဖူးခဲ့သူမို့ အိုင်းရစ်က ပျော်တောင်နေသေးသည်။ ညနေလောက်ကျမှ စက် လှေက ကမ်းမှာကပ်တော့သည်။

'ဒါ ဘာနေရာလဲ ဒယ်ဒီ'

'သမီးမာမီရှိတဲ့နေရာ ရောက်ဖို့ နည်းနည်းထပ်သွားရဦး မယ်'





တကယ်တော့ ထိုနေရာသည် မြန်မာပြည်မြေပုံရဲ့ အစွန် ဆုံးမှာရှိသည့် ကော့သောင်းမြို့ဆိုတာ အိုင်းရစ် မသိခဲ့။ နယ်စပ်မြို့ လေးမှာ တစ်ည ထပ်အိပ်ခဲ့ရပြန်သည်။ နောက်နေ့ကျရင် မာမီ့ကို တွေ့ရမှာပဲဆိုပြီး အပျော်ကြီးပျော်နေမိတာပဲ သိသည်။ မာမီ့ကိုပြန် တွေ့ရင် လွမ်းနေရတဲ့အကြောင်းတွေ ပြောပြချင်သည်။

အိုင်းရစ် မျှော်လင့်နေခဲ့သော နေ့လေး တကယ် ရောက် လာခဲ့ပြီ။ ဒယ်ဒီသည် အိုင်းရစ်ကိုခေါ်ပြီး ပုံချိတ်လှေလေးဖြင့် တစ် ဖက်ကမ်းကို ကူးသွားခဲ့သည်။ ထိုစဥ်က ထိုမြစ်သည် ပါချန်မြစ်ဆို တာ မသိခဲ့သလို သူတို့သွားနေသောမြို့သည် ရနောင်းမြို့ ဆိုတာ လည်း မသိခဲ့။ ဆယ်နှစ်အရွယ် ကလေးဘဝမှာ သူမ၏ အားကိုးရာ သည် သူမ၏ဖခင် ငြိမ်းမိုး ဖြစ်ပြီး သူပြောသမျှ နားထောင်ကာ သိမ်မွေ့စွာ နေခဲ့သည်။ သူမအပေါ် အချစ်လျော့သွားမှာစိုးလို့ အဖေ ပြောသမျှ တစ်ခွန်းမှစောဒကမတက်ရဲခဲ့ပါ။

ဒီလိုနှင့်ပဲ သူမ၏ကံကြမ္မာသည်. . .

အဖေထားခဲ့သောနေရာတွင် နေခဲ့ရသည်။

'သမီး ဒီနေရာမှာ ခဏနေခဲ့နော်. . . ဒယ်ဒီ သမီးမာမီကို သိုက်ရှာပြီး ချက်ချင်းပြန်လာခေါ်မယ် သိလား'

အိုင်းရစ်သည် ထွက်သွားသော ဒယ်ဒီ့ကျောပြင်ကိုမျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်များကြားမှ အသံတိတ်ငိုကြွေးရင်း ဝမ်းနည်းစွာကြည့်ပြီး ကျန်ခဲ့သည်။

'ဒယ်ဒီ'

သူမ အကျယ်ကြီးအော်ခေါ်သော်လည်း ဒယ်ဒီက မကြား။ လက်လေးတပြပြနှင့်ငိုနေတာလည်း ဒယ်ဒီက မမြင်ပါ။

ဆိုင်ကယ်တွေ ရှုပ်နေသောမြို့၊ ယိုးဒယားလိုပြောကြသော မြို့လေး၏ခပ်ကျဉ်းကျဉ်းတိုက်ခန်းငယ်လေးထဲတွင် သူမကို ဒယ်ဒီထားရစ်ခဲ့သည်။ ထိုအိမ်လေးမှာပဲ သူမသည် အိမ်ရှင်တွေ ခိုင်းသမျှ မငြူမစူ လုပ်ပေးခဲ့ရသည်။ တကယ်တော့ အသက်ဆယ်နှစ်ဆိုတာ မိခင်ရဲ့အရိပ်အာဝါသအောက်မှာ အေးအေးချမ်းချမ်း ရှိနေသင့်တဲ့ အရွယ်ပါ။ ဒယ်ဒီထားခဲ့တဲ့နေ့က စပြီး ထမင်းတစ်လုတ် စားရဖို့ အတွက် အရွယ်နှင့်မမျှသောလုပ်အားတွေ ပေးဆပ်ခဲ့ရသည်။

သူတို့နာရီနှင့် မနက်ဆို လေးနာရီထရပြီး အိမ်မှာရှိသမျှ အလုပ်အကုန်လုပ်ပေးကာ ခြောက်နာရီဆို အိမ်ရှင် ဈေးရောင်းရာ နေရာသို့လိုက်သွားရသည်။ ဘယ်တော့ပြန်လာခေါ်မလဲလို့ တမျှော်တည်းမျှော်ရင်း ငိုခဲ့ရတဲ့နေ့တွေ ရေတွက်လို့ ကုန်နိုင်မှာမဟုတ်ပါ။

နေခဲ့ဖူးတဲ့ ကမ်းစပ်တစ်နေရာက ကျောင်းလေးကို လွမ်းဆွတ်ပြီး ညစဉ် အိပ်မက်ထဲမှာ စာတွေဆိုနေမိသည်။





ကိုယ့်ကိုမလိုချင်လို့ ရောင်းစားခဲ့မှန်းလည်းမသိခဲ့။ ကျွဲတွေ နွားတွေ ခိုင်းသလို တန်အောင်အခိုင်းခံနေရတဲ့ဘဝမှာ အမှားအယွင်းမရှိအောင် ကြိုးစားပြီး နေရသည်။ တစ်ခုခုမှားပြီဆိုတာနှင့် အရိုက်ခံရသည်။ သူမတစ်ကိုယ်လုံးမှာ အရိုက်ခံရလို့ ဒဏ်ရာတွေ အပြည့်။ တစ်နေ့မှာ သူတို့ခိုင်းသလိုမလုပ်လို့ဆိုပြီး အိမ်ရှင်က ပြစ်ဒဏ်ပေးသည်။ စတိုခန်းတစ်ခုထဲမှာ ထမင်းမကျွေးဘဲ နှစ်ရက်ကြာအောင် ပိတ်ထားခဲ့သည်။ ကြောက်လို့ အသံတွေပြာအောင် ငိုလည်း လာဖွင့်ပေးမယ့်သူ မရှိ။

ဗိုက်ဆာလို့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျအောင် ဝမ်းနည်းမိသည်။ ဘယ်သူမှမကယ်နိုင်တော့ဘူးလား။ တစ်ညနှင့် တစ်နေ့ နေပြီးတော့ ဒီအခန်းထဲမှာပဲ သေရတော့မည်ဟု ထင်လိုက်မိသည်။ ငိုရလွန်းလို့ လူလည်း နုံးချိနေပြီ။ အိုင်းရစ်သည် မှောင်မည်းနေသော အခန်းလေးထဲတွင် ငြိမ်ငြိမ်ကလေး လှဲနေမိသည်။

ဘာအင်အားမှ မရှိတော့တဲ့ မျှော်လင့်ချက်မဲ့နေသောသူ တစ်ယောက်လိုခံစားနေရသည်။ ဒီမှာဆက်မနေချင်တော့ဘူး၊ သမီး ဆိုလာခေါ်ပါတော့ မာမီရယ်။ သူတို့က သမီးကို နှိပ်စက်ကြတယ်၊ ထမင်းလည်း မကျွေးကြဘူး၊ သမီးကျောင်းစာတွေ နောက်ကျနေပြီ လေ. . .



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်မှာ လှဲပြီး မေးခန် အိပ်ပျော်သွားစဉ် အိပ်မက်ထဲမှာ မာမီ့ကို တွေ့လိုက်ရသည်။ 'သမီးလေး ဗိုက်ဆာနေပြီလား'တဲ့. . မေးပြီး မာမီ ငိုနေသည်။ မာမီ့ကိုယ်ပေါ်မှာ ခြုံထားတဲ့ ပဝါကလေးက ကျောက်ဆောင်စွန်းမှာ ကြီးမေနဲ့ တွေ့ခဲ့ဖူးသည့် ပဝါကလေး. .

အိုင်းရစ် လန့်နိုးလာတော့ အခန်းတံခါး ဖွင့်သံကို ကြားလိုက်ရသည်။ ထပ်ရိုက်မှာကို ကြောက်သည့်စိတ်၊ မာမီ့ကို လွမ်းသည့်စိတ်တွေက ဦးဆောင်ပြီး အိုင်းရစ်သည် ပွင့်လာသောတံခါးမှ အင်အားတွေကို စုစည်းကာ ခြေဦးတည့်ရာ ထွက်ပြေးလာမိသည်။

အိမ်ရှင်တွေလည်း မထင်မှတ်ထားသည့် အဖြစ်ကြောင့် ကြောင်ပြီးကျန်ခဲ့ကြသည်။ နောက်မှဝိုင်းလိုက်ကြချိန်တွင် အိုင်းရစ်သည် ကုန်တင်ကားကြီးတစ်စီး၏နောက်တွင် ပုန်းနေလိုက်သည်။

ကုန်ပစ္စည်းတွေ အပြည့်တင်ထားသောကားတွင် အိုင်းရစ် ခန္ဓာကိုယ်သေးသေးကလေးက ပစ္စည်းတွေကြားထဲမှာ ကွယ်ပျောက်နေသည်။ ကံကြမ္မာက သူမဘ၀ကို တစ်ဆစ်ချိုး ပြောင်းလဲစေခဲ့ပြန်သည်။ သူမ ပုန်းနေသောကားသည် ရနောင်းမြို့မှ ဘန်ကောက်မြို့သို့ ထွက်ခွာလာခဲ့သည်။

ဒီနေရာ၊ ဒီအရပ်က လွတ်ရင် ပြီးရောဆိုပြီး အသာလေး





ငြိမ်နေခဲ့မိသည်။ ဘယ်ရောက်လို့ ရောက်မှန်းလည်း မသိခဲ့ဘဲ ထိုတုန်ကားကြီး ထမင်းဆိုင်တစ်ဆိုင်တွင် နားပြီး ကားသမား ထမင်းစားနေတုန်း ကားပေါ်မှဆင်းပြီး ကျန်နေရစ်ခဲ့သည်။

တစ်ယောက်တည်း ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘဲ ဒုက္ခရောက်နေစဉ် သူမအနားမှ လက်တွန်းလှည်းတစ်စီး ဖြတ်သွားသည်။ မွှေးကြိုင်နေသော ဟင်းနံ့တွေက သူမကို ဆွဲဆောင်နေသည်။

ထမင်းမစားရတာ နှစ်ရက် ရှိနေပြီပဲ။ ဗိုက်ထဲမှာ အူတွေလိပ်ကုန်ပြီ ထင်ပါသည်။ အိုင်းရစ်သည် ထိုထမင်းလှည်းကလေးနောက်သို့ ပြေးပြီးလိုက်သွားမိသည်။ ထိုနောက် လှည်းရှေ့မှာပိတ်ရပ်လိုက်ပြီး ဒူးထောက်ကာ ထိုင်ချလိုက်သည်။ သူမမျက်ဝန်းတွေက အသက် သုံးဆယ်ကျော်လောက်ရှိမည့် မိန်းမကြီးကို အသနားခံနေမိသည်။

ထိုစဉ်က အိုင်းရစ် ယိုးဒယားလိုမပြောတတ်ပါ။သူမ တတ်သော မြန်မာစကားဖြင့်ပင် ထမင်းကျွေးဖို့ တောင်းပန်နေမိသည်။

'သမီးကို ထမင်းကျွေးပါရှင်. . သမီး ဗိုက်ဆာလွန်းလို့သေတော့မယ်'

အိုင်းရစ်ဘ၀ကို ကယ်တင်ပေးခဲ့သည့် ထိုင်းမြန်မာကပြား



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အင်းချင်သည် အိုင်းရစ်ကို မြန်မာမကလေးမှန်း သိသွားခဲ့ပြီး ထမင်းကျွေးကာ သူ့အိမ်သို့ခေါ်သွားခဲ့သည်။ နှားခိုရာနောက်ထပ် နေရာသစ်မှာတော့ ခဏတာ ပျော်ရွှင်ခဲ့ရသည်။ သားသမီး မရှိတဲ့ မုဆိုးမဒေါ်ဒေါ်က သူမကို ချစ်ခင်ခဲ့သည်။ စာနာခဲ့သည်။ ယိုးဒယားစကားလည်း သင်ပေးခဲ့လေသည်။

ဘဝတစ်ကွေ့မှာ ထပ်ကြုံခဲ့ရသည့် ဒေါ်အင်းချင်၏ဘဝက ရိုးစင်းသည်။ နေ့တစ်ဝက် လက်တွန်းလှည်းကလေးဖြင့် ထမင်းဟင်း ချက်ပြုတ်ပြီး ဈေးရောင်းထွက်သည်။ သူ ဘယ်လောက်ပဲ ပင်ပန်းနေပါစေ၊ အိုင်းရစ်ကို ဈေးကူရောင်းဖို့ ဘယ်သောအခါမှ မခေါ်ခဲ့ပါ။ သူ့အခန်းကျဉ်းလေးက ဘန်ကောက်မြို့ထဲမှာပေမယ့် ဈေးရောင်းထွက်ဖို့ တစ်နေ့ကို နာရီဝက်လောက် လမ်းလျှောက်ရသေးသည်။

လူ့ဘဝမှာ ဆိုးသည့်လူရှိသလို စိတ်သဘောထားပြည့်ဝဖြူ စင်သူတွေလည်းရှိသေးတယ်ဆိုတာ အိုင်းရစ် သိလိုက်ရသည်။ ဘာ အလုပ်မှမခိုင်းဘဲ ထမင်းတစ်လုတ်ကို မငြူမစူကျွေးခဲ့သည့်ကျေးဇူး ရှင်တစ်ယောက် သူမဘဝတွင် အမှန်တကယ်ပင်ရှိခဲ့လေသည်။

ထိုအိမ်ကလေးတွင် အိုင်းရစ် လူလားမြောက်ခဲ့သည်။ အသက်ဆယ့်ငါးနှစ်အရွယ်ကောင်မလေးသည် အစွမ်းကုန်လှပပြီး မြင်သူတိုင်းက ခူးဆွတ်ချင်သော ပန်းကလေးတစ်ပွင့်ဖြစ်လာခဲ့၏။





သူမသည် ယိုးဒယားစကားကိုလည်း ရေလည်အောင်ပြော နိုင်နေပြီဖြစ်သည်။ အိုင်းရစ်၏အသားအရေသည် ယိုးဒယားမလေး တွေလို ပန်းနုရောင်လေး သန်းပြီး ဆံနွယ်လေးတွေက ဖြောင့်စင်း ပြီး အိကျနေသည်။

ဘာအကူအပံ့မှမပါသည့် နဂိုသဘာဝအလှမျိုးဖြစ်သည်။ သူမဘဝသည် ဒီရေအတက်အကျကြမ်းသော ပင်လယ်ပြင်နှင့်တူ သည်။ ကံတရားက မျက်နှာသာပေးလို့ ခဏတာ ငြိမ်သက်ခဲ့ရပေ မယ့် သူမ၏အလှက သူမဘဝကို လှိုင်းထန်စေခဲ့ပြန်သည်။

တစ်နေ့ . . . ထိုတစ်နေ့က မကောင်းဆိုးဝါးတွေ ဝင်စီးတဲ့ နေ့။ လူတစ်ယောက်ရဲ့အတ္တကို ရွံရှာစွာတွေ့မြင်ခဲ့ရသောနေ့။ ထို သူရဲ့ဆန္ဒကို အလိုမတူစွာ လက်ခံခဲ့ရသောနေ့ . .

ရေချိုးပြီးကာစ သူမ အခန်းလေးထဲမှာ အဝတ်အစားလဲ ရင်း မှန်ထဲမှာပေါ်နေသောမိမိပုံရိပ်ကိုကြည့်ပြီး ကြည်နူးနေခဲ့သည်။ လှသွေးကြွယ်နေသည့် ဆယ်ကျော်သက်ကောင်မလေးသည် အိုင်း ရစ်တိမ်ပြာတဲ့လား . .

ကိုယ့်ကိုယ်ကို ကျေနပ်နေခဲ့သည်။

မှန်ဆိုတာ ပုံရိပ်တစ်ခုကို ထင်ဟပ်စေတဲ့အရာပဲလေ . . ထိုကြည့်မှန်ထဲကို မမျှော်လင့်ဘဲ နောက်ထပ်ဝင်ရောက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ပုံရိပ်တစ်ခု. . ထိုမျက်နှာနှင့်လူကို အိုင်းရစ် မြင်ဖူးပါသည်။ ဒေါ် အင်းချင် ပြဖူးသည့်ဓာတ်ပုံထဲမှလူ. . ဒေါ်အင်းချင်၏တူဖြစ်သည်။

ကိုယ့်ကျေးဇူးရှင်၏တူ ဖြစ်နေသည့်အတွက်. . အိုင်းရစ်က ပြေပြေလည်လည် ဆက်ဆံခဲ့ပါသည်။ အဒေါ် မရှိသည့်အကြောင်း ပြောပြပြီး အပြင်မှာစောင့်နေဖို့ တောင်းပန်ခဲ့သည်။

ထိုသူနှင့် အိုင်းရစ် တစ်ခါမှမတွေ့ခဲ့ဖူးပေမယ့် သူကတော့ ကိုယ့်အကြောင်းတွေ သိနေခဲ့ပုံရသည်။ အိမ်၏ဟာကွက်ကိုလည်း လေ့လာထားပုံရလေသည်။

ထိမထင်မျက်နှာပေးနှင့် အိုင်းရစ် တစ်ကိုယ်လုံးကို သိမ်းကြုံးပြီး မိုက်ရိုင်းစွာကြည့်နေသည့် သူ့အကြည့်တွေထဲမှာ တစ်ခုခုကို ကြံစည်တော့မည်ဆိုတာ သူမအာရုံထဲမှာ သိလိုက်သည်။

ကြောက်စိတ်က ကြီးစိုးပြီး သူမတစ်ကိုယ်လုံး နတ်ပူးသလို တုန်နေသည်။ ထွက်ပြေးမှ လွတ်မြောက်မည်မို့ အလစ်ချောင်းပြီး ထွက်ပြေးကြည့်သည်။ သန်မာသော အင်အားကြီးသော လူယုတ်မာ၏လက်မှ သူမ ပြေးမလွတ်ခဲ့ပါ။ အိုင်းရစ်ဘဝ၏ အမှောင်မိုက်ဆုံးနှင့်စက်ဆုပ်စရာအကောင်းဆုံးနေ့တစ်နေ့ဖြစ်သည်။

ထိုနေ့က ထိုလူသည် မူးမနေပါ။ လူတစ်ယောက်မှာ ရှိသင့်သည့် ပုံမှန်အသိစိတ်မျိုး ရှိနေခဲ့ပါသည်။

*ဆောင်းညပြာသိစာလေ*



သို့သော် သူ့ဆန္ဒနှင့် သူ့အတ္တကို ရှေ့တန်းတင်ကာ အိုင်းရစ်၏ပျိုမြစ်နုနယ်သောဘဝကို ဖျက်ဆီးပစ်ခဲ့သည်။

အိုင်းရစ်ဘဝလေး အနာဂတ်မဲ့ခဲ့ရသည်။ တစ်စစီပဲ့ကြွေခဲ့ရသည်။ စိတ်ဒဏ်ရာတွေက အရွယ်နှင့်မမျှအောင် များပြားလွန်းတော့ သူမ၏ဘဝအပေါ် ခံယူချက်နှင့်အယူအဆတွေ ပြောင်းလဲခဲ့ရသည်။

ထိုလူကို သတ်ပစ်ချင်လောက်အောင် မုန်းခဲ့ပေမယ့်. . . တကယ်တမ်းကျတော့ သူမပင်ကိုစိတ်က လူသတ်ရဲလောက်အောင် ရဲဝံ့မနေပါ။ သတ္တိမရှိပါ။ နောက်ဆုံးတော့လည်း ထိုနေရာမှအသိုက် ရွှေ့ခဲ့ရပြန်သည်။

အရင်ဘဝတွေမှာ သူများအသိုက်အမြုံကို ဖျက်ဆီးခဲ့ဖူးသလားဟုပင် ကိုယ့်ကိုယ်ကို သံသယဝင်ခဲ့မိသည်။

အိုင်းရစ်မှာ ပါလာတာက ဒေါ်ဒေါ်ဆင်ပေးလိုက်သည့် ဆွဲကြိုးတစ်ကုံးနှင့် နားကွင်းလေး တစ်ရန်. .

ထိုပစ္စည်းတွေကို ထားခဲ့ဖို့ကြံပေမယ့် သူမ နစ်နာခဲ့ရတာက တစ်သက်လုံး ပြန်မရနိုင်တော့သည့် အပျိုရည်ကိုဆုံးရှုံးခဲ့ရတာဖြစ်သည်။ အဲဒီအတွက် နစ်နာခဲ့ရသည့်အတွက် သူမ ရသင့်သည်ဟု ထင်သည်။

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



ဘ၀ကို အသစ်တစ်ဖန် စဖို့အတွက် ရှိစုမဲ့စုလက်ကျန်အင်အားလေးဖြင့် ထိုအိမ်မှထွက်လာခဲ့သည်။

ဘန်ကောက်မြို့လယ်ရှိ ညဈေးနှင့် လမ်းဘေးကြုံရာနေရာများတွင် အထည်များရောင်းချရင်း သူမဘ၀ကိုဆက်ခဲ့သည်။ ညဈေးမှာ ရောင်းသည့်အတွက် ဝယ်သူမလာချိန် ခဏတစ်ဖြုတ်အိပ်လို့ရသည်။ ထို့အတွက် နေစရာအိမ် တကူးတကမလိုအပ်ခဲ့။

ည ဈေးသိမ်းချိန်၊ နေ့ဘက်အချိန်များတွင် ဘ၀တူ ဈေးရောင်းဘက်မိတ်ဆွေများရှိရာ တစ်လှည့်စီသွားရင်း အချိန်ဖြုန်းနေလိုက်သည်။ လက်တွေ့ဘ၀သည် အိုင်းရစ်အတွက် ခွန်အားတွေရှိလာစေသည်။

ဘ၀က ပေးတဲ့ အနိမ့် အမြင့်၊ အတက် အကျ၊ အထုအထောင်းတွေကြားထဲမှာ သူမသည် ပိုမိုမာကြောလာခဲ့သည်။ ကိုယ်ကျသည့် စာမျက်နှာကို ရသည့်ဘောပင်ဖြင့် ရေးသောလူစားမျိုးဖြစ်လာခဲ့သည်။

ခမ်းနှင့်တွေ့ချိန်မှာတော့ သူမက ဆရာမကြီးဖြစ်နေခဲ့ပြီ။ အချဉ်ဖမ်းလို့ရမည့်သူကို အလစ်ချောင်းပြီး အပီတွယ်တတ်သည့် အဆိပ်ပြင်းသည့် ပန်းနှင်းဆီလေးဖြစ်နေခဲ့ပါပြီ။

ဒါကြောင့်လည်း လမ်းဘေးမှာအိပ်ရသည့်ဘ၀မှ Biyoke





တာဝါမှာ အခန်းကို လပေးငှားပြီးနေနိုင်သည်အထိ အဆင့်မြင့်သွားခဲ့ပြီဖြစ်သည်။

အိုင်းရစ်ဘ၀မှာ ယောကျ်ားတွေ အများကြီး တွေ့ခဲ့ဖူးပါသည်။ အတ္တ၊ ဆန္ဒ၊ ရမ္မက်. . တစ်ခုမဟုတ်တစ်ခု ပူးကပ်နေသူတွေချည်းသာ။ တစ်ယောက်မှ အထင်ကြီးစရာမရှိ။

သားကောင် ဖြစ်ခဲ့ဖူးသည့် သူမသည် ယခုတော့ ကျားချောင်းသလို ချောင်းတတ်လာသည်။ ဘယ်သူ့ဆီမှာ ဘယ်လောက်ရနိုင်သလဲဆိုတာ တွက်ချက်တတ်သည့်ကွန်ပြူတာဦးနှောက်ပိုင်ရှင်ဖြစ်နေခဲ့ပြီ။

အားလုံးထဲမှာ အခုနောက်ဆုံး တွေ့နေရသည့်. . . မြန်မာကောင်လေးက အထူးဆန်းဆုံးဖြစ်နေသည်။

ဘယ်သူ့ကိုမှ မယုံကြည်တတ်သူပီပီ ခမ်းကိုလည်း သူမစောင့်ကြည့်ရဦးမည်။ လေ့လာအကဲခတ်ရပါဦးမည်။

တစ်ခုဆိုးနေတာက ခမ်းကိုမြင်လျှင် အိမ်ကို လွမ်းသည့်စိတ်တွေ ပိုလာသည်။ အတိတ်ကိုပြန်ပြီး တူးဆွမိလာသည်။ အနည်ထိုင်နေတဲ့ ဘ၀မှာ အဲဒီတစ်ခုတော့ စိတ်ကသိကအောက်ဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## 'Floating Water Market'

ထိုင်းလူမျိုးတွေက Talat nam(တလပ်နမ်) လို့ ခေါ်ပြီး မြန်မာလိုပြောရင် ရေပေါ်ဈေးပေါ့။

ခမ်းနှင့် အိုင်းရစ်တို့ လိုက်ပါလာသော ပဲ့ချိတ်လှေလေးသည် ကျဉ်းမြောင်းသောရေပြင်ပေါ်မှာ လျှပ်တိုက်ပြီး အရှိန်ဖြင့် ပြေးနေသည်။ ဆောင်းရာသီ၏ရေငွေ့ပါသောလေက အသည်းထဲစိမ့်အောင် အေးသွားစေသည်။

အနွေးထည်အကျီ၊ ခြုံထည်ပဝါနှင့် ဦးထုပ်အပြည့်အစုံဝတ်ဆင်ထားသော်လည်း အားနည်းနေသေးသည့် အိုင်းရစ်ကို ခမ်းက စိတ်မချဖြစ်ကာ ဖွဖွလေး ဖက်ထားမိသည်။ သူမလေးကလည်း မရုန်းပါ။

တစ်ခါမှ ရေပေါ်ဈေး မရောက်ဖူးသည့် သူမက ကလေးလေးတစ်ယောက်လို လွတ်လွတ်လပ်လပ်ပျော်နေသည်။ လှေလေး





တွေနှင့် ရောင်းသမျှ အစားအစာတိုင်းကို ဝယ်ကျွေးခိုင်းသည်။ ကလေးမှ တကယ့်ကလေးဆိုးလေး. .

ဒီလို ခပ်ကျဉ်းကျဉ်း ရေပြင်ပေါ်မှာ ဈေးရောင်းတာ လောက်ကို သူမ ပျော်မြူးနေလျှင် ခမ်းစိတ်ကူးထဲမှာ မြန်မာပြည်က အင်းလေးကန်နှင့် ဖောင်တော်ဦးဘုရားကို မြင်ယောင်လာမိသည်။

ပြီးတော့ ဆိုင်းမဆင့် ဗုံမဆင့်ပင် သူမကို ပြောပြလိုက်မိသည်။

'မင်းကို မြန်မာပြည်ခေါ်သွားချင်တယ်. . ကိုယ်တို့မြန်မာပြည်မှာ ဒီထက်ပိုကြီးတဲ့ အင်းလေးကန်ဆိုတာရှိတယ်၊ အရမ်းလှတာပဲ. . ဟိုက ရေပေါ်ဈေးက ပိုပြီးခမ်းနားတယ် အိုင်းရစ်'

ခမ်း တစ်ခု သတိထားမိတာက အိုင်းရစ်ကို ယိုးဒယားလိုပြောရတာ ပိုပြီး နားလည်ပုံရသည်။ အင်္ဂလိပ်လိုပြောတာကျတော့ တစ်ခါတလေမှာ သူ့အတွက် စိတ်မသက်မသာဖြစ်ပုံရသည်။ သူ့ရဲ့ အတန်းပညာအရည်အချင်းကိုကျတော့ ရှိုင်းရာကျမှာစိုးလို့ ဖွင့်ပြီး မမေးရက်ခဲ့။

'စားကြည့်ပါလား'

ကော်ရည်ပျစ်ပျစ်ကို ပင်လယ်စာ၊ ပဲပင်ပေါက်တို့ဖြင့် ကြော်ထားပြီး အနံ့မွှေးမွှေးကလေးက မြိတ်ကတ်ကြေးကိုက်နှင့် တူ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခါသုံးပန်းကန်နှင့် ထည့်ပေးပြီး တူဖြင့်စားရခြင်း ဖြစ်သည်။

ခမ်းက တူဖြင့် စားကြည့်သည်။ အရသာမှာ ကောင်းလွန်းလှသည်။

ကိုယ်ချစ်နေရတဲ့သူက ကျွေးလို့လားတော့ မသိဘူး။ စားဖူးသမျှထဲမှာ အရသာအရှိဆုံးဖြစ်လို့နေသည်။

မြင်မြင်သမျှကို ပြုံးပြုံးလေးလိုက်ကြည့်နေသော အိုင်းရစ်ကို ခမ်းက ကော်ကြော်ခွံ့ကျွေးမိသည်။

ရုတ်တရက်ဆိုတော့ သူမက အံ့ဩသွားပုံရပြီး အသာတကြည်ပင် ပါးစပ်ကလေး ဟပေးလေသည်။

ဒါကို. . တစ်ဖက်မှလာသော. . လှေပေါ်ရှိ Tourist တစ်ယောက်က အမိအရ ဓာတ်ပုံရိုက်နေတာ တွေ့ပြီး သူတို့မှာ ရယ်ရသေးသည်။

'ဒါပြီး ဘယ်သွားဦးမှာလဲ'

ဟု သူမက မေးသည်။

'Dream World .....OK'

ပွဲချိတ်လှေက အရှိန်တင်လိုက်သဖြင့် လှေဦးက ရေပြင်ကို ထိုးခွဲလိုက်ပြီး ရေတွေက သူတို့ကို လာစင်လေသည်။

*ဆောင်းညပြာသိစာပေ*



နူးညံ့နွေးထွေးတဲ့ အထိအတွေ့လေးတစ်ခု. .

သူ့ခါးကို တင်းကျပ်စွာ ဖက်တွယ်ထားသည့် သူမ၏လက်ကလေးတွေကို သူ့လက်ဖြင့် စမ်းကြည့်ပြီး ရင်ထဲတွင် အမည်ဖော်လို့မရသော ခံစားမှုတစ်ခု ဖြစ်ပေါ်လာသည်။

စိမ့်အေးနေသောလေနှင့်အတူ ဖြာကျလာသောနေရောင်နုနုလေးအောက်တွင် ခမ်းသည် အိုင်းရစ်ကိုယ်လုံးလေးကို သိုင်းဖက်ထားလိုက်သည်။

ဘဝမှာနောက်ထပ် ဘာမှမလိုအပ်တော့လောက်အောင် ပြီးပြည့်စုံသွားသည်။

သူမဟာ သူ့ဘဝအတွက် အဲဒီလောက်တောင် အရေးပါပါသည်။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com

ခမ်းနှင့်အိုင်းရစ်တို့သည်Toursမှစီစဉ်ပေးလိုက်သော ကားပေါ်မှ ဆင်းဆင်းချင်း မြင်လိုက်ရသော ရှုခင်းနှင့် မြင်ကွင်းများကြောင့် အပျော်မြစ်ကလေး တစ်ကိုယ်လုံးအနှံ့စီးဆင်းသွားသည်။

တကယ့်ကို အိပ်မက်ကမ္ဘာလေးပါပဲ. . .

"Dream World"ရဲ့ကြိုဆိုပုံက ခမ်းနားလွန်းသည်။

အပူအပင် ကင်းတဲ့ လွတ်လပ်မှုနှင့် ကလေးဘဝမှာ မရခဲ့ဖူးတဲ့အပျော်လေးတွေ မျှဝေပေးတဲ့အတွက် ကျေးဇူးတင်လိုက်တာ ခမ်းရယ်. .

'အိုင်းရစ်. . ဒီဦးထုပ်လေး ဆောင်းထား'

ဦးထုပ်အဖြူရောင်ကားကားလေးက အိုင်းရစ် ဝတ်လာသော ဂါဝန်အတိုလေးနှင့် လိုက်ဖက်လွန်းလှသည်။

အနက်ရောင်ဘက်မသမ်းတဲ့ နေကာအကြည်ရောင်မျက်မှန်လေးတပ်ထားသော ခမ်းနားသည် သူမမျက်လုံးထဲမှာ နိုင်ငံခြား





မင်းသားတွေလို ခန့်ညားနေသည်။ ခမ်းသည် အရောင် အနုအရင့် ရောစပ်ထားသော ရှပ်အကွက်လက်ရှည်ကို ခေါက်တင်ကာ ဂျင်းဘောင်းဘီနှင့်တွဲဝတ်ထားသည်။

ကောင်မလေးတွေက ခမ်းကိုတွေ့လျှင် မသိမသာ ခိုး ခိုး ကြည့်ကြသည်။ သိသိသာသာလည်း ကြည့်ကြသည်။

ဒါကိုတွေ့ပြီး သူမ စိတ်တွေ မကြည်မလင် ဖြစ်လာသည်။ ဘာရယ်လို့ ခေါင်းစဉ်တပ်လို့ မရပေမယ့် အဲဒီလိုဖြစ်ပိုင်ခွင့် သူမမှာ ရှိလို့လား. . .

ခမ်းနှင့်သူက ဘာလဲ. .

ချစ်သူတွေလည်း မဟုတ်ဘူး. . .

မဟုတ်တဲ့အပြင် တစ်နေ့နေ့မှာ ခွဲရဦးမှာလည်း သေချာနေသည်။

သူလည်း သူ့လမ်းသူလျှောက်. . . ကိုယ်လည်း ကိုယ့်လမ်းကိုယ် ဆက်လျှောက်ရဦးမည်။

ဒီတဒင်္ဂလေးမှာ သူ့အယုအယတွေကြားမှာ သူမ နစ်မြောပြီးထင်သည်။

ယောကျ်ားတစ်ယောက်ကို သွားတွယ်တာမိရင်၊ သွားနှွယ်မိရင် သေပြီပေါ့. . ကျဆုံးပြီပေါ့ အိုင်းရစ်ရယ်. .



www.burmeseclassic.com

www.burmeseclassic.com



မရှူးချင်စမ်းပါနဲ့. .

နင် ခါတိုင်းဘယ်လိုနေခဲ့သလဲ. . အဲဒီလိုပဲ နေစမ်းပါ။

ခမ်းက အိုင်းရစ်ရင်ထဲမှာ ဘာတွေဖြစ်နေတယ် ဆိုတာ. . မရိပ်မိဘဲ ရေကန်အကျယ်ကြီးနှင့် နောက်ခံ ပန်းရောင်စုံလေးတွေကြားမှာ လှချင်တိုင်းလှနေသော အိုင်းရစ်မျက်နှာလေးကို ရှုထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်ယူနေသည်။

Zoom နှင့်ဆွဲယူလိုက်မှ အိုင်းရစ်ရဲ့မျက်လုံးဝိုင်းဝိုင်းလေးမှာ ပေါ်နေတဲ့ အရိပ်ကလေးတစ်ခုကို သွားတွေ့သည်။ ဒီကလေးဘာကို မကျေမနပ်ဖြစ်နေတာလဲ မသိဘူး။

သူ့ရှေ့မှာ အိုင်းရစ်ပျော်နေတာပဲ မြင်ချင်သည်။

ဘယ်လိုအကြောင်းနဲ့မှ စိတ်မချမ်းမသာမဖြစ်စေချင်ပါ။ သူ့ရင်ထဲမှာ ထိန်းမနိုင်သိမ်းမရဖြစ်နေတဲ့အချစ်တွေကိုလည်း ဒီနေ့မှာ ဖွင့်ပြလိုက်ချင်သည်။

အလှကြည့်နေချင်တဲ့စိတ်ကနေ တစ်သက်လုံး အပိုင်လိုချင်လာသည်။ ဖြစ်နိုင်လျှင် ဒီနေ့ပဲ သူမကို သူ လက်ထပ်လိုက်ချင်သည်။

အမေနဲ့အတိုက်အခံဖြစ်ရမယ်ဆိုတာ. .

ဒီထက်လည်း ပိုဆိုးသွားနိုင်တာ. .





ပေဒင်တွေ၊ အကြားအမြင်တွေကို သွားမေးစရာတောင်မလိုပါ။ သူသိနေပါပြီ။

ခမ်းက အိုင်းရစ်လက်ကလေးကို ဆွဲယူပြီး ထွက်ပြေးလာသည်။

မပြောမဆိုနဲ့ ဖွတ်ပြေးနေသော ခမ်းကြောင့် အိုင်းရစ်စိတ်ထဲမှာ ပျော်လာသည်။ ပေါ့ပါးလာသည်။

'မောတယ်. . . ခမ်း'

ခမ်း ရွေးချယ်လိုက်တဲ့ ကစားနည်းက အိုင်းရစ်အတွက် ရင်ဖိုပြီး အသည်းထိတ်စရာကောင်းလွန်းသည်။

ခမ်းက ထိုင်ခုံမှာထိုင်လိုက်ပြီးနောက် အိုင်းရစ်ကို ခါးပတ်သေချာပတ်ပေးသည်။ မကြောက်ဖို့လည်း ပြောသေးသည်။ ဘောတွင်းအကြီးကြီးနဲ့လိုက်သွားပြီး ဟိုးအမြင့်ပေါ်ကနေ ရေလွှာလျှောစီးရမှာ မကြောက်ဘဲနေပါ့မလား။ သူများတွေစီးတာကြည့်ပြီး သေအောင် ကြောက်နေရတာ. . .

ခမ်း ရက်စက်တယ်. .

အိုင်းရစ်သည် မျက်လုံးတွေကို စုံမှိတ်ပြီး ခမ်းလက်မောင်းကို သူမလက်နှစ်ဖက်ဖြင့် အတင်းတွယ်ဖက်ထားလေသည်။ ခမ်းက သူမပခုံးလေးကို တင်းတင်းဖက်ထားပြီး ရယ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့လူတွေက အိုင်းရစ်နှင့်သူ့ကိုကြည့်ပြီး သဘောတွေကျနေကြသည်။

တစ်ခုတော့ ခမ်းသတိထားမိသွားသည်။ သူမဟာ သာမန်လူတွေထက်ပိုပြီး ကြောက်စိတ်များနေသည်။

အပြင်ပန်းကကြည့်လျှင် မာကျောသလောက် အတွင်းစိတ်ကလေးက နူးညံ့လွန်းသည်။ အထိအခိုက်၊ အပွန်းအရှ လွယ်လွန်းသည်။

ဘောကွင်းကြီးက ဟိုးအမြင့်ကို ရောက်လေ. . . အိုင်းရစ်မျက်နှာမှာ သွေးဆုတ်လေပင်. .

မျက်နှာလေး ဖြူဖွေးပြီး သူ့ကို အတင်းဖက်တွယ်ထားတဲ့ ကောင်မလေးကို ကြည့်ပြီး သူမှားသွားပြီလားဟု ထင်မိသည်။

ဒီကလေးကို အာရုံပြောင်းပေးမှဖြစ်မည်။

ခမ်းသည် အောက်သို့ လျှောကျမသွားခင် အချိန်မီကလေး ဖွင့်ပြောပြီး အာရုံပြောင်းပေးလိုက်သည်။

'Baby..I love you...please'

အိုင်းရစ်မျက်လုံးလေးတွေ ပွင့်လာသည်။ သူ့မျက်နှာကို အံ့ဩသလိုလေး စိုက်ကြည့်လာသည်။ ဘောကွင်းကြီးက ဟိုးအောက်ကို အရှိန်နှင့်ထိုးကျတော့မည်။

*အောင်ညွှန့်သိဂ္ဂ/ဓာလေ*



လူတွေက အသည်းတအေးအေးဖြင့် အော်ဖို့ အရှိန်ယူနေကြပြီ။

ခမ်းက အိုင်းရစ်မျက်နှာလေးကို ဆွဲမော့ပြီး နှုတ်ခမ်းလေးကို ညင်သာစွာ နမ်းလိုက်သည်။

သူမရင်ထဲတွင် ဒိန်းဒလိန်းနတ်ဝင်ပူးလိုက်သလို တုန်သွားသည်။ လေထဲမှာ လွင့်သွားတဲ့ ခံစားချက်က ရေလွှာလျှောစီးရတာနှင့်ကွက်တိပင်။

ခမ်းနှင့်သူမ ပြိုင်တူအော်လိုက်ကြသည်။

'အား. . . . . ဝိုး. . . .'

တစ်သက်တာအတွက် ပထမဆုံး အတွေ့အကြုံ မဟုတ်သော်လည်း စိတ်လှုပ်ရှားပြီး ခံစားရတာက ဘာနဲ့မှမတူပါ။

ရင်အေး၊ အသည်းအေးဖြစ်နေတာနဲ့တင် သူ လူလည်ကျပြီး နမ်းသမျှ ရန်တွေချိန် မရလိုက်။

ရေတွေစိုပြီးတက်လာတဲ့ သူတို့နှစ်ယောက်ကို ခုနတုန်းက ရေလွှာလျှောစီးနေတဲ့ ဓာတ်ပုံက ဆီးကြိုနေသည်။

သူတို့ဘာသာ ရိုက်ယူထားပြီး ကြိုက်လျှင် ရွေး၊ မကြိုက်လျှင် ထားခဲ့ရုံပင်။

ခမ်းက အမှတ်တရဆိုပြီး ရွေးယူထားလိုက်သည်။

*အောင်ညွှန့်သိဂ္ဂ/ဓာလေ*

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားတဲ့အချိန်ကို ရောက်တော့ lunch စားဖို့အတွက် Restaurant သို့သွားရသည်။

ပွင့်ပွင့်လင်းလင်း ဖွင့်ဟ အသိပေးပြီးပြီဆိုတော့ ခမ်းက သူမကို အရိပ်တကြည့်ကြည့် ရှိနေသည်။

ရှက်စိတ်တွေမွန်ထူကာ ခမ်းမျက်နှာကို ရဲရဲမကြည့်ဝံ့. . .

တစ်စုံတစ်ခုကို တွေးပြီး စိတ်မကောင်းဖြစ်မိသည်။

အရင်တုန်းက ဘ၀ကို နေချင်သလို နေခဲ့သည်။ လွင့်ချင်သလိုလွင့်ခဲ့သည်။

ဘာအတွယ်အတာ ဘာအနှောင်အဖွဲ့မှ မရှိ. . ယောက်ျားတွေကို မကိုးကွယ်ခဲ့ပေမယ့် ယောက်ျားတွေဆီက ရယူခဲ့သည်။

စပွန်ဆာအဘိုးကြီးတစ်ယောက်ကို ဆွဲစေ့ထားပြီး ဘ၀ကို မပူမပင် မကြောင့်မကြ နေချင်သလိုနေခွင့်ရခဲ့သည်။

လမ်းဘေးမှာ ဖြစ်သလိုနေ၊ ကြုံရာစား၊ ဈေးရောင်းရတဲ့ ဘ၀မှ Towerတစ်ခုမှာ နှစ်ချုပ်ငှားပြီး နေနိုင်ခဲ့သည်။

လွန်ခဲ့သောသုံးနှစ်က အဘိုးကြီး ဆုံးသွားသည်။ အိုင်းရစ် ဘ၀ လွတ်မြောက်သွားသည်။

ဘ၀ကို ဒုတိယအကြိမ် ပြန်ပြီး ရှင်သန်ခွင့်ရသွားသည်။ ပထမတစ်ကြိမ်က ဒယ်ဒီ သူမကို ထားခဲ့တုန်းက . . .





သိသိချင်း ရင်ကွဲမတတ်ခံစားလိုက်ရသည်။

ဒီနေ့ဒီအချိန်မှာတော့ မြန်မာပြည်ပြန်ဖို့ သူမလက်ထဲမှာ ငွေအလုံအလောက်ရှိပါသည်။

ဒါပေမယ့် မပြန်ချင်တော့ပါ။

ခမ်းနား ဆိုတဲ့လူဟာ သူမဘ၀နှင့် အများကြီးကွာခြားပါသည်။ ပညာ၊ အဆင့်အတန်း၊ မနဂုဏ်. . အရာအားလုံး သာလွန်သလို သူမလို အကြွေပန်းတစ်ပွင့်ဟာလည်း ရွှေနန်းထိုက်ချင်နေလို့ မသင့်ပါ။

သူ့စိတ်၊ သူ့ရင်ထဲမှာ ရှိတဲ့ အရာမှန်သမျှ သူမ သိခွင့်ရလိုက်ပြီမို့ ကိုယ့်အခန်း ကိုယ်ပြန်နေဖို့ ဆုံးဖြတ်လိုက်သည်။

ခမ်းက သူယူလာသော များပြားလှသည့် စားစရာများကို တစ်မျိုးပြီး တစ်မျိုး ခွံကျွေးနေသည်။ ကလေးတစ်ယောက်လို ဂရုစိုက်နေသမျှ နေရတာ ကျဉ်းကျပ်လာသည်။

နောက်နေ့ကျရင် ခွဲရတော့မှာပဲ. . ဆိုတဲ့အတွေးနှင့် ဒီနေ့လေးမှာ သူ စိတ်ကျေနပ်အောင် နေပေးချင်လာသည်။ ခွဲသွားတဲ့ တစ်နေ့ကျရင် အမှတ်တရကျန်ခဲ့စေချင်သည်။

ထမင်း စားပြီးတော့ ခမ်းက သူမ ပခုံးကလေးကို ဖက်ပြီး Dream World အနှံ့ လျှောက်ပတ်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာတွန်းကားတွေထဲမှာသာ မြင်ဖူးသော စန်းဝိုက်နှင့်လူပုလေး ခုနစ်ယောက်၏ နေအိမ်လေးကိုလည်း တွေ့ရသည်။ ပြတင်းပေါက်လေးက ချောင်းကြည့်လိုက်တော့ လူပုလေးတွေ အိပ်ပျော်နေကြသည်။ ကုတင်သေးသေးကလေးတွေနဲ့ ထမင်းပွဲလည်း ပြင်ထားတာ တွေ့ရသည်။

ကြည်နူးစရာကောင်းလိုက်တာ. . သူတို့ဘဝလေးတွေပဲ အေးချမ်းတယ်။

အိုင်းရစ်သည် ထိုအိမ်လေးမှမျက်လုံးမခွာနိုင်ဘဲရှိစဉ် ခမ်းက ထိုပုံလေးကို အမိအရဓာတ်ပုံရိုက်ယူလိုက်လေသည်။

နောက်တစ်ခါ ဂျင်းဂါးဘဲလ်. . . လို့ ကလေးတွေ သိကြတဲ့ လူက သူ့အိမ်ကလေးထဲမှာ ငြိမ့်ညောင်းတဲ့ တေးသွားလေးနှင့် ဆေးကြိတ်နေသည်။ အံ့သြစရာကောင်းတာက သူ့လက်မှာ လက်ချောင်းလေးတွေ ပြတ်နေသည်။ ငယ်ငယ်တုန်းကသိခဲ့တဲ့ ဂျင်းဂါးဘဲလ်ဟာ ဒီလိုလူမျိုးဆိုတာ အိုင်းရစ် ခုမှပဲ သိရတော့သည်။

စိတ်မကောင်းဖြစ်ပြီး ထိုအိမ်လေးရှေ့တွင် အကြာကြီးရပ်နေမိသည်။

လူတိုင်းလူတိုင်းမှာ ကိုယ်ပိုင်ဘဝတွေရှိကြမှာပဲ။ သူတို့ဘဝလေးတွေက စိတ်ဝင်စားဖို့ ကောင်းလိုက်တာ. .

ဆောင်းညဖြာသိစာလေ



အိုင်းရစ်ကျတော့ မလိုချင်တဲ့ ဘဝဆိုးကြီးကိုပဲ **ရခဲ့သည်။** မဖြစ်ချင်တာတွေပဲ တန်းစီပြီး ဖြစ်ခဲ့ရသည်။

မိတစ်ကွဲ ဖတစ်ကွဲနှင့် သူများတိုင်းပြည်မှာ ဘဝပါ **ပျောက်ခဲ့**ရသည်။ ခမ်းနှင့် တွေ့တော့မှ သူမဘဝကို အသစ်မှ ပြန်စချင်**လာ**သည်။

ပြန်ပြင်ခွင့်ရှိရင် အတိတ်စာမျက်နှာတွေကို **အားလုံး ပြန်**ပြင်ပြီး ရေးလိုက်ချင်သည်။

ခမ်းက သူမလက်ကို ဆွဲခေါ်လာပြီး ဓာတ်ပုံရိုက်ဖို့ **ပြော**သည်။ အိုင်းရစ်ရင်ထဲမှာ နာကျင်နေသည်။

ပျော်စရာကောင်းတဲ့ ဒီနေ့ကလေးကို ကျော်လိုက်ပြီး**တာနဲ့** ခမ်းနှင့် သူမ ခွဲရတော့မည်။

ဒါကို နားလည်နေရက်သားနဲ့ ခံစားပြီး ဝမ်းနည်းနေမိတာ အချစ်တဲ့လား. . . ခမ်းကို သူမ ချစ်မိသွားပြီထင်သည်။

'နှစ်ယောက် အတူရိုက်မယ်'

ခမ်း အံ့သြသွားသည်။ အိုင်းရစ်က သူနှင့် အမှတ်တရတွဲရိုက်ချင်သည်ဟု ပြောလာတော့ လူရုပ်ကြီးကို မျက်နှာ၊ ခြေ၊ လက် အပိုင်းပိုင်းဖြတ်ထားသောနေရာရှေ့တွင် သူတို့နှစ်ယောက် ဓာတ်ပုံရိုက်ကြသည်။

ဆောင်းညဖြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



အမှုအရာမျိုးစုံလုပ်ပြီး ကိုယ်ချစ်တဲ့သူနှင့် ဓာတ်ပုံရိုက်ရသည့်အတွက် သူ့မျက်နှာမှာ အပျော်တွေ ဖုံးနေသည်။ ပီတိတွေဖြာနေသည်။

သူ့မျက်နှာကိုကြည့်ပြီး သူမရင်ထဲတွင် ဝမ်းနည်းလာသည်။ ဒါနောက်ဆုံးပါ ခမ်းရယ်. . တစ်ဘဝလုံးအတွက် အမှတ်တရထားခဲ့ပါ့မယ်. . ရှင်ဟာ ကျွန်မဘဝနဲ့မထိုက်တန်တဲ့သူပါ။

ဒါပေမယ့်. . ကျွန်မ ဒီနေ့ကလေးကို ဘယ်တော့မှ မမေ့ပါဘူး။ နောက်ဆုံးထွက်သက်အထိ တမ်းတမ်းတတ ရှိနေမှာပါ ခမ်း။

✦



ခမ်းသည် ကွန်ဒိုအခန်းအတွင်းရှိ မှိတ်ထားသောမီးကိုဖွင့်လိုက်သည်နှင့် တည်တင်းနေသောမျက်နှာထားနှင့် ဆီးကြိုနေသောမာမီ့မျက်နှာကို တွေ့လိုက်ရသည်။

'မင်း ပြန်လာပြီလား ခမ်း'

အိုင်းရစ်သည် မာဆတ်နေသောလေသံနှင့် ဓာတ်ပုံထဲမှ မိန်းမကြီးကို ကိုယ့်ရှေ့မှာ မျက်ဝါးထင်ထင်တွေ့လိုက်ရပြီး ကြောက်စိတ်ဖြင့် နောက်တွန့်သွားမိသည်။

ခမ်းရဲ့မာမီက ထိုင်နေရာမှထလာပြီး အိုင်းရစ်ရှေ့မှာ ရပ်လိုက်သည်။

ထပ်ပြောလိုက်တဲ့စကားက သူမမျက်နှာကို ဖြတ်ရိုက်ပစ်လိုက်သလို နာကျင်စေသည်။

'အပျော်မယ်လို့ ထင်ရက်စရာမရှိတဲ့ မျက်နှာပဲ'

ပြောပြီး သူ့သားဘက်လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



'အပျော်ရှာတယ်ဆိုလည်း လမ်းမှာပဲ ထားခဲ့ရတယ်ဆိုတာ မင်း မသိဘူးလား ခမ်းနား၊ ဒီမိန်းမက ဘာကိစ္စ ဒီအိမ်အထိ ပါလာရတာလဲ'

ခမ်းက အိုင်းရစ်မျက်နှာကို အားနာစွာကြည့်ပြီး

'မဟုတ်ဘူး မာမီ၊ စကားကို လက်လွတ်စပယ်မပြောပါနဲ့ဒါ. . ကျွန်တော့်ချစ်သူ. . ကျွန်တော်ချစ်လို့ လက်ထပ်ယူမယ့် မိန်းကလေး'

တစ်ခါမှ အမေ့ကို စကားအချေအတင်မပြောဖူးတဲ့ သားဖြစ်သူဆီမှ ဆတ်ဆတ်ထိမခံ ထွက်လာသော လေသံကြောင့် ဒေါ်ခက်စံပယ် အခံရခက်သွားသည်။

'လက်ထပ်ယူမယ် ဟုတ်လား. . ဘယ်သူ့ခွင့်ပြုချက်နဲ့လက်ထပ်မှာလဲ. . မင်း ငါ့ကို ဘာများထင်နေလို့လဲ ခမ်းနား. . ဟင်'

စိတ်ရှိတိုင်း ပေါက်ကွဲနေသော ခမ်းမာမီက အိုင်းရစ်ကို မလိုတမာမျက်နှာထိမျက်နှာထားဖြင့် ခပ်တင်းတင်းကြည့်ကာ

'ဒီမယ်. . မင်းကို ငါ့သားနဲ့ ဘယ်လိုနည်းနဲ့မှ သဘောမတူဘူး. . အချိန်ရှိတုန်း နောက်ဆုတ်လိုက်ပါ'

'သူ မြန်မာလို မပြောတတ်ဘူး မာမီ၊ သူ ယိုးဒယားလူမျိုးပါ'

ဆောင်းညပြာသိစာပေ



'ဘာ'

မာမီ့အသံက တိတ်ဆိတ်နေသော အခန်းထဲတွင် ဟိန်းပြီးထွက်နေသည်။

အိုင်းရစ် ကိုယ့်အခန်းကိုယ် ပြန်ချင်နေပါပြီ။

အထင်သေးရှုံ့ချတဲ့မျက်လုံးတွေနဲ့ အကြည့်ခံရတာလောက် နွံစရာကောင်းတာ မရှိတော့ဘူး. . .

'ဩော်. . . ခမ်းနား. ခမ်းနား. . ပညာတွေ တစ်ပုံကြီးသင်ထားပြီး ဘာလို့ မင်းဦးနှောက်က တစ်တန်းကလေးလောက်တောင် အလုပ်မလုပ်ရတာလဲ ပြောစမ်း. . မင်း သူ့နောက်ကြောင်းကို ဘယ်လောက်သိလို့လဲ. . သူ့ဆွေမျိုး၊ သူ့အကျင့်စရိုက်၊ သူ့မှာ အိမ်ထောင်ရှိမရှိ. . ဒါတွေ မင်းသိလား၊ နောက်ဆုံး ကုန်ကုန်ပြောမယ်. . သူက မိန်းမပျက်ဆိုရင် မင်း သူ့ကို ယူနိုင်ဦးမလား၊ ပြောလေ. . ပြော. .'

စကားလုံးတွေက ကြမ်းတမ်းလိုက်တာ. . သားသမီးချင်းတောင်ချင်းမစာတတ်လိုက်တာ. . ဒီလောက် အတ္တကြီးတဲ့ မိန်းမက ခမ်းရဲ့အမေတဲ့လား. .

'သူ ဘာပဲဖြစ်နေဖြစ်နေ. . ကျွန်တော့်အချစ်က သူ့အပေါ်မှာပဲ သက်ရောက်တဲ့အတွက် သူ့ကို ယူမယ့် အစီအစဉ်က ပြောင်းသွားနိုင်ပါဘူး မာမီ'

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြီးသောဒေါ်ခက်စံပယ်က ခမ်းကို ပါးရိုက်မလို့လက်တို မြှောက်လိုက်ပြီးကာမှ စိတ်ထိန်းကာ လက်ပြန်ချလိုက်သည်။

'မိုက်လုံးကြီးတဲ့အကောင်၊ နင် ငါ့ကို စမ်းချင်တိုင်း စမ်းလို့ရမယ်ထင်နေသလား. . မနက်ဖြန်ချက်ချင်း မြန်မာပြည်ပြန်ဖို့ လုပ်ထား၊ ဒါပဲ. .'

အိုင်းရစ်က သူမလက်ကိုတွဲထားသော ခမ်းလက်တွေကို ဖြုတ်ချကာ ပြေးထွက်လာခဲ့သည်။

'အိုင်းရစ်. . အိုင်းရစ်. .'

ငိုသံစွက်နေသော ခမ်းရဲ့ ခေါ်သံကြောင့် သူမနှလုံးသားတွေ ပုံကြွေမတတ်ခံစားလိုက်ရသည်။ ထိုနောက် ခမ်းမာမီက တံခါးကို ဆောင့်ပြီး ပိတ်ပစ်လိုက်သည်။

နေခဲ့တော့ ခမ်းရယ်. . နေခဲ့ပါတော့. .

ကြည်နူးစရာကောင်းတဲ့၊ပျော်ရွှင်ခဲ့ဖူးတဲ့ တို့နှစ်ယောက်ရဲ့ အတိတ်နေ့ရက်လေးတွေကို မျက်ရည်များစွာနဲ့ အမှတ်ရနေမှာပါ။

လူ့ဘဝရဲ့ဖြစ်တည်မှုတိုင်းမှာ နာကြည်းမှုတွေ ရှိစမြဲပဲ ခမ်း။ ရှင်ကတော့ ဒါတွေကို နားလည်နိုင်မှာ မဟုတ်ပါဘူး။

ကျွန်မကို လူတွေက သွေးရော မျက်ရည်ပါ မရှိတဲ့ မိန်းမလို့ ထင်နေကြတယ်. . .

ဆောင်းညပြာသိုစာပေ



ကျွန်မဘဝကို အဆုံးသတ်ချင်ခဲ့တဲ့နေ့တွေမှ အများကြီးပဲ။

နာကြည်းချက် တစ်ခုမကရှိခဲ့တဲ့ ကျွန်မက ယောကျ်ားတွေကို အထင်မကြီးတော့သလို သူတို့ဆီက ဘာမဆို ရယူဖို့ ဝန်မလေးခဲ့ဘူး။

ခမ်းကိုတော့ ဒီလိုသဘောထားလို့ မရခဲ့ဘူး. .

ကျွန်မရင်ထဲမှာ ခမ်းကို ချစ်တဲ့ အချစ်တွေ တစ်ကိုယ်လုံးအနှံ့ စီးဆင်းနေတယ်. . .

ကျွန်မ ကျရတဲ့ မျက်ရည်တွေဟာလည်း ခမ်းကို လွမ်းလို့ပဲ ဖြစ်မှာပါ. . .

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

မာမီရဲ့ ပိုးစိုးပက်စက်အပြောတွေအောက်မှာ ငိုပြီး ထွက်ပြေးသွားရတဲ့ အိုင်းရစ်ရဲ့မျက်နှာလေးကို သူ့အာရုံထဲမှာ ဖျောက်ဖျက်လို့ မရနိုင်ခဲ့။ အချိန်တွေ တရွေ့ရွေ့ကုန်လွန်လာခဲ့ပြီ။

အိုင်းရစ်ကို ပြင်းပြစွာ သတိရလာသည်။

'The City of Angles'လို့ တင်စားခေါ်ဝေါ်ကြတဲ့ ဘန်ကောက်မြို့ကြီးလည်း ညသန်းခေါင်မှာ တစ်ရေးတမောအိပ်စက်နေပြီ ထင်ပါရဲ့။ ထိုင်းလူမျိုးတွေက ဘန်ကောက်ကို Krung Thep (နတ်သမီးမြို့)လို့ ခေါ်ကြတာပဲ။

ခမ်းရဲ့ဖုန်းထဲကို messageဝင်လာသဖြင့် အံ့ဩသွား၏။ ဒီလိုအချိန်မျိုးမှာ သူ့ဆီ messageပို့တာ ဘယ်သူများလဲ. .

'ခမ်း. . နေကောင်းအောင် နေပါ၊ ဒီညချမ်းကို အိပ်မက်လှလှလေးနဲ့ ကျော်ဖြတ်နိုင်ပါစေ'

သူ ဘယ်သူလဲ. . အိုင်းရစ်များလား. .





အိုး. . မဖြစ်နိုင်ပါဘူး။

သူက မြန်မာလိုမှမတတ်တာ. .

ပို့လာတဲ့သူက တိမ်ပြာ. . တဲ့။

ခမ်း မသိတဲ့ နာမည်နဲ့ပါလား. .

ဒါပေမယ့် သူက ကိုယ်ခံစားနေရတဲ့ ဝေဒနာတွေကို သိနေပုံ ရသည်။

ထူးတော့ ထူးဆန်းသား. .

စိတ်ပျက် အားငယ်နေတဲ့အချိန်မှာ အားပေးဖော်ရလို့. . ကျေးဇူးတင်ပါသည်။

သူ. . . ဘယ်သူပဲ ဖြစ်ဖြစ်ပေါ့. . .



www.burmeseclassic.com

www.burmeseclassic.com

ခမ်းဆီ ညတိုင်း message တွေ ဝင်နေသည်။ တိမ်ပြာဆိုတဲ့နာမည်ကို တဖြည်းဖြည်းရင်းနှီးလာသည်။

ဒီနေ့ မာမီနှင့်သူ အကြီးအကျယ်ပြဿနာတက်ကြသည်။ မာမီက သူ့ကို မြန်မာပြည်ပြန်စေချင်သည်။ သူကလည်း အိုင်းရစ်ရှိတဲ့မြို့မှာပဲ ပေကပ်ပြီးနေချင်သည်။

ဒေါ်ခက်စံပယ်က နောက်ဆုံးလက်နက်ကို ထုတ်သုံးဖို့ ဆုံးဖြတ်လိုက်သည်။

'သား. . မင်း သူ့အကြောင်း ဘယ်လောက်သိလို့လဲ'

'သူ့ကို ကျွန်တော်ချစ်နေဖို့ပဲ လိုတာပါ မာမီ'

'တော်စမ်း. . ဘာမှသုံးစားလို့မရတဲ့ အချစ်၊ အဲဒီအချစ်ဆိုတာကြီးနဲ့ ငါ့ကို လာဖြခြောက်မနေနဲ့၊ လမ်းဘေးဈေးသည်တွေမှာလည်း အချစ်ရှိကြတာပဲ. . ပေါများလွန်းလို့. . တစ်ခုပဲ' မာမီပြောမယ်. . မင်း ဒီမိန်းမအကြောင်း ငါလောက်မသိသေးပါဘူး. . အေး





. . သိအောင်လည်း မာမီက မပြောချင်ဘူး၊ ငါ့သားလေး ဒီထက်ပိုပြီး စိတ်မဆင်းရဲစေချင်တော့ဘူး. . ဒီတော့ မာမီပြောသလို သား အိမ်ပြန်ပါတော့'

ခမ်းကလည်း ခေါင်းမာစွာပင် တင်းခံနေသည်။

'မပြန်ဘူးဆိုမှဗျာ. . ကျွန်တော် ကလေး မဟုတ်တော့ဘူး၊ ဘာမဆို မာမီ့ဆန္ဒအတိုင်း ဖြစ်ရမယ်လို့ ပုံသေမှတ်မထားပါနဲ့'

'ကောင်းပြီလေ. . ဒါ မင်းရွေးချယ်တာပဲ၊ ငါလည်း မင်းကို ငဲ့စရာမလိုတော့ဘူးပေါ့. . လာစမ်း. . ဒီမှာလာကြည့်'

မာမီ ဆောင့်ပြီးဆွဲခေါ်သဖြင့် ခမ်း TVရှေ့သို့ရောက်သွားသည်။ မာမီက Remoteကို ယူ၍ CDချပ် တစ်ချပ်ကို ဖွင့်ပြသည်။

ခမ်းက ညစ်နေသောစိတ်နှင့် TVမှာ ပေါ်လာမည့် ရုပ်ပုံတွေကို စောင့်ကြည့်နေလိုက်သည်။ မာမီ ဘာတွေ အဆန်းထွင်လာပြန်သလဲ မသိ. .

'ကြည့်ထား. . မင်းမျက်လုံးတွေကို ပြူးပြီးကြည့်ထား'

ဒီအပြောမှာ တစ်ခုခု ထူးနေပြီဆိုတာ သူ သိလိုက်သည်။ ပေါ်လာတဲ့ ပုံရိပ်တွေကို ကြည့်ပြီး သူ့ရင်တွေ ပရမ်းပတာ ဖြစ်လာသည်။ အတိုင်းအဆမရှိ ခုန်လာသည်။

အိုင်းရစ်. . လုပ်ရက်လိုက်တာကွာ. .



www.burmeseclassic.com

www.burmeseclassic.com



သူမအသက်ထက် သုံးဆယ်လောက် ပိုကြီးမည့် သက်ကျား အိုကြီးတစ်ယောက်က သူမခါးလေးကို တင်းနေအောင် ဖက်ထားပြီး မာတ်လှေကားစောင့်နေသည့်ပုံ ဖြစ်သည်။

သူမက ပေါင်လည်လောက်သာ ဖုံးမည့် တစ်ဆက်တည်း ဂါဝန်ရင်ပြတ်ကလေးကို ဝတ်ထားပြီး လည်ပင်းနောက်မှာ ကြိုးဖြင့် သိုင်းချည်ထားသည်။ ရင်ဘတ်နေရာက ဟိုက်လွန်းသဖြင့် သူပင် ရဲရဲမကြည့်ဝံ့။

ဒါ ဘာသဘောလဲ. . ဒီအဘိုးကြီးက သူမနှင့်ဘယ်လိုပတ် သက်နေသလဲ. . သားအဖပါလို့ပြောရအောင်လည်း အဲဒီပုံကို မြင် သူတိုင်းက ကန့်ကွက်မှာ သေချာနေသည်။

ဝန်တိုစိတ်၊ နှမြောစိတ်နှင့်အတူ ကိုယ့်ချစ်သူကို တစ်ပါးသူ နှင့် နှစ်ပါးကြည်နေတာကို တွေ့လည်း မတွေ့ချင်၊ သိလည်း မသိ ချင်တော့ပါ။

ခမ်းသည် ဆက်ပြီး သည်းမခံနိုင်သည့်အဆုံး. . မာမီ့ဆီမှ Remote ကို ယူပြီး ပိတ်ပစ်လိုက်သည်။

'တောက်'ခေါက်သံက ဝမ်းတွင်းမှ နာကြည်းစိတ်ဖြင့် ထွက် လာလေသည်။

'အဲဒီအဘိုးကြီးက သူ့ရဲ့စပွန်ဆာပဲ သား'





ခမ်းမျက်လုံးတွေ နီရဲလာသည်။ နာကျင်ကြေကွဲစိတ်ဖြင့် အိုင်းရစ်ရဲ့ပုံရိပ်တွေက ပေါ်လာလိုက်၊ ပျောက်သွားလိုက်. . သူ့စိတ် တွေကို ဆွပေးသလိုရှိသည့်ကြားထဲ မာမီ့စကားသံတွေက မီးလောင် ရာ လေပင့်သလိုပင်. . .

'ခုချိန်ထိလည်း သူတို့ အဆက်အသွယ်ရှိတုန်းပဲ၊ ဒီလိုလှိုင်း ဝင်နေတဲ့ကောင်မကို မင်း စွဲလမ်းနေဦးမှာလား၊ ထွီ. . ရွံဖို့ကောင်း လိုက်တာ. . ဒီလိုအပျက်မက ငါ့အိမ်ပေါ် တက်အိပ်သွားသေးတယ် လို့ပဲ'

'တော်. . . ပါ. . . တော့'

အကျယ်ကြီးအော်ပြီး ပေါက်ကွဲထွက်လာသော ခမ်းအသံ ကြောင့် ဒေါ်ခက်စံပယ် ကျေနပ်သွားသည်။ ဒီလောက်ဆို ရလောက် ပါပြီ။

ဒီပုံကို CCTV ကင်မရာမှတစ်ဆင့် ရယူခဲ့ခြင်းဖြစ်သည်။ အဘိုးကြီး သေသွားပြီဆိုတာကို ဖုံးကွယ်ထားပြီး သားရဲ့စိတ်ကိုဆွ ပေးလိုက်သည်။

ခက်စံပယ်တို့က ကိုယ့်သားအကြောင်း ကိုယ်သိပြီးသား။ တစ်နှင့်ရှစ်ကို ပုံမှားမရိုက်သလို ဤကို ကွဲ မဖတ်သည့်လူစားမျိုး။

တကယ့် မြင့်ပေ့ ထက်ပေ့ဆိုသည့် မိန်းမတွေနှင့်ကျတော့



www.burmeseclassic.com

www.burmeseclassic.com



သားမျက်လုံးမှာ ပါဝါတက်နေလို့ မမြင်တာလား၊ ကန်းချင်ယောင်ဆောင်နေသလား မသိပေမယ့် တကယ့်ဟာနဲ့ကျမှ အပီကြွေပြနေသည်။

ဆွေးညို့ ရီဝေနေတဲ့ ခမ်းရဲ့မျက်လုံးတွေမှာ နောက်ဆက်တွဲတွေ့လိုက်ရသည့် မျက်ရည်များကြောင့် ဒေါ်ခက်စံပယ် တဒင်္ဂတော့ နာကျင်သွားမိသည်။ မိမိသေလျှင်တောင် ဒီလိုမျက်ရည်မျိုး ဒင်းမျက်လုံးက ထွက်ပါ့မလား. .

စိုးရိမ်ရေမှတ်က အမြင့်ဆုံးသို့ ရောက်သွားပြီးနောက် TG ဖြင့် သားတော်မောင် မြန်မာပြည်ကို ပြန်ဖို့ လေယာဉ်လက်မှတ်ဝယ်ရန် သူမ အေးဂျင့်ဆီ ဖုန်းဆက်ပါတော့သည်။

ဒီမီးက တားလို့မိတယ်ဆိုရုံလေးသာ။ အရှိန်ဘယ်လောက်ပြင်းလို့ ဘယ်အတိုင်းအတာထိ လောင်မြိုက်ပြီးပြီလဲဆိုတာ ကာယကံရှင်သာ သိပါလိမ့်မည်။

✦

ဆောင်းညပြာသိစာပေ

ဘဝမှာ လူတိုင်း မလိုချင်ကြတဲ့ အဆိုးဆုံး ဆိုတဲ့အရာတွေကို ဆင့်ကာဆင့်ကာ လက်ခံခဲ့ရပြီးပြီ. . ကိုယ့်ရုပ်ကိုယ် မှန်ထဲ ပြန်မကြည့်ချင်လောက်အောင် ရွံရှာခဲ့ဖူးသည်။

ဆောက်တည်ရာမရတဲ့ စိတ်တွေနဲ့ သေမင်းတံခါးဝအနားအကြိမ်ကြိမ်ရောက်ခဲ့ဖူးပေမယ့် ရှင်သန်ဖို့မျှော်လင့်ချက်လေးတစ်ခုကို ဖမ်းဆုပ်ထားရင်း အကြိမ်ကြိမ် ပြန်ရုန်းထခဲ့ဖူးသည့် အိုင်းရစ်တိမ်ပြာ. . .

ရေကြည်တွေ နောက်အောင် ခြေရာဖျောက် တော်လှတဲ့ မိဘတွေကို မသေခင်တွေ့ချင်သေးသည်။

မျက်နှာချင်းဆိုင် တွေ့ပြီး မျက်လုံးချင်း ဆိုင်ကာ မေးချင်ပါသည်။

ဘာအတွက် ရောင်းစားခဲ့တာလဲ. .

ဘာကြောင့် ချန်ထားခဲ့ရတာလဲ. .

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဆင်းရဲလွန်းနေရင် အပြစ်မမြင်ပါဘူး။

သူတို့တွေမှာ ချမ်းသာလွန်းလို့ အိမ်ကြီးဆို ရဲတိုက်အလား ထင်နေရတဲ့ ဥစ္စာ. . .

နားမလည်ပေမယ့် လူမဆန်တဲ့လုပ်ရပ်ပဲလေ. . ရှင်းရှင်း ပြောရရင် မိဘဆိုတဲ့ခေါင်းစဉ်အောက်မှာ ရှိကိုရှိမနေသင့်တဲ့ လူ တွေပဲ. .

နေ့စဉ်ရက်ဆက် စိတ်နာခဲ့ရလွန်းလို့ ငရဲကြီးမယ်ဆိုရင်. . အကြိမ်ကြိမ် ငရဲပြည်ရောက်ရမည့်အဖြစ်။

အနစ်နာခံ ပေးဆပ်ခဲ့ရသမျှ လွတ်မြောက်ခွင့်ရခဲ့တာ. . ဘယ်လောက်မှမကြာသေး။နေတတ်သလို နေတော့မည်ဆိုပြီး လမ်း ကြောင်းမှန်ပေါ် ပြန်ရောက်လာတဲ့အချိန်ကျမှ သူ့ကိုစတွေ့ခဲ့သည်။

သူ့ကို တွယ်တာခဲ့သည်။

ဘယ်တော့မှ ပြန်မတွေ့တော့ဘူးဆိုရင်တောင် သူ ပေးခဲ့ တဲ့ အမှတ်တရတွေက သူမရင်ထဲမှာ တစ်သက်စာကျန်ခဲ့ပြီးပြီ။

✦



ပတ်ထွိုင်က စိုးရိမ်တကြီးမေးနေပေမယ့် သူ့စိတ်တွေက ဝေခွဲမရ ဒွိဟဖြစ်နေဆဲ. . .

'မင်းဘာလုပ်ချင်သလဲ ခမ်း၊ မပြန်ခင် တစ်ခုခုတော့ စိတ် ထဲရှိသလို လုပ်ပစ်လိုက်ကွာ. . မင်း ခံစားနေရတာ ငါ မကြည့်ရက် တော့ဘူး'

မနက် ငါးနာရီ လေဆိပ်ဆင်းရမယ့်သူက အိုင်းရစ် နေတဲ့ Towerရှေ့မှာ အကြာကြီးရပ်ပြီးကြည့်နေခဲ့သည်။

အဓိပ္ပာယ်မဲ့လုပ်ရပ်လို့တော့ ပတ်ထွိုင်က မထင်ရက်ခဲ့ပါ။

အခုလည်း Isetam ရှေ့မှာ ဘီယာသောက်ရင်း ငေးနေ ပြန်သည်။လှုပ်ရှားမှုတိုင်းမှာ အသက်မပါသလို သူ့အတွင်းစိတ်မှာ ဘယ် လောက်ထိ ခံစားနေရတယ်ဆိုတာ သိသာစေသည်။

ဒီလိုနေမယ့်အစား ဖွင့်အန်ပြီး ပေါက်ကွဲပစ်လိုက်တာက ပိုကောင်းမည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရစ်နဲ့ မျက်နှာချင်းဆိုင်ရှင်းရင် ရှင်း. . . ပြန်မယ်ဆိုလည်း နှုတ်ဆက်ချင်ဆက်. .

တစ်ခုခုပေါ့. . .

'ငါ သူ့ကို ဒီနေရာကလေးမှာ စတွေ့ခဲ့တာ. . မင်း သိလားပတ်ထွိုင်. . သူ့ကို စတွေ့တွေ့ချင်း ငါ့ရင်ထဲမှာ ချစ်သွားခဲ့တာ. . . အချစ်ဆိုတာ ဘာလဲ. . ခွင့်လွှတ်ပြီး ချစ်တာက အချစ်လား၊ ခွင့်မလွှတ်နိုင်တာက အချစ်လား. . ငါ့စိတ်ထဲမှာ သူ့ကိုခွင့်လွှတ်ချင်ပေမယ့် ဦးနှောက်က လက်သင့်မခံဘူး. . သူ့နောက်ကြောင်းနဲ့သူ့လုပ်ရပ်တွေကို မသတီဘူးဖြစ်နေတယ်. . ခုချိန်မှာ ငါရှုံးသွားရင် သိပ်ကောင်းမှာပဲကွာ၊ ခဏလေးဖြစ်ဖြစ် အားလုံးကိုမေ့ချင်နေတာ'

'ငါ တစ်ခုပြောကြည့်မယ်ကွာ. . ငါနားလည်တဲ့ အချစ်ကကာယကံရှင်နှစ်ဦး အပြန်အလှန်ချစ်နေဖို့ပဲ လိုတာ. . မင်းတို့နှစ်ယောက်မှာ ရှင်သန်ကြီးပြင်းလာရတဲ့ပတ်ဝန်းကျင်ချင်း မတူသလိုကံကြမ္မာချင်းလည်း တူနိုင်မှာ မဟုတ်ဘူး. . ငါ ကြည့်ရသလောက်တော့ အိုင်းရစ်ဟာ အရည်အသွေးနိမ့်ပြီး ဘဝကိုဖြတ်လမ်းကလိုက်ချင်တဲ့အစားထဲမှာ မပါနိုင်ဘူးကွ. . . သူ့မှာသာ အဲဒီလိုစိတ် ရှိရင်မင်းကိုတောင် အလွတ်ပေးမှာမဟုတ်ဘူး၊ ခုဟာက မင်းဒီလောက်အသည်းအသန်ဖြစ်နေတာတောင် သူ့ဘက်က ဘာမှလှုပ်ရှားမလာ





ဘူးလေ၊မင်းအမေပြောသလိုဖြစ်ခဲ့တယ်ဆိုလည်း သူ့ဘဝအကြောင်းကံက မကောင်းလို့ပဲ ဖြစ်မှာပါကွာ'

ခမ်းနားသည် ပျော်ခွင့်ရှိ၍ ပျော်နေကြသော စုံတွဲများကိုကြည့်ပြီး အိုင်းရစ်ကို ပြင်းပြစွာသတိရလာသည်။

သူ ခံစားနေရတဲ့ အတိုင်းအဆ ပမာဏကိုလည်း သူသာသိသည်မို့ နောက်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ခုကို ပီပြင်စွာ ချလိုက်သည်။

အိုင်းရစ်မျက်နှာလေးကို မပြန်ခင် ဝအောင်ကြည့်သွားချင်သည်။ ကိုယ်မသိခဲ့တဲ့ သူ့ရဲ့အတိတ်စာမျက်နှာမှာ ဘယ်လို ဆိုးတဲ့လက်ရေးနဲ့ပဲ ရေးခဲ့ရေးခဲ့. . ကိုယ်ချစ်နေတဲ့ ပစ္စုပ္ပန်မှာတော့ အရာအားလုံးကို အကောင်းဘက်ကပဲ မြင်ကြည့်ချင်သည်။

တစ်လောကလုံးက မင်း နွားပဲ. . လို့ ဝိုင်းပြောရင်လည်းနွားပဲပေါ့။ ဒီထက်ပိုပြီး သိမ်ငယ်စရာအကြောင်းရှိသေးလို့လား. .

ကိုယ်မှ သူ့ကို မချစ်ဘဲမနေနိုင်တာပဲလေ. .

ပေါက်ကွဲချင်နေသော စိတ်တွေကို ရဲဆေး ထပ်တင်ပစ်လိုက်သည်။ ခုမှ တော်တော်အဆင်ပြေသွားသည်။

နောက်ဆုံး. . နောက်ဆုံးအနေနဲ့ မင်းမျက်နှာလေးကို ဝအောင် ကြည့်သွားပါရစေ. .



www.burmeseclassic.com

www.burmeseclassic.com



ခမ်းသည် မိုက်ရှူးရဲဆန်စွာပင် အိုင်းရစ်နေသောအရပ်ဆီသို့ ခြေဦးလှည့်မိပြန်သည်။ ခြေလှမ်းတွေက စည်းချက်မညီစွာယိမ်းထိုးနေကြသည်။

ပတ်ထွိုင်က မိတ်ဆွေကောင်းပီသစွာ ခမ်းကို အိုင်းရစ်ရဲ့ အခန်းရှေ့အထိ ပို့ပေးခဲ့ပြီး ပြန်သွားသည်။

သူတို့ချင်း လွတ်လွတ်လပ်လပ် ရင်းစေချင်၍ ဖြစ်သည်။

တစ်ခါတစ်ရံမှာတော့ အချစ်ဆိုတာ ဘေးပတ်ဝန်းကျင်က ပါမလာရင် ပိုပြီးအဆင်ပြေနိုင်သည်ဟု ပတ်ထွိုင်က ထင်သည်။

တံခါးခေါက်သံ လေးလေးတွဲ့တွဲ့ကို ကြားပြီး အိုင်းရစ်က ဘယ်သူလဲဟု ယိုးဒယားလိုမေးသည်။

'ခမ်းနား'

ခမ်းက သူ့နာမည်ကိုပြောလိုက်တော့ သူမက ဗျာဗျာသလဲ တံခါးလာဖွင့်ပေးသည်။

ဒယီးဒယိုင်ဖြင့် ဝင်လာလာချင်း အရက်နံ့တွေက မွှန်ထူနေသည်။

'အရက်သောက်လာသလား ခမ်း'

'စိတ်ညစ်လို့. . နေပါဦး မင်းမျက်နှာလေး ကိုယ် ဝ,အောင် ကြည့်ပါရစေ. . ဒီနေ့ဟာ နောက်ဆုံးပဲ အိုင်းရစ်. . နောက်ဆို မင်း





ကို တစ်သက်လုံးလွမ်းနေရတော့မှာ. . မနက်ဖြန် TG flightနဲ့ ကိုယ် မြန်မာပြည်ပြန်တော့မယ်'

ဒီစကားတွေကို အိုင်းရစ် နားလည်နိုင်မှာမဟုတ်ပါဘူး. . သူ့စိတ်ထဲမှာ ရှိသလို သူက မြန်မာလိုပဲ ပြောနေမိသည်။

သူမလေးက သူ့ကို တိတ်တဆိတ်ငေးကြည့်နေသည်။

ခမ်းက သူမပုံစံကို ကြည့်ပြီး အားမလို အားမရ ဖြစ်လာသည်။ သူမပခုံးနှစ်ဖက်ကို ဆွဲခါလှုပ်ရမ်းရင်း စိတ်ရှိလက်ရှိ ပေါက်ကွဲနေမိသည်။

'မင်းကို ငါက ငါ့အသက်လောက်တန်ဖိုးထားတာ မင်းဘာဖြစ်လို့ ဘဝကိုရေစုန်မျှောခဲ့ရတာလဲ၊ ငါ့မျှော်လင့်ချက်တွေ၊ ငါ့အနာဂတ်တွေကို တစ်စစီရိုက်ချိုးပစ်လိုက်ပြီကွာ၊ ဒါပေမယ့် မင်းကို ငါ မုန်းလို့မရတာ ခက်တယ်. . မေ့လို့မရတာ ခက်တယ် ကလေးရယ်'

သူ့စိတ်ထဲရှိတာတွေ အကုန်ပြောပြီး အရုပ်ကြိုးပြတ်လဲကျသွားသည်။ အရက်တန်ခိုးနဲ့ ခဏတော့ သတိလက်လွတ်ဖြစ်သွားပုံရသည်။

အိုင်းရစ်ရင်ထဲမှာ နာကျင်နေသည်။

နဂိုကမှ ဘဝပေးကုသိုလ်ကံ မကောင်းသောမိန်းမမို့ တစ်နေ့ ဒီလိုဖြစ်လာမယ်၊ ကြုံလာမယ်ဆိုတာ သိထားပေမယ့် ဒီနေ့. .



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကြုံလာတော့ ဘာကိုကြောက်နေမှန်းလည်း မသိ။ ရင်တွေ အဆမတန်ခုန်ပြီး ပြောင်းဆန်နေသည်။

ခမ်းကိုလည်း သနားလှပြီ။

ကိုယ့်ဘဝက အကြွေပန်းဆိုတာ နားလည်ပေမယ့် ကိုယ်ချစ်တဲ့သူအတွက် ရွှေနန်းတော့ ထိုက်ချင်သေးသည်။

အခုတော့ ချစ်သူက သူမကို ထားခဲ့တော့မည်။ တစ်သက်စာအတွက် လာနှုတ်ဆက်ပုံရသည်။

နောက်ဆုံးတော့လည်း ကိုယ်ချစ်တဲ့သူတွေအားလုံးရဲ့ထားခဲ့ခြင်းကို ခံရတာပါပဲ. . ဒါဟာ အိုင်းရစ်တိမ်ပြာဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝတဲ့လား. .

အိုင်းရစ်သည် စီးကရက်တစ်လိပ်ကို ရှိုက်ဖွာသောက်ပြီး သူမကုတင်ထက်မှာ နှစ်ခြိုက်စွာအိပ်မောကျနေသော ခမ်းကို တမေ့တမောငေးမောနေမိသည်။

မနက်ဖြန်တဲ့. .

မနက်ဖြန်ဆို သူ အပြီးပြန်သွားတော့မှာ. . . မျက်တောင်လေးတောင်မှ မခတ်ရက်ပါ။

အချိန်နဲ့အမျှ သူ့ကို ဆုံးရှုံးမခံနိုင်ဘူးဆိုတာ ပိုပြီးသေချာလာသည်။

ဆောင်းညဦးပြာသိစာလေ



ခမ်းမရှိဘဲ သူမ အသက်ရှင်ဖို့ ခက်လိမ့်မည်။

ဒါဖြင့် ဘယ်တုန်းကရော လူ့ဘဝမှာ ပျော်ပျော်နေချင်ခဲ့လို့လဲ. . . အရုဏ်မိုးသောက်မှာ အလင်းရောင်ပျောက်ခဲ့ရတဲ့ဘဝ. . . သူများ စော်ကားတာ ခံခဲ့ရပြီး ကိုယ့်ဘဝကိုယ် တစ်မှုပြန်စချိန်တွင် over stayနေလို့ဆိုပြီး အဖမ်းခံခဲ့ရသည်။

ဘဝတစ်ဆစ်ချိုးမှာ ထပ်ပြီး ကံဆိုးခဲ့တာက သူမအတွက် တယ်တင်ရှင်ပေါ်လာခဲ့သည်။

သူမ ထောင်မကျဖို့အရေး ထိုသူဌေးထံတွင် ကိုယ်ခန္ဓာနှင့်ရင်းခဲ့ရသည်။

သေမထူး နေမထူးတဲ့ ဘဝမှာ သတ်သေဖို့တောင် အချိန်ဆိုင်း တွေးနေမိခဲ့တာ. .

ဒါတွေ. . ကျွန်မဘဝမှာ ကျဆုံးခဲ့တာတွေ. . . ရှင် သိမှာမဟုတ်ပါဘူး ခမ်းရယ်။

ကျွန်မက ရှင် ထင်နေသလို အပေါစားမိန်းမ. . ကြေးစားမိန်းမမျိုး မဟုတ်ရပါဘူး. . .

'ကလေး. . ကိုယ် မင်းနဲ့မခွဲပါရစေနဲ့'

အိပ်နေရင်းနဲ့တောင်မှ ယောင်ပြီး လန့်နေသလား ခမ်းရယ်. .

ဆောင်းညဦးပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်မခွဲချင်သလို ကျွန်မကလည်း မခွဲချင်ပါဘူး. . .

အိုင်းရစ်သည် ပုံသွင်းထားသဖြင့် အထပ် အထပ် ဖြစ်နေသော ခမ်း၏ဆံပင်လေးတွေကို ငုံ့နမ်းမိသည်။ ထိုစဉ်ခဏ မျက်ရည်တွေက ထိန်းလို့မရအောင် ကျလာသည်။

နောက်ထပ် နာရီပိုင်းအလိုမှာ ရှင် ကျွန်မကို ခွဲသွားတော့မှာပါ. .

ခမ်းမျက်နှာပေါ်မှာရှိတဲ့ အစိတ်အပိုင်းလေးတွေကို သူမလက်လေးဖြင့် ဖွဖွလေး လျှောက်ကိုင်ကြည့်နေမိသည်။

ပြီးတော့ လက်ချောင်းကလေးတွေကို သူမလက်လေးဖြင့် ဆုပ်ကိုင်ထားမိသည်။ ပိုပြီး ငိုချင်လာသည်။

ကံကြမ္မာက သူတို့နှစ်ယောက်ကို ဒီလိုနည်းနှင့် ရက်ရက်စက်စက်ကြီးခွဲသွားတော့မှာ. .

ဘယ်လောက်ကြာပြီလဲ. . ကျွန်မတစ်ယောက်တည်း နေ ရတာလေ၊ ခမ်းရယ်. . ပင်လယ်ကမ်းစပ်က ကျွန်မအိမ်ကြီးကို သိ လွမ်းတယ် ခမ်း. . ရှင့်ကို ကျွန်မ တွယ်တာမိတာ ရှင်ဟာ မြန် တစ်ယောက် ဖြစ်နေလို့ပဲ. . ဒါပေမယ့်. . အိုင်းရစ် ဆက်မတွေ လောက်အောင် ထိတ်လန့်လာသည်။

ခမ်းရဲ့ကိုယ်နံ့ကလေးကို သူမ မှတ်မိနေပါပြီ။

*ဆောင်းညပြာသိစာပေ*



နောက်ဆုံးအခွင့်အရေး တစ်ခုတော့ ပေးပါ ခမ်းရယ်. . ရှင့်နံဘေးမှာ. . ရှင့်ရဲ့ အနီးကပ်ဆုံး နေရာမှာ ကျွန်မကို ရှိနေခွင့်ပေးပါ. .

အိုင်းရစ်သည် ဘယ်တုန်းကမှ. . ဘယ်သူ့ကိုမှ မပြုလုပ်ခဲ့ဖူးသည့် ထူးဆန်းသောအပြုအမူအဖြစ် ခမ်းနားကို ဦးသုံးကြိမ်ချပြီး ကန်တော့မိသည်။

ဒီဘဝမှာ ပေါင်းဖက်ခွင့်မရပေမယ့် နောက်ဘဝတွေမှာ ထပ်ဆုံပါရစေ ခမ်း. .

'အိုင်းရစ်. . အိုင်းရစ်၊ မင်းကို ချစ်တယ်. . သိပ်ချစ်တယ်ကွာ'

'အို. .'

အာမေဋိတ်သံလေးသာ ထွက်လိုက်နိုင်သည်။သန်မာသော ခမ်း၏လက်တွေက သိုင်းဖက်လာပြီး သူမကိုယ်လေးက ခမ်းရင်ခွင်ထဲ ရောက်သွားသည်။

ဗလုံးဗထွေးဖြင့် 'ချစ်တယ်'လို့ အကြိမ်ကြိမ် ပြောနေပြန်သည်။

ရှန်းထွက်ဖို့ အင်အားတွေ မဲ့နေခဲ့သည်။

သတ္တိတွေ ပျောက်ဆုံးနေသည်။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့များ သူပြုသမျှ နုနေရပြီး သူ့အလိုအတိုင်း နေနေရတာလဲ. .

နောက်ဆုံးနှုတ်ဆက်ခြင်းပါ ခမ်းရယ်။ခဏာနေရင် အရှက်တက်တော့မှာ. .

ဘာမျှော်လင့်ချက်မှ မပါတဲ့ ပေးဆပ်ခြင်းနဲ့အတူ ကျွန်မအချစ်တွေအားလုံး ရှင့်ကို အပိုင်ပေးလိုက်ပါပြီ။ တစ်သက်စာပါ ခမ်း. . ရှင် ယူသွားပါတော့. .

ခွဲခွာရဖို့ သေချာနေပြီဖြစ်တဲ့ ချစ်သူတစ်ယောက်ကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ရသလောက်အချိန်လေးအတွင်းမှာ ချစ်နေချင်တာ၊ မြင်နေချင်တာဟာ အတ္တတဲ့လား. .

စာင့်အင်း. . ကျွန်မသာ တကယ်အတ္တကြီးတဲ့မိန်းမဆိုရင် ရှင့်ကို ပြန်လွှတ်မိမှာ မဟုတ်ဘူး၊ ရှင် ဘယ်တော့မှမပြန်နိုင်အောင် လုပ်မိမှာ. .

တင်းကျပ်စွာ၊ မြဲမြံစွာ ဖက်ထားသော ခမ်း၏လက်တွေကို ဝမ်းနည်းစွာ ဖယ်ပစ်လိုက်ပြီး တိတ်တဆိတ်ငိုကြွေးမိသည်။

ခမ်း၏အဝတ်အစားတွေကို သပ်ရပ်အောင် ပြုပြင်ပေးပြီး သူမဒိုင်ယာရီစာအုပ်လေးကို သူ့လက်ထဲ ထည့်ပေးခဲ့သည်။

နောက်ဆုံးအနမ်းလေးတစ်ပွင့် ခြွေပြီး သူမ ထွက်လာခဲ့မိ





သည်။ ထိုစဉ် ခမ်းဆီမှာပါလာသောဖုန်းက ထမြည်လာသည်။ ခမ်းက အိပ်မောကျနေဆဲပင်. .

အိုင်းရစ်က သူ့ဖုန်းကိုယူပြီး ဖွင့်လိုက်တယ်ဆိုရင်ပဲ တစ်ဖက်မှ မောက်မာသောအသံက

'မင်း ဘယ်ရောက်နေသလဲ ခမ်း၊ ခဏာနေ လေဆိပ်ဆင်းရတော့မှာ. . မင်းခေါင်းထဲမှာ ရှိသေးရဲ့လားဟင်. . ဘာမဟုတ်တဲ့အပျက်မတစ်ယောက်အတွက်နဲ့ သေမလို ကြွေပြမနေနဲ့၊ အခုချက်ချင်း ပြန်လာခဲ့. . ဒါပဲ'

အိုင်းရစ်က ခမ်းရဲ့အမေကို မြန်မာလိုပဲပြောဖို့ အချိန်တန်ပြီဆိုတာ သိလိုက်သည်။

'အန်တီ'

'ဟင်. . မင်း. . မင်း. . ဘယ်သူလဲ'

'ဟုတ်ပါတယ် အန်တီ ခုနက ပြောတဲ့ အပျက်မပါ၊ ဒါပေမယ့် အန်တီသိအောင် တစ်ခုတော့ ပြောခဲ့မယ်. . ကျွန်မဟာ ဘဝကံမကောင်းလို့ ဘဝပျက်ချင် ပျက်ခဲ့မယ်. . စာရိတ္တတော့ မပျက်သေးဘူး အန်တီ၊ ဒါကြောင့် ခမ်းနဲ့ကျွန်မဘဝ မထိုက်တန်မှန်းသိပြီးသားပါ၊ အန်တီ့သား ကျွန်မအခန်းမှာ မူးပြီးအိပ်ပျော်နေပါတယ်။ အန်တီ လာခေါ်သွားလိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့. . နေဦး၊ ဒါဆို မင်းက မြန်မာမ,လား'

'မြန်မာပြည်ကို နေ့တိုင်းလွမ်းနေရတဲ့ မြန်မာစစ်စစ်ပါရှင်'

ဒေါ်ခက်စံပယ်က ပိုပြီး တင်းမာလာသည်။

'တတ်လည်း တတ်နိုင်တဲ့ဟာမ. . ငါ့သားကို ညည်းက ဝိဝိ ရီရီကို လိမ်ညာခဲ့တာပဲ'

လိမ်ညာနေတာ မဟုတ်ဘူး. . ချစ်တာ. . လို့ အကျယ်ကြီး အော်ပစ်လိုက်ချင်သည်။

ဖုန်းချပစ်ပြီး သူမ ထွက်ပြေးလာခဲ့မိသည်။ မျက်ရည်တွေက ပါးပြင်ပေါ်မှာ စွဲစိုနေသည်။



ခမ်းသည် မာမီ လာခေါ်သဖြင့် ပြန်ပါလာသော်လည်း စိတ်ထဲမှာ ယူကြုံးမရ တသသဖြစ်နေသည်။ သူညက အမူးလွန်ပြီး ဘာကိုမှ ရေရာစွာ မမှတ်မိတော့ပါ။ အိုင်းရစ်ဆီ သူသွားခဲ့တာသာ သိသည်။ နောက်ပိုင်းကိစ္စတွေကျတော့ သိပ်ပြီး မသဲကွဲ. . ဘာတွေဖြစ်ကုန်တာလဲ. . ဒါပေမယ့် နွေးအိနေတဲ့ ခန္ဓာကိုယ်လေးတစ်ခု သူ့ရင်ခွင်ထဲမှာရှိနေခဲ့တာ အိပ်မက်မဟုတ်တာ သေချာနေသည်။

လေယာဉ်ပေါ်ရောက်မှ သူ့လက်ထဲမှာပါလာသောစာအုပ်လေးကို ဖွင့်ဖတ်မိသည်။

'အိုင်းရစ်တိမ်ပြာ'. . တဲ့။

အိုင်းရစ်က မြန်မာမကလေး ဆိုတာ ထိုအချိန်ကျမှ သူသိလိုက်ရသည်။ တိမ်ပြာလို့ သူ့ဆီmessageတွေပို့ခဲ့တာ အိုင်းရစ်ပေ။

အိုင်းရစ်ရဲ့ဘဝအကြောင်းကို ဖတ်ရင်းဖတ်ရင်းဖြင့် သူ့ရင်ထဲတွင် နင့်လာသည်။ သနားစရာကောင်းလှတဲ့ ကလေးဘဝက



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ. . ဖခင်အရင်းဖြစ်သူကိုယ်တိုင်က ရောင်းစားခဲ့သဖြင့် အနှိပ်စက်ခံခဲ့ရတာတွေ၊ ထမင်းအငတ်ထားပြီး လှောင်ပိတ်ထားခဲ့တာတွေ၊ ငွင့်စွားစွာ ပွင့်လန်းဖို့ အရှိန်ယူနေတဲ့ ပန်းလေးတစ်ပွင့်ဟာ လူမျိုးခြားတစ်ယောက်ဆီမှာ နွမ်းကြွေခဲ့ရရှာသည်။

မင်းဘဝရဲ့ အနိမ့်အမြင့်၊ အတက်အကျတွေက ကြမ်းလှချည်လား ကလေးရယ်။ ဘဝမှာ တကယ်ပဲ လှိုင်းတွေထန်ခဲ့တာပဲ။

သနားခြင်း၊ ယူကြုံးမရဖြစ်ခြင်း၊ နောင်တရခြင်းတွေဖြင့် ဖြစ်နိုင်လျှင် လေယာဉ်ပေါ်မှ ခုန်ချပစ်လိုက်ချင်သည်။

သူ ဘာဖြစ်လို့ သဘောထားသေးသိမ်ခဲ့ရတာလဲ. . ခုဆိုသူမရင်ထဲမှာ ဘယ်လောက်ထိခိုက်ကျန်ခဲ့မလဲ. . ဒဏ်ရာတွေ ထပ်ထည့်ပေးလိုက်သလို ဖြစ်သွားခဲ့ပြီ။ အိုင်းရစ်အပေါ်မှာ အကြွေးတွေတင်သွားခဲ့ပါပြီ။

ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်တော့ အဖြေတစ်ခုကို သူသွားတွေ့သည်။

မိဘဆိုတာ သားသမီးအပေါ်မှာ အရိပ်မိုးပေးပြီး တံတိုင်းလို ကာရံပေးမယ့်သူတွေပါ. . ကိုယ့်သားသမီး ကိုယ်ပြန်ရောင်းစားတယ်ဆိုတာ ႊသိပ်တော့ ဘဝင်မကျချင်. .

အိုင်းရစ် သံယောဇဉ်ကြီးခဲ့သော ကမ်းခြေတစ်ခုမှရဲတိုက်





လိုအိမ်ကြီးကို သူစုံစမ်းမှဖြစ်မည်။ မြန်မာပြည်ကို တွယ်တာသော သူမခမျာ ကိုယ့်အိမ် ကိုယ် မပြန်ရဲတော့လောက်အောင် သွေးပျက်နေပြီဖြစ်သည်။

ခဏလေး စောင့်ပေးပါ ချစ်သူရယ်၊ ကမ်းခြေမှာတောင် လှိုင်းလာထန်တဲ့ မင်းဘဝလေးကို ကိုယ် ကာကွယ်စောင့်ရှောက်ပါ့မယ်. .

မိုးမြေစကြာဝဠာတစ်ခုလုံးကို တိုင်တည်ပြီး ကိုယ် သစ္စာဆိုဝံ့ပါတယ်. .

'မင်းကို သိပ်ချစ်တယ် အိုင်းရစ်'

မင်းအတွက်၊ မင်းဆုံးရှုံးခဲ့တာမှန်သမျှ အကုန်ပြန်ရစေရမယ်. . ခဏလေး စောင့်ပေးပါကွာ. .



www.burmeseclassic.com

www.burmeseclassic.com

## 'နောက် သုံးနှစ်ခန့် ကြာသောအခါ'

'မေမေ. . ပျော်တယ်'

သဲပြင် နုနုကလေးတွေပေါ် နင်းလျှောက် ပြေးလွှားရင်း 'အနားသတ်'လေး ပျော်နေသည်။ အိုင်းရစ်က သမီးလေးကို ကြည်ကြည်နူးနူးလေး ကြည့်ရင်း

'မေ့သမီးလေးက သိပ်ကံကောင်းတာပဲကွယ်. . ဒီမြေဒီရေပေါ်မှာ ပျော်ပျော်ကြီးဆော့ခွင့်ရတဲ့အတွက် မေ ကျေနပ်ပါတယ်'

မေမေငယ်ငယ်တုန်းက ဒီလိုလွတ်လပ်တဲ့အခွင့်အရေးတွေ မရခဲ့ပါဘူး။

ပင်လယ်ကိုဖြတ်ပြီး တိုက်ခတ်လာသော ပင်လယ်လေက သူမဘဝကို ရှေ့ဆက်ဖို့ အင်အားတွေဖြစ်စေသည်။ လောကကြီးကို ပြန်ရင်ဆိုင်ဖို့ တွန်းအားပေးနေသည်။

*ဆောင်းညပြာသိစာလေ*



အိုင်းရစ်သည် သူမတို့သားအမိကို တစိမ့်စိမ့်လိုက်ကြည့်နေသော ကြီးမေရဲ့ခါးလေးကို ဖက်ပြီး

'ကြီးမေ. . သမီးလေ ဒီတစ်သက် ကြီးမေနဲ့ ပြန်မတွေ့ရတော့ဘူးလို့ထင်နေတာ. . ကြီးမေက သမီးကို ဒီနေ့အထိစောင့်နေပေးတယ်နော်၊ ကျေးဇူးကြီးလိုက်တာ ကြီးမေရယ်'

အရင်က ဒေါ်လှမေဟာ အခုတော့ ဆံပင်တွေဖြူပြီး ပါးရေတွေတွန့်နေတဲ့ ဘွားလှမေ ဖြစ်နေပါပြီ။

'သမီးလေး ဘေးမသီရန်မခဘဲ ပြန်လာနိုင်ဖို့ ကြီးမေ နေ့တိုင်း ဘုရားမှာဆုတောင်းနေခဲ့တာပါ သမီးရယ်. . ငါ့သမီးဘဝမှာ မွေးလာကတည်းက အကွေ့အကောက်၊ အလှည့်အပြောင်း များခဲ့တာ. . အဆုံးသတ်ပါစေတော့၊ ကြီးမေ ကျေနပ်တာတစ်ခုက သမီးကို သိပ်ချစ်တဲ့လူတစ်ယောက် တကယ်ရှိနေလို့ပဲ. . ဘာအကြောင်းပြချက်နဲ့ သမီးဘဝကို ပုန်းကွယ်ပြီး နေနေရတာလဲဟင်'

အိုင်းရစ်က ဝေ့သီလာသောမျက်ရည်စတွေကို ပြန်သိမ်းရင်း-

'သူ့ဘဝရဲ့တန်ဖိုးရှိတဲ့အချိန်တွေ သမီးအတွက် ကုန်သွားမှာ စိုးတယ်၊ တကယ်တော့ သမီးဘဝဟာ သူနဲ့မထိုက်တန်တော့ပါဘူး ကြီးမေရယ်'

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



'သူ့ခမျာ သမီးပြန်လာတဲ့အထိ စောင့်မယ်ဆိုပြီး ခုချိန်ထိ သမီးနေခဲ့တဲ့အိမ်ကြီးမှာ ကြီးမေနဲ့အတူရှိနေခဲ့တာ၊ သမီးစိတ်မဆိုးဘူးဆိုရင် ကြီးမေ တစ်ခုမေးမယ်နော်၊ အနားသတ်လေးဟာ ခမ်းနားရဲ့ရင်သွေးမဟုတ်လား'

အိုင်းရစ်က ခေါင်းညိတ်ပြသောအခါ ဒေါ်လှမေ ရင်ထဲတွင် ပြောမပြတတ်အောင် ဝမ်းသာသွားခဲ့သည်။

'ဒီလောကမှာ သူ့သမီးလေးတစ်ယောက်ရှိတယ်ဆိုတာ သူ လုံးဝ မသိခဲ့ဘူး ကြီးမေ. . ကြီးမေလည်း မသိသလိုနေပေးပါ၊ ကျေးဇူးပြုပြီး သူ့ကို လုံးဝမပြောမိပါစေနဲ့. . နော်. . ကြီးမေ. . နော်'

သူတို့ရဲ့ပတ်သက်မှုပမာဏ၊ ထားရှိခဲ့ဖူးတဲ့သံယောဇဉ်တွေကို မသိမမြင်ခဲ့ဘဲနဲ့တောင် သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ထိ ငဲ့ညှာတယ်. . ချစ်တယ်ဆိုတာ ဒေါ်လှမေ သိသွားခဲ့ပြီဖြစ်သည်။

ဟိုးပိစိကွေး ကလေးငယ်လေးဟာ ခုတော့ သိပ်ကိုလှတဲ့ မိန်းမလှလေး ဖြစ်နေခဲ့ပြီလေ. .

'သမီးက မပြောစေချင်ပေမယ့် ကြီးမေက သားလေးကို သနားလှပါပြီကွယ်. . သူ့ဘဝလေးက သိပ်ပြီး အထီးကျန်ဆန်လွန်းတယ်. . သမီးတို့သားအမိ ကြီးမေနဲ့လိုက်ခဲ့ကြစမ်းပါကွယ်'

*ဆောင်းညပြာသိုစာပေ*



'မဖြစ်နိုင်လွန်းလို့ပါ ကြီးမေရယ်'

မမြလေးသမီးက မမြလေးလိုပင် ခေါင်းမာလွန်းလှသည်။

'ပြန်မလိုက်ချင်တဲ့ အကြောင်းရင်းက သမီးမိဘတွေကို စိတ်နာလို့ မဟုတ်လား'

'ကြီးမေက ဘယ်လိုလုပ်ပြီး သိနေတာလဲ'

'သား. . ခမ်းနားက ပြောပြတာ. . သမီးဒိုင်ယာရီစာအုပ်လေး သူ အမြဲဖတ်တယ် သိလား. . သူ့အနားမှာ ကြီးမေပဲ ရှိတော့ ကြီးမေက သူ့ရင်ဖွင့်ဖော် ဖြစ်လာတာပေါ့၊ သမီးအမေကိုသတ်တဲ့ တရားခံက ငြိမ်းမိုးပဲ သမီး. . တကယ်တော့ သူက သမီးအဖေရင်း မဟုတ်ဘူး၊ သမီးရဲ့ဦးလေး. . သမီးအဖေ ကိုငြိမ်းနွေက သမီးမွေးတဲ့နေ့မှာပဲ ဆုံးသွားတာ. . ဩော်. . လူယုတ်မာတွေ. . ခုတော့လည်း ထောင်ထဲမှာပဲ ဘဝဆုံးရတော့မယ်လေ၊သူတို့လင်မယားနှစ်ယောက်လုံးက လောဘဇောတိုက်ပြီး မကြံစည်အပ်တာကိုကြံစည်ခဲ့ကြတယ်၊ အဲဒီနေ့က ကြီးမေ သမီးလေးဆီ လိုက်လာခဲ့သေးတယ်. . ~မ်းမှာ ကျောက်တုံးနဲ့တိုက်မိပြီး အရိုးအက်သွားလို့ သမီးဆီ အချိန်မီရောက်မလာနိုင်တော့ဘူး၊ သမီးလေး ကျောင်းလာမတက်တော့ဘူးဆိုတော့မှ ကြီးမေလည်း စိတ်ပူပြီး ရဲစခန်းမှာ သွားတိုင်လိုက်တာ၊ သိလားလေ. . . သူတို့ယုတ်မာတော့မယ်ဆိုတာ'

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ကမ်းကုန်အောင် ယုတ်မာတဲ့အဖေမျိုးကို မာမီဘာလို့ရှာပေးခဲ့တာလဲဆိုပြီး အပြစ်မတင်ချင်တော့ပါ။ မာမို့ကိုယ်၌က အသက်ပေးသွားခဲ့ရပြီပဲလေ. .

'ကြီးမေနဲ့သူ ဘယ်လိုတွေ့ကြတာလဲဟင်'

'ဒီအိမ်ကြီးကို ကြီးမေ ထိန်းသိမ်းခွင့်ရခဲ့တယ်လေ. . ဒါပေမယ့် သမီးလေး မရှိတဲ့အရပ်မှာ မနေချင်တာနဲ့ အိမ်ပိတ်ပြီး ကိုယ့်နေရပ် ကိုယ်ပြန်သွားခဲ့တာ၊ ခမ်းနားက ကြီးမေကို မတွေ့တွေ့အောင်လိုက်ရှာပြီး သမီးအကြောင်းတွေ ပြောပြခဲ့တယ်. . သမီးကို သနားလို့ ကြီးမေဖြင့် ငိုလိုက်ရတာကွယ်. . သူက သမီးကိုရှာပြီး ပြန်ခေါ်ခဲ့မယ်. . အဲဒီအိမ်မှာပဲ ပြန်စောင့်ရအောင် ပြောလို့ ကြီးမေ့လိုက်လာခဲ့တာ ခုချိန်ထိဆိုပါတော့. . ဒီနေ့ ငါ့သမီးလေးသာ လှမ်းမခေါ်ရင် ကြီးမေ သမီးကို မှတ်မိမှာမဟုတ်ဘူး'

ခမ်းကို သနားလိုက်တာ။ သူ့စိတ်တွေ ဘယ်လောက်ပင်ပန်းနေ့ရှာပြီလဲ။ ဘန်ကောက်ကို မကြာခဏသွားပြီး သူမကို လိုက်ရှာနေတဲ့ ခမ်း။ အိုင်းရစ်က စိမ်းကားနေတာမဟုတ်ဘူး၊ ပြတ်သားခဲ့တာ။ ကိုယ့်အတိတ်ကြောင့် သမီးလေးကို သို့လောသို့လောအထင်မခံနိုင်။ ထို့ကြောင့် မိခင်မေတ္တာကို နှစ်ဆတိုးပြီးကာရံပေးခဲ့သည်။ ခက်တာက သမီးလေးအနားသတ်သည် အမေလိုပင် ဖခင်မေတ္တာ





ကို ငတ်မွတ်နေသူတစ်ဦးဖြစ်နေသည်။

'ကဲ. . မနက်ဖြန်ကျရင် ဒီနေရာမှာပဲ တွေ့မယ်နော် သမီး။ ကြီးမေ ပျောက်နေလို့ ကောင်လေး လိုက်ရှာနေဦးမယ်'

'သူ့ကို သမီးကိုယ်စား စောင့်ရှောက်ပေးပါ ကြီးမေရယ်'

'သူ့ကျတော့ ပုန်းနေပြီးတော့ ဟင်း. .'

ကြီးမေက ချစ်စနိုးလေး ကျီစယ်လာသည်။ မိုးကုပ်စက်ဝိုင်းက လိမ္မော်ရောင်နီနီလေး ခြယ်လာပြီပဲ. . နေဝင်သွားပြန်ပြီပေါ့. .

အိုင်းရစ်သည် သမီးလေးလက်ကိုဆွဲပြီး သူမ တည်းခိုနေသည့် 'ရွှေစည်သည်'တည်းခိုရိပ်သာဆီသို့ ပြန်လာခဲ့သည်။

ရင်ထဲမှာ ခံစားချက်နှစ်မျိုး ဒွန်တွဲပြီး ဖြစ်ပေါ်လာသည်။ တစ်ခုက ထိထိခိုက်ခိုက်ကြီးကို ဝမ်းနည်းနေပြီး နောက်တစ်ခုက ဒီအရပ်မှာ ခမ်းရှိနေတဲ့အတွက် ကြည်ကြည်နူးနူးလေး ခံစားလိုက်ရသည်။

✦



www.burmeseclassic.com

www.burmeseclassic.com

ခမ်းနားသည် ကမ်းခြေစောင့်ကျောက်တုံးကြီးတွေဆီကို တဝုန်းဝုန်းရိုက်ပုတ်နေသော လှိုင်းလုံးကြီးတွေ ကြည့်ပြီး အိုင်းရစ်ကို ပိုလွမ်းလာမိသည်။ ဒီလိုပဲ တမှိုင်မှိုင်တတွေတွေဖြစ်နေသော သူ့ကို ဒေါ်လှမေ သနားလှပြီ။

ကတိတစ်လုံးကို လွယ်လွယ်နဲ့ဖျက်တတ်တဲ့လူသာဆို အားလုံးကို ဖွင့်ပြောပြမိမလားမသိ။

ခက်တာက လှမေဆိုသော မိန်းမသည် ငယ်စဉ်ကတည်းက ကတိတစ်လုံးကို တန်ဖိုးထားတတ်သောမိန်းမ ဖြစ်နေပြန်သည်။

'သားလေး ခမ်း. . နေမကောင်းချင်ဘူးဆို. . ကြီးမေ ဆန်ပြုတ် ပြုတ်လာတယ်ကွဲ့. . ပူပူလေး သောက်လိုက်ဦး၊ ဒီမှာ ငါးရံ့ခြောက်ဖုတ်. . မွှေးတယ် မဟုတ်လား၊ အားရှိအောင်စား. . ပြီးရင် ဆေးသောက်ဦး'





သူ ဒီမှာရှိနေစဉ်ကာလတစ်လျှောက် ဒေါ်လှမေ သူ့ကို စောင့်ရှောက်ခဲ့သည်။ ပြုစုခဲ့သည်။

ဂရုတစိုက် ရှိပြီး အမေနှင့်မခြား သံယောဇဉ်တွေ ပေးခဲ့သည်။

'ကျေးဇူးတင်ပါတယ်ဗျာ. . ဒါကြောင့်လည်း အိုင်းရစ်က သူ့ဘဝမှာ သူ့ကြီးမေကို ချန်ထားခဲ့လို့မရတာ နေမှာ'

အနောက်ဘက်က တောင်တွေဆီကို နေလုံးကြီး ဝင်သွားတော့ ခမ်းက ပင့်သက်ရှိုက်ပြီး

'ဒီနေ့လည်း သူ မလာတော့ဘူးပေါ့နော်'

ဟု လေးတွဲ့စွာပြောသည်။

အမှောင်ထုက ကြီးစိုးလာတော့ ကြီးမေက မီးခလုတ်တွေ လိုက်ဖွင့်လိုက်သည်။ ပြီးတော့ သူ့ကို စချင်လာတာနှင့်. .

'သားခမ်းဆီမှာ သမီးလေးတစ်ယောက်လောက်ရှိရင် သိပ်ကောင်းမှာ. . သမီးတွေက အဖေချစ်တွေဆိုတော့ တီတီတာတာနဲ့ ချွဲနွဲ့နေရင် ခုလိုမျိုး အထီးကျန်မှာ မဟုတ်တော့ဘူး'

'လိုချင်တာပေါ့ ကြီးမေရယ်. . ကျွန်တော်လေ အိုင်းရစ်နဲ့တူတဲ့ သမီးလေးတစ်ယောက် တကယ်လိုချင်နေတာ. . ဒါပေမယ့် ခုတော့ သမီးမပြောနဲ့. . အမေလုပ်မယ့်သူတောင် ဘယ်ဆီရောက်မှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိသေးဘူး. . သူမို့ ဇာတ်မြှုပ်ပြီး နေရက်တယ်ဗျာ. . ဘန်ကောက် တစ်မြို့လုံး မြေလှန်ပြီး ရှာတာတောင် မတွေ့သေးဘူး. . ကျွန်တော် ဘာဆက်လုပ်ရမလဲ ကြီးမေ'

'ဘာမှ ဆက်မလုပ်နဲ့. . သူ ဒီမှာရှိနေတယ်. . သွားခေါ်လိုက်'ဆိုပြီး ပြောပစ်လိုက်ချင်သည်။ ပြောလို့မဖြစ်သေးဘူး လှမေရေ. . နင့်စိတ် နင် ထိန်းစမ်း. . တော်ကြာ သမီးလေး စိတ်ဆိုးနေဦးမယ်။

✦

ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



ခုတစ်လော ကြီးမေတစ်ယောက် ထူးဆန်းနေသည်။

မနက်ဆို ထမင်းဟင်းချက်ပြုတ်ပြီး ပျောက်ပျောက်သွားသည်။ ရှိတာမှ လူနှစ်ယောက်တည်း. . အိမ်အကျယ်ကြီးထဲမှာ သူတစ်ယောက်တည်း ကျန်ကျန်နေခဲ့တော့ ငြီးငွေ့လာသည်။

တစ်ရက်လောက် ကြီးမေကို စသည့် အနေဖြင့် သူ့နောက်ကို တိတ်တိတ်လေး လိုက်ချောင်းဦးမှ၊ ဟုတ်တယ် သူတစ်ယောက်တည်း ယောက်ယက်တွေခတ်နေတာ၊ ဘာဖြစ်နေမှန်းကို မသိဘူး။

✦



www.burmeseclassic.com

www.burmeseclassic.com

ခမ်းသည် သူ ကြံစည်ထားသည့်အတိုင်း ကြီးမေ ထွက်သွားသည်နှင့် အနောက်မှ အသာကလေးကပ်လိုက်သွားသည်။ ပြီးတော့ ရုပ်ရှင်တွေထဲမှာ ပါသည့်အတိုင်း အုန်းပင်တွေနဲ့ကွယ်ကွယ်ပြီး လိုက်ချောင်းရတာ ပျော်ဖို့တောင် ကောင်းသေးသည်။

ရင်ထဲမှာ အထိတ်ထိတ် အလန့်လန့်နှင့် ဖီလင်အသစ်တောင် ရသေး. . ကြီးမေကတော့ သူလိုက်လာတာမသိဘဲ ချိုင့်လေးဆွဲပြီး သူ့ဝသီအတိုင်း လမ်းကို မှန်မှန်လျှောက်ပြီး သွားနေသည်။ ဘေးဘီဝဲယာ လှည့်မကြည့်၊အနောက်ပြန်လှည့်မကြည့်သည့် အဘွားကြီးမို့ လိုက်ချောင်းတဲ့သူက ပြန်အားနာနေရသည်။

ရွာထဲက သူ့အသိတစ်ယောက်ယောက် နေမကောင်းဖြစ်နေလို့များ သတင်းမေးရင်း ဟင်းသွားပို့တာလား မသိဘူး။

ဒါပေမယ့် လိုက်လာပြီးမှတော့ မထူးတော့ပါဘူးလေ. .

ကြီးမေက သူထင်သလိုမဟုတ်ဘဲ ခြံရိပ်သာတစ်ခုထဲ





သို့ ဝင်ချသွားသည်။ 'ရွှေညော့်သည်'ဆိုပဲ. . သူ ဆက်ဝင်လိုက်လို့မှ မကောင်းတော့တာ. . ခြံစည်းရိုးနဲ့ကွယ်ပြီး ကြည့်နေလိုက်မိသည်။

ကြီးမေကိုတွေ့တာနှင့် နှစ်နှစ်ခွဲလောက်ရှိမည့် ကလေးမလေးတစ်ယောက် ပြေးထွက်လာသည်။ ဘယ်လို ပတ်သက်နေမှန်းတော့ သူလည်း မသိ။

ထို့နောက်. . အဲဒီနောက်မှာတော့ ကော်ဖီရောင်ဆံနွယ်ရှည်ရှည်လေးဖြင့် ပန်းနုရောင်မြန်မာလက်ရှည်ရင်ဖုံးပုံဆန်းလေးဝတ်ထားပြီး အနက်ခံပေါ်တွင် ရောင်စုံပန်းပွင့်ကြီးများ ပါသောထဘီကို သပ်ရပ်ကျော့ရှင်းစွာ ဝတ်ဆင်ထားသည့် မိန်းမ တစ်ယောက်၊ အဝေးက ကြည့်တာတောင် ထင်းနေအောင်လှလေသည်။

သူ့မြင်ကွင်းက ပိုပြီးနီးလာသလို ပိုပြီးရှင်းလာသည်။ အာမေဋိတ်သံက ရင်ထဲမှာ ဖြစ်ပေါ်နေသည့် အံ့ဩစိတ်နှင့်ထပ်တူကျပြီး ထွက်လာသည်။

လေတိုက်လိုက်တိုင်း ဆံနွယ်ခွေခွေလေးတွေ လွင့်သွားပုံက ပန်းချီဆန်လွန်းသည်။ ဖူးပြီး မှုန်နေအောင် လှသည့် မျက်နှာလေးကို သုံးနှစ်ကျော် လွမ်းခဲ့သမျှ အတိုးချပြီးကြည့်နေမိသည်။ မျက်တောင်ခတ်ဖို့တောင်မှ မေ့လျော့နေခဲ့မိသည့်အဖြစ်. .

ဒါဖြင့် ဒီကလေးလေးက သူမနဲ့ ဘယ်လိုပတ်သက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ. . အုံ့ဩစရာပဲ. . အဲဒီအတွေးနှင့်တင် ရင်ခေါင်းထဲမှာ နင်လာသည်။ အချိန်နဲ့တွက်ကြည့်ရင် သူနဲ့ဝေးကွာခဲ့တဲ့ သုံးနှစ်ကျော်အတွင်းမှာ အိုင်းရစ် အိမ်ထောင်ကျသွားတာလား. .

ဒီလောက်တောင် အပြောင်းအလဲမြန်တဲ့မိန်းမမျိုးလား. . လွမ်းတာက သတ်သတ်၊ ရင်ထဲမှာ နာ့လက်စရှိတဲ့ ဒဏ်ရာက သတ်သတ် ဖြစ်နေသည်။

ကြီးမေကို မေးကြည့်ရင်ကော တိကျတဲ့အဖြေတစ်ခု ရပါ့မလား. . လားပေါင်းများစွာနှင့် ပူလောင်နေရပြီ. . တစ်ခုခုတော့ တစ်ခုခုပါပဲ. . သူ မသိစေချင်လို့ ဖုံးကွယ်ထားပုံထောက်တော့ ဒါဟာ ကျိန်းသေပေါက် သူနှင့်ပတ်သက်တဲ့အကြောင်းအရာပဲ ဖြစ်ရမည်။ မတွေ့တာကြာပြီဖြစ်တဲ့ သူမမျက်နှာလေးကို ငေးမောရင်း အတိတ်ကာလတွေမှာ ကြည်နူးခဲ့ဖူးတာတွေ တရေးရေးမြင်ယောင်လာသည်။

ဖြစ်နိုင်ရင် ခုပဲ ပြေးဖက်ပြီး ဘာလို့ထားခဲ့တာလဲဟု မေးလိုက်ချင်သည်။

✦



အိမ်ပြန်ရောက်တဲ့အခါ ကြီးမေကို မသိမသာ အကဲခတ်ကြည့်မိသည်။

ကြီးမေက ဟန်မပျက်ပင် သူ လုပ်စရာရှိတာတွေ တစ်ခုပြီးတစ်ခု လုပ်သွားသည်။

ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး။

မြန်မာပြည် မပြန်ချင်တော့ဘူးဆိုတဲ့ အိုင်းရစ်က ဘာလို့များ တိတ်တဆိတ်ပြန်လာရတာလဲ. . ပြီးတော့ သူမအိမ်မှာ သူရှိနေမှန်းသိရက်သားနဲ့ လာမတွေ့တာ ပိုပြီးထူးဆန်းသည်။

ညကျတော့ ကြီးမေကို ခေါ်ပြီး သူ မှာစရာရှိတာတွေကို မှာသည်။

သိပ်သိချင်ပေမယ့် ဖွင့်တော့မမေးဖြစ်။

'ကြီးမေ. . မနက်ဖြန်အတွက် ပုစွန်ထုပ်အကောင်ကြီးတွေ မီးကင်ပြီး သုပ်ဗျာ. . ပြီးတော့ ကန်စွန်းရွက်ကို ရေပ်သီးမှိုမ်းများ



www.burmeseclassic.com

www.burmeseclassic.com



များနဲ့ စိမ်းစိမ်းကလေးကြော်ပေး. . ဟင်းချိုက ကြာရိုးဟင်းချို ချက်မယ်'

'ဟင်. . .'

ဒေါ်လှမေ အရမ်းအံ့ဩသွားသည်။

ခမ်းနား ရွတ်ပြသွားတဲ့ဟင်းတွေက သမီးလေး သိပ်ကြိုက်တဲ့ဟင်းတွေ ဖြစ်နေသည်။

'ဒီဟင်းတွေက သမီးလေးအကြိုက်တွေပဲ'

ခမ်းက ဒေါ်လှမေ၏မျက်နှာကို လှေ့လာ အကဲခတ်နေသည်။

'ဟုတ်တယ်. . ကျွန်တော် ဒီနေ့ သူ့ကို သိပ်သတိရလို့'

အခြေအနေတွေ ဒီထက်ပိုပြီးရှုပ်ထွေးမသွားရင် ကောင်းမှာ. . နှီးမှီ သူတို့နှစ်ယောက်ကြားထဲမှာ အနေရခက်လှသည်။

ထိုစဉ် ဘယ်လိုမှမျှော်လင့်မထားဘဲ အပြင်ဘက်တွင် လေပြင်းတွေ ကျပြီး လေတိုက်နှုန်းပြင်းသဖြင့် သစ်ပင်တွေ၊ အုန်းပင်တွေ ယိမ်းထိုးနေကြသည်။ ကောင်းကင်ကြီးက နီရဲနေသည်။ ခမ်းသည် တံခါးတွေ လိုက်ပိတ်ရင်း ပင်လယ်ပြင်ကိုကြည့်မိတော့ ရေမျက်နှာပြင်က သိသိသာသာမြင့်တက်နေပြီး လှိုင်းရိုက်သံတွေ တဝုန်းဝုန်းဖြင့် ကြောက်ခမန်းလိလိပင်. .





ဒေါ်လှမေသည် မျက်နှာအမူအရာ ချက်ချင်း ပြောင်းလဲသွားသည်။ တစ်ခုခုကို စိုးရွံ့ပြီး အထိတ်တလန့်ဖြစ်နေပုံရသည်။ ပါးစပ်မှလည်း ပွစိပွစိဖြင့် ဘာတွေပြောနေမှန်းမသိ။ ခမ်းက မသိချင်ယောင်ဆောင်ပြီး

'ကြီးမေ ဘာဖြစ်လို့လဲ'

'သမီးလေး. . သမီး ကြောက်နေရှာမှာ၊ သူ ငယ်ငယ်လေးကတည်းက ဒါမျိုးဆို သိပ်ကြောက်တာ'

'သူမှ ဒီမှာမရှိတာဘဲဗျာ'

ဒေါ်လှမေက ငယ်သံပါအောင် အော်လေသည်။

'ဘာလို့မရှိရမှာလဲ. . သူ ဒီမှာ ရှိတယ်၊ သူ့သမီး. . အဲ. . မင်းရဲ့သမီးလေးလည်း ရှိနေတဲ့ဥစ္စာ. . သွားခေါ်ချေပါကွာ. . မြန်မြန်သွားခေါ်လာခဲ့ပါ'

နောက်ဆုံးတော့ ကြီးမေ ဖွင့်ပြောလာခဲ့ပြီပဲ. .

'ဟိုနေ့က တွေ့ခဲ့တဲ့ကလေးက ကျွန်တော့်သမီးလေး ဟုတ်လား. .'

'ဟုတ်တယ် သား'

လေပြင်းတွေ တိုက်နေချိန်. . သူ့နှလုံးသားလည်း လေမုန်တိုင်းနှင့်အတူ လှုပ်ရှားယိမ်းယိုင်ကုန်ပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရစ်နဲ့သမီးလေး ကြောက်နေပြီပေါ့. .

သစ်ပင်ကြီးတွေခများလေပြင်းရဲ့ကြမ်းတမ်းစွာ ဆွဲကိုင်လှုပ်ခြင်းကိုခံနေရပြီ။ ခမ်းနားသည် ဘာကိုမှဂရုမပြုအားဘဲ သောင်ပြင်ပေါ်မှာ အားစိုက်ပြီး ပြေးနေမိသည်။

သူ့ဦးနှောက်. . သူ့အသိအာရုံထဲမှာ အိုင်းရစ်နှင့် သမီးလေးသာ ရှိသည်။

လေက ပိုပြင်းလာသလို ပင်လယ်ပြင်မှာ လှိုင်းလုံးကြီးတွေကလည်း ကြောက်ဖို့ ကောင်းလှသည်။ မမျှော်လင့်ဘဲ ပြေးနေသောသူ့ရှေ့သို့ သစ်ပင်ကြီးတစ်ပင်လဲပြိုကျလာသည်။ တကယ့်ကို သီသီကလေး. .

'ခမ်း'

လေသံ လှိုင်းသံတွေ ကြားထဲမှာ သွေးပျက်မတတ် အော်လိုက်တဲ့ အသံလေး. . သူ့နားထဲမှာ ပဲ့တင်ထပ်သွားသည်။

'ခမ်း သတိထား'

ခမ်းသည် လဲကျနေသောသစ်ပင်ကြီးကိုပတ်ရှောင်ပြီး သူ့ထံပြေးလာနေသော အိုင်းရစ်ဆီ တစ်ဟုန်ထိုးပြေးသွားမိသည်။

အိုင်းရစ်က ပဝါဖြင့်ပတ်ပြီး ချီလာသောသမီးလေးကို

'သမီး. . ဟိုမှာ သမီးရဲ့ဖေဖေ'





ဟု ပြောလိုက်လျှင် ကလေးမျက်နှာမှာ ကြောက်လန့်နေသည့်ကြားမှ အားတက်သွားပြီး ဝင်းလက်သွားသည်။

'ဖေဖေကြီး'

'သမီး. . သမီးလေး မကြောက်နဲ့နော်. . ဖေဖေ လာပြီ'

ဟောဟဲရှိုက်နေသည့်ကြားမှ သမီးဇောဖြင့် စိတ်ပင်ပန်းမှုက ပိုနေသည်။ အိုင်းရစ်က သမီးနှင့်အတူ သူ့ရင်ခွင်ထဲသို့ တိုးဝင်လာသည်။

ခမ်းသည် အိုင်းရစ်ထံမှ သမီးကလေးကို လှမ်းယူလိုက်ပြီး သမီးရဲ့ပါးဖောင်းဖောင်းလေးကို မျက်ရည်များစွာဖြင့် ချစ်မြတ်နိုးစွာ နမ်းရှိုက်မိသည်။

သူတို့သားအဖနှစ်ယောက်ကို ကြည့်ပြီး ချုံးပွဲချငိုမိသူက အိုင်းရစ်ပင်။ ခမ်းက အိုင်းရစ်နဖူးပြင်လေးကို ငုံ့နမ်းပြီး ပခုံးကို သိုင်းဖက်ကာ

'အိုင်းရစ် ဒီမှာ သမီးအတွက် အန္တရာယ်အရမ်းများတယ်၊ အိမ်ကိုရောက်အောင် ပြေးကြမယ်၊ လာ. . ဝမ်း. . တူး. . သရီး'

ခုနတုန်းက ကြောက်လို့ တဆတ်ဆတ်တုန်နေသော သားအမိနှစ်ယောက်သည် အကာအကွယ်ပေးမည့်လူတစ်ယောက် အနားခနဲပေါ်လာသောအခါ ကြောက်စိတ်တွေပျောက်ကွယ်သွားပြီး လေ



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်နေသောသောင်ပြင်တစ်လျှောက် ခိုးခိုးခစ်ခစ်ရယ်သံလေး တွေ ဝေစည်ကာ အသည်းအသန်ပြေးနေကြသည်။

'အိမ်ရောက်ရင် ဘာလုပ်မလဲသိလား'

'ကော်ဖီလေးတစ်ခွက်တော့ တိုက်ပေါ့'

ခမ်းက လေသံကိုမြှင့်တင်ကာ အကျယ်ကြီးအော်ပြောလေ သည်။

'သုံးနှစ်ကျော် ပစ်ထားခဲ့လို့ ဒဏ်ခတ်မလို့ သိပြီလား'

'ခမ်းနော် တိုးတိုးပြောပါ၊ ဟိုမှာ သမီးလေးလန့်သွားပြီ'

'sorry သမီးရယ် sorry ဖေဖေက မေမေကြီးကို အရမ်း လွမ်းနေလို့ပါ'

အနားသတ်လေးက ဘာတွေ သဘောကျနေမှန်းမသိ. . တခစ်ခစ်ရယ်နေလေသည်။

မူပိုင်နှင်းဆီ

21:05PM(Sunday),

13th, March, 2011




စာရေး ဆရာမ

မူပိုင်နှင်းဆီ ၏ ထွက်ရှိပြီး စာအုပ်များ



ပင်လယ်ရေချိုး နွေဟန်း

ဒါရိုက်တာ 2009

ပူးစာ လူးလာ ဒုက္ခာလုံမရ

စပ်မထိတဲ့ဆိပ်

မေသုံးဆော

ညီ..ကိုယ်..မိုက်

နောက်ကြည့်အစိတ်... ရှေ့ကြည့်လေးဆယ်...

ပွဲလွှမ်း

ပင်လယ်ရေမျက်နှာပြင်ထက်က မှန်ချပ်ကို

လက်မှတ်

ပုလင်းကွဲ

အားအားယားယား

ကျွန်တော်နှင့်ပါကာလမယ်များ

Like MU PAING ROSE on Facebook.

BURMESE CLASSIC .com

www.burmeseclassic.com